# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမျှ မငြိမ်းကုန်၊ ရန်တုံ့မမူ သည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘောတစ်ခု ဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။

**ယမကဝဂ်(ဓမ္မပဒ-၅)**


၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လကွယ်နေ့ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာ ၂၇ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၉)၊ အမှတ်(၀၂၇)


# (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်တွင် သွင်းကုန်ကားဝင်ရောက်မှု များပြားလာ

**မူဆယ် အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့နယ် မိုင်းယု (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်တွင် သွင်းကုန်ကား ဝင်ရောက်မှု များပြားလာကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပို့ကုန်အဖြစ် ယခင်က သဘာဝဓာတ်ငွေ့၊ သကြား၊ ဆန်၊ ဒီဇယ်၊ ပြောင်း၊ ပဲတီစိမ်း၊ ရော်ဘာ၊ ကြက်သွန်နီ၊ ကဏန်း၊ ငါးရှဉ့်၊ ကျောက်မျက်ချော၊ ဆန်ကွဲ၊ ဖရဲ၊ သခွား၊ သရက်နှင့် ရာသီပေါ်သီးနှံ အမျိုးမျိုး၊ ကျွဲအရှင်၊ နွားအရှင်၊ ဆိတ်အရှင်စသည့် ကုန်ပစ္စည်းများ တင်ပို့လျက်ရှိပြီး တရုတ်နိုင်ငံဘက်မှ သွင်းကုန်အဖြစ် အိမ်ဆောက်ပစ္စည်းများ၊ ယာဉ်ယန္တရား၊ သံထည်ပစ္စည်းများ၊ ကော်ပိုက်လုံး၊ လူသုံးကုန်များ၊ ကလေးကစားစရာအရုပ်များ၊ စက်ဘီးနှင့် မော်တော်ဆိုင်ကယ်များ၊ ဓာတ်မြေဩဇာ၊ မြေဆီ၊ အသီးအမျိုးမျိုး စသည့် ကုန်ပစ္စည်းများ တင်သွင်းမှုရှိပြီး ပို့ကုန်သွင်းကုန် နှစ်ခုပေါင်း ကုန်တင်ကားအစီးရေ ၁၀၀၀ ကျော်ခန့် အဝင်အထွက်ရှိခဲ့ကြောင်း သိရသည်။

ယခုနောက်ပိုင်း တရုတ်နိုင်ငံက မြန်မာနိုင်ငံဘက်မှ ပို့ကုန်တချို့ကို ကန့်သတ်ပိတ်ပင် တားဆီးထားမှုများ ရှိနေသောကြောင့် လက်ရှိအနေအထားမှာ ပို့ကုန် ပြောင်း၊ နှမ်းမျိုးစုံ၊


*စာမျက်နှာ ၄ ကော်လံ ၁* ◆




မူဆယ်မြို့နယ် မိုင်းယု (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်ကို တွေ့ရစဉ်။

## တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) နှစ်ပတ်လည်နေ့ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၂၆**

၂၀၁၉ ခုနှစ်၊ အောက်တိုဘာ ၂၈ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)၌ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပမည်ဖြစ်ရာ အဆိုပါ အခမ်းအနားကျင်းပပုံများကို ယင်းနေ့မွန်းလွဲ ၁ နာရီ ၄၅ မိနစ်မှ စတင်ပြီး မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း (NRC)၊ MITV၊ MNTV၊ Up to Date၊ Channel 9၊ မြန်မာ့အသံရေဒီယို၊ MIR ရေဒီယို၊ Myanmar President Office Facebook Page၊ Myanmar State Counsellor Office Facebook Page၊ MOI Webportal Myanmar Facebook Page၊ MRTV Facebook Page နှင့် Myanmar Digital News Facebook Page တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည် ဖြစ်ပါကြောင်း သိရှိရသည်။

သတင်းစဉ်

## ကလေးစာပေ၊ ကလေးများအနာဂတ်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု


ဆောင်းပါး - စာမျက်နှာ - ၆


## အီရတ်နိုင်ငံဘက်သို့ ထွက်ပြေးလာသည့် ဆီးရီးယားနိုင်ငံသားများ သိသိသာသာ များပြားလာ


နိုင်ငံတကာ - စာမျက်နှာ - ၁၄





# နီကိုတင်းအစွဲအလမ်း၏ နောက်ထပ်ပုံစံသစ်များ

ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်း၊ ဆေးငုံခြင်းတို့က စွဲမိလျှင် ဖြတ်ရခက်ကြသည်။ စွဲကြရသည့်အကြောင်းရင်းကလည်း ဆေးရွက်ကြီးတွင်ပါသည့် နီကိုတင်းဓာတ်၏ အာနိသင်ကြောင့် ဖြစ်သည်။ အချိန်တန်လျှင် မသောက်ရမနေနိုင်၊ မစားရ မနေနိုင်၊ မငုံရ မနေနိုင်ခြင်းတို့မှာ နီကိုတင်းကို စွဲလမ်းနေကြခြင်းဖြစ်သည်။ စွဲလမ်းစေသည့် နီကိုတင်းက လူကိုအန္တရာယ်ပေးသည်ကို အသိပေး၊ ပညာပေးနည်းလမ်းအမျိုးမျိုးတို့ကြောင့် သိကြရသည့်တိုင်အောင် အစွဲအလမ်းကို မစွန့်လွှတ်နိုင်ကြ။

နီကိုတင်းက အာရုံကြောနှင့် ကြွက်သားဆဲလ်များကို ထိခိုက်စေသည်။ ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်စေသည်။ ဆေးရွက်ကြီးမှ နီကိုတင်းကို ရယူကြရာတွင် အငွေ့ထွက်သောနည်းဖြစ်သည့် စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဆေးတံ၊ ပွတ်ချွန်း၊ ရေပြောင်းသောက်ရှုကြသည့်နည်းလမ်း၊ အငွေ့မထွက်သောနည်းဖြစ်သည့် ကွမ်းယာထဲတွင် နှပ်ဆေး၊ ဗမာဆေး၊ ဆေးပေါင်းထည့်စားသည့်နည်းနှင့် ဆေးငုံသည့်နည်းလမ်းများဖြင့် သုံးစွဲကြသည်။

ဆေးလိပ်သောက်ခြင်း၊ ဆေးပါသည့် ကွမ်းစားခြင်း၊ သူများသောက်သည့် ဆေးလိပ်ငွေ့ကို ရှူရခြင်းတို့ကြောင့် ဖြစ်တတ်သည့် ရောဂါများမှာ ခံတွင်း၊ လည်ချောင်း၊ အဆုတ်ကင်ဆာများအပါအဝင် ကင်ဆာအမျိုးမျိုး၊ နှလုံးသွေးကြောကျဉ်း၊ သွေးကြောပိတ်၊ ရုတ်တရက်နှလုံးခုန်ရပ်ခြင်း၊ ဦးနှောက်သွေးကြောပိတ် လေဖြတ်ခြင်း၊ အဆုတ်ရောင် အဆုတ်ပွခြင်း၊ ပြင်းထန်သည့်သွေးတိုးရောဂါ၊ ခြေပုပ်လက်ပုပ်၊ ပန်းသေပန်းညှိုးရောဂါတို့ဖြစ်စေပြီး ကိုယ်ဝန်ဆောင်မိခင်များတွင် ကိုယ်ဝန်ဆောင်ပျက်ခြင်း၊ လမစေ့ ပေါင်မပြည့်သော ကလေးမွေးခြင်း၊ ကလေးတွင် အင်္ဂါမပြည့်စုံခြင်း၊ ကလေးအသေမွေးခြင်းတို့ ဖြစ်ပွားနိုင်သည်။

ဆေးလိပ်သောက်ခြင်းနှင့် ကွမ်းစားခြင်းတို့ လျော့နည်းပပျောက်ရေး၊ ယင်းအမူအကျင့်များနှင့် ဆက်စပ်သည့်ရောဂါများ ဖြစ်ပွားမှုလျော့ချနိုင်ရေးတို့အတွက် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ၂၀၀၆ ခုနှစ်က ပြဋ္ဌာန်းခဲ့ရာ ဆယ်စုနှစ်တစ်ခုပင် ကျော်လွန်လာခဲ့ပြီဖြစ်သည်။ ယင်းဥပဒေအရ ဆေးလိပ်ဘူးများတွင် ဆေးလိပ်သောက်ခြင်းကြောင့် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်နိုင်စေကြောင်း သတိပေးစာတန်း၊ အဆုတ်နှင့်ပါးစောင်တို့တွင် ကင်ဆာရောဂါ ဖြစ်ပွားပုံများကဲ့သို့သော ဖော်ပြချက်များ ပါရှိရသည်။ တစ်ကမ္ဘာလုံးတွင်ပါ ဆေးလိပ်၊ ဆေးရွက်ကြီး သုံးစွဲမှုကို ထိန်းချုပ်လျှော့ချရန် အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းလာကြသောအခါ လောဘသားကုမ္ပဏီကြီးများက လူကို စွဲလမ်းစေသည့် နီကိုတင်းကို အခြားနည်းလမ်းများဖြင့် လူငယ်လူရွယ်များအတွင်း သုံးစွဲမှုပျံ့နှံ့လာစေရန် ကြိုးပမ်းလာကြသည်။ သို့ရာတွင် စီးကရက်၊ ကွမ်းယာတို့လို ဈေးပေါပေါနှင့် အောက်ခြေလူတန်းစားအထိ သုံးစွဲနိုင်သည့်ပုံစံမျိုးမဟုတ်တော့။ နီကိုတင်းကို အီလက်ထရွန်နစ်နည်းဖြင့် သုံးစွဲသည့်ပုံစံသို့ ပြောင်းသွားပြီး ခေတ်မီစတိုင်ကျသည့် ပုံစံအဖြစ် လူငယ်ထုအတွင်း ထိုးဖောက်ဝင်လာသည်။ နီကိုတင်းသာမက အခြားဓာတုပစ္စည်းများ၊ အနံ့အရသာများဖြင့် ထုတ်လုပ်ထားသည့် အီး-စီးကရက်အမျိုးမျိုးတို့ကို ကျပ်သောင်းဂဏန်း၊ သိန်းဂဏန်းတန်ဖိုးများဖြင့် ဈေးကွက်ထဲတွင် ကျယ်ကျယ်ပြန့်ပြန့်ဝယ်ယူ၍ ရရှိနိုင်နေကြသည်။ တရုတ်၊ မလေးရှား၊ ဂျပန်၊ ဗြိတိန်၊ အမေရိကန်ကုမ္ပဏီထုတ် အီး-စီးကရက်တို့ကို ဈေးကြီးကြီးပေးဝယ်ကာ စတိုင်ထုတ်သုံးစွဲခြင်းဖြင့် ခေတ်မီသည်၊ အဆင့်အတန်းရှိသည်ဟု အတွေးအထင်မှားကြသူများတွင် မိန်းကလေးများ ရှေ့တန်းက ပါနေကြသည်။ Water pipe၊ Shisha စသည့်အငွေ့ရှူကိရိယာများကို သုံးစွဲခြင်းသည် စီးကရက်သောက်ခြင်းကဲ့သို့ အန္တရာယ်မရှိကြောင်း အယူအဆအမှားများနှင့်အတူ ရေပြောင်းနှင့် ရှီရှားတို့ကို သုံးစွဲမှု အလေ့အထ ဖြစ်ထွန်းလာနေသည်။

ဆေးလိပ်၊ စီးကရက်၊ ကွမ်းယာနှင့် နှပ်ဆေးတို့က ဈေးပေါခြင်းနှင့် နေရာတကာတွင် ရနိုင်ခြင်းတို့ကြောင့် သုံးစွဲမှုများပြားပြီး ပြည်သူ့ကျန်းမာရေးကို ထိခိုက်လာသည့်အခြေအနေတွင် ဥပဒေပြဋ္ဌာန်းခြင်းနှင့်အတူ ဘက်ပေါင်းစုံမှ ဝိုင်းဝန်းထိန်းချုပ်ကာ လျှော့ချနိုင်ရေးအတွက် ကာလကြာရှည်ကြိုးပမ်းနေကြရသည်။ နောက်ထပ်အသစ်ပေါ်ပေါက်လာသည့် အီး-စီးကရက်နှင့် အီလက်ထရွန်နစ်သုံးအငွေ့ရှူကိရိယာများ၊ ရေပြောင်းကဲ့သို့ သော အသုံးအဆောင်များသည်လည်း နီကိုတင်း၏ ပုံစံသစ်များပင် ဖြစ်သည်။ လူငယ်လူရွယ်များအတွင်း အသိပညာပေးရေး၊ တားဆီးထိန်းချုပ်ကာကွယ်ရေးတို့ကို အချိန်နှင့်တစ်ပြေးညီ ထိထိရောက်ရောက် ဆောင်ရွက်ခြင်းဖြင့်သာ နောက်ထပ်ပြည်သူ့ကျန်းမာရေးဆိုင်ရာ ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာရောက်မည်ဖြစ်ပါကြောင်း။ ။

# နေပြည်တော်ရှိ ရှေးဟောင်းသမိုင်းဝင် စေတီခုနစ်ဆူ၌ စုပေါင်းကုသိုလ်ပြု

**နေပြည်တော် အောက်တိုဘာ ၂၆**

နေပြည်တော်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင်ဘုရားစေတီ ခုနစ်ဆူ၌ လက်လုပ်တောင်တောရတွင် တရားကျင့်ကြံအားထုတ်လျက်ရှိသည့် ယောဂီ ၇၀၀ ကျော်နှင့် ဓမ္မချစ်ခင်သူတော်စင်များ ပေါင်းစုပြီး တရားဘာဝနာ ရှုမှတ်ပွားများခြင်း၊ ပရိတ်တရားတော်များအား ရွတ်ဖတ်ခြင်းကို ယနေ့ နံနက် ၅ နာရီ မှ နေ့လယ် ၃ နာရီအထိ ပေါင်းစုကုသိုလ်ပြုကြရာ လက်လုပ်တောင် ဗောဓိဟိတကာရီ အဖွဲ့ခေါင်းဆောင် ဦးအောင်ဘိုဘိုက ယောဂီ ၇၀၀ ကျော်အတွက် စားစရိတ်၊ ခရီးစဉ် အစအဆုံး စရိတ်ငြိမ်းဒါနပြုလှူဒါန်းခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ လက်လုပ်တောင် ရွှေနန်းသွင်းစေတီတော်၊ နေရောင်ပြအင်းစေတီတော်၊ ဘုရားကိုးဆူ၊ စူဠာမုနိစေတီတော်၊ ဆုတောင်းရဆုတောင်းပြည့်စေတီတော်မြတ်အပါအဝင် စေတီခုနစ်ဆူတို့၌ အများပေါင်းစုကောင်းမှုပြုရခြင်း၏ ရည်ရွယ်ချက်များမှာ နေပြည်တော်အတွင်းရှိ သမိုင်းဝင်ရှေးဟောင်းဘုရားစေတီပုထိုးများတွင် စည်ကားလာစေလိုခြင်း၊ ဗုဒ္ဓမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူခဲ့သော တရားတော်များနှင့်အညီ ရွှင်လန်းချမ်းမြေ့စွာ နေ့စဉ်နေထိုင်တတ်ပြီး လောဘ၊ ဒေါသ၊ မောဟများနည်းကာ ကိုယ်စိတ်နှစ်ပါး အေးချမ်းကြစေလိုခြင်း စသည့်အသိတရားများ ရရှိစေရန်ဖြစ်ကြောင်း ကုသိုလ်ပြုပွဲဖြစ်မြောက်အောင် စီစဉ်လှူဒါန်း ဦးဆောင်သူ ဦးအောင်ဘိုဘိုထံမှ သိရသည်။



မင်းမင်းလတ်(မန်းတက္ကသိုလ်)

# ချင်းရိုးရာနှစ်သစ်ကူးပွဲတော်(ကောက်သစ်စားပွဲ)ဖလမ်းမြို့၌ စည်ကားသိုက်မြိုက်စွာကျင်းပ

**ဖလမ်း အောက်တိုဘာ ၂၆**

ချင်းရိုးရာ နှစ်သစ်ကူးပွဲတော် (ကောက်သစ်စားပွဲ)ကိုဖလမ်းနှစ်ခြင်းခရစ်ယာန် လူငယ်များ၏ ဦးဆောင်မှုဖြင့် အောက်တိုဘာ ၂၆ ရက် နံနက် ၁၀ နာရီက ဖလမ်းမြို့ မြို့နယ်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားကို သိက္ခာတော်ရ ဆရာတော် ဒေါက်တာဖွန်ဟရမ်းအွယ်၏ ဆုတောင်းဆက်ကပ်ခြင်းဖြင့် စတင်ပြီး ဖလမ်းခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်းက အမှာစကားပြောကြားသည်။ ထို့နောက် မြို့မိမြို့ဖအဖွဲ့ဝင် ဒေါ်စာရကက ချင်းရိုးရာနှစ်သစ်ကူးပွဲတော်အကြောင်း စာတမ်းဖတ်ကြားပြီး နှစ်သစ်တွင် ကောင်းချီးမင်္ဂလာရရှိနိုင်ရေးအတွက် သိက္ခာတော်ရ ဆရာတော် ထန်ဇခုမ်းက ဆုတောင်းပေးသည်။

ဆက်လက်၍ ဖလမ်းလူငယ်များက ချင်းရိုးရာအကများဖြင့် ကပြဖျော်ဖြေကြသည်။ **(အောက်ပုံ)**

ချင်းရိုးရာ နှစ်သစ်ကူးပွဲတော်သည် ရှေးပဝေသဏီကပင် ချင်းလူမျိုးများ နေထိုင်သော ရပ်ရွာဒေသများအလိုက် နှစ်စဉ်တောင်ယာစိုက်ပျိုးသီးနှံရိတ်သိမ်းပြီးစီးသည့် အောက်တိုဘာလ သီတင်းကျွတ်လပြည့်နေကို အခြေခံပြီး သုံးရက်တိုင်တိုင် ကျင်းပကြသည်။ ချင်းရိုးရာနှစ်သစ်ကူးပွဲတော်သည် ပွဲတော်အခေါ်အဝေါ် ကွဲပြားကြသော်လည်း ရည်ရွယ်ချက်မှာမူ အတူတူပင်ဖြစ်သည်။ ပွဲတော်ကျင်းပရခြင်းရည်ရွယ်ချက်မှာ တစ်နှစ်တာကာလအတွင်း ရောဂါဘယများကြားမှ အသက်ရှင်ကျန်းမာခွင့်ပေးပြီး တောင်ယာလုပ်ကိုင်နိုင်ခွင့်၊ စိုက်ပျိုးသီးနှံများ ကောင်းမွန်ပြီး ကောက်ပဲသီးနှံများ အချိန်တန်ရိတ်သိမ်းနိုင်ခွင့်၊ အိမ်မွေးတိရစ္ဆာန်များ တိုးပွားရှင်သန်ခွင့်၊ မိသားစုအတွင်း သား၊ သမီးများ ထွန်းကားခွင့်တို့ကို ကောင်းချီးပေးသနား တော်မူသော ဘုရားသခင်ထံ ကျေးဇူးဆပ် ပူဇော်ပသသည့် ပွဲတော်ဖြစ်ကြောင်း သိရသည်။




ဂျွန်(ပြန်/ဆက်)

# နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၂၆**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ




* ကျောဖုံးမှ

နောက်မှ လိုက်ကစားခဲ့ရပြီး သရေကျခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်း၏ ပွဲထွက်လူစာရင်းတွင် ဝင်းမိုးကျော်၊ ရဲမင်းသူ၊ အောင်ဝဏ္ဏစိုး၊ ရဲရင့်အောင်၊ အောင်နိုင်ဝင်း၊ လွင်မိုးအောင်၊ မြတ်ကောင်းခန့်၊ အောင်ကောင်းမာန်၊ ဆန်းဆက်နိုင်(ဂိုး)၊ ထက်ဖြိုးဝေ၊ နေမိုးနိုင်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ပွဲအစ နှစ်မိနစ်မှာပင် နီပေါအသင်း ဂိုးစရခဲ့ပြီး အာနန်တန်က ထောင့်ကန်ဘောမှတစ်ဆင့် ခေါင်းတိုက်သွင်းခဲ့ခြင်းဖြစ်သည်။ စောစီးစွာ ဂိုးပေးလိုက်ရသောကြောင့် မြန်မာ ယူ-၂၂ အသင်း ချေပဂိုးပြန်ရရန် ကြိုးပမ်းလာသလို နီပေါအသင်းကလည်း တိုက်စစ်အားပြုကစားခဲ့သည်။ မိနစ် ၄၀ တွင် မြန်မာအသင်း ချေပဂိုးပြန်ရခဲ့ပြီး လွင်မိုးအောင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး တိုက်စစ်အားပြုကစားခဲ့သော်လည်း မြန်မာအသင်းသည် အချိတ်အဆက်လွဲချော်နေသောကြောင့် တိုက်စစ်မှာ ထင်သလောက် မထိရောက်ဖြစ်ခဲ့ရသည်။ မိနစ် ၆၀ တွင် ဆူဘားက နီပေါအသင်းအတွက် ဒုတိယဂိုးထပ်သွင်းသော်လည်း ၆၇ မိနစ်တွင် လွင်မိုးအောင်က ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းပြီး ချေပဂိုးပြန်သွင်းခဲ့သည်။

မြန်မာ ယူ-၂၂ အသင်းသည် အောက်တိုဘာ ၃၁ ရက်အထိ ကာတာနိုင်ငံ၌ လေ့ကျင့်မည်ဖြစ်ပြီး ဒုတိယခြေစမ်းပွဲအဖြစ် အောက်တိုဘာ ၂၈ ရက်တွင် ကာတာကလပ် အယ်လ်အိုဝေနာအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ညီမြတ်သော်တာ

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း စွမ်းအင်ဆိုင်ရာ ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေး တိုးတက်ဆောင်ရွက်မှုဖိုရမ်သို့ တက်ရောက်ပြီး ကမ္ဘာ့စွမ်းအင်တော်လှန်ရေးပြပွဲကြည့်ရှု

**နေပြည်တော် အောက်တိုဘာ ၂၆** စွမ်းအင်ဆိုင်ရာ ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေး တိုးတက်ဆောင်ရွက်မှု ဖိုရမ်သို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထိုင်ယွမ်မြို့၌ ရောက်ရှိနေသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် အောက်တိုဘာ ၂၁ ရက် ညနေပိုင်းတွင် ထိုင်ယွမ်မြို့ Parkview Hotel ခန်းမဆောင်၌ ကျင်းပသည့် တရုတ်ကွန်မြူနစ်ပါတီ အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဟန်ကျင်းက ဖိုရမ်သို့ တက်ရောက်လာကြသူများအား တည်ခင်းဧည့်ခံသည့် ကြိုဆိုနှုတ်ဆက်ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၂၂ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် ထိုင်ယွမ်မြို့ ကျောက်မီးသွေးလုပ်ငန်းဗဟိုဌာန၌ ကျင်းပသည့် ကမ္ဘာ့စွမ်းအင်တော်လှန်ရေးပြပွဲကို ကြည့်ရှုလေ့လာပြီး စွမ်းအင်ဆိုင်ရာ ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေး တိုးတက်ဆောင်ရွက်မှု ဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကာ စွမ်းအင်ဆိုင်ရာ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မိန့်ခွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ထိုင်ယွမ်မြို့ရှိ လင်ဟွာဟိုတယ်၌ စင်းရှီပြည်နယ် တရုတ်ကွန်မြူနစ်ပါတီ ဒုတိယအတွင်းရေးမှူး မစ္စတာလင်းဝူနှင့် တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ စင်းရှီပြည်နယ်၏ ကျောက်မီးသွေးတူးဖော်ထုတ်လုပ်သုံးစွဲမှု၊ ကျောက်မီးသွေးသုံး လျှပ်စစ်ထုတ်လုပ်မှုလုပ်ငန်းများ၊ စွမ်းအင်ဆိုင်ရာ ကာဗွန်ထုတ်လွှတ်မှုအနည်းဆုံးဖြစ်စေရေး ဆောင်ရွက်မှု၊ မြန်မာနိုင်ငံ၏ ဓာတ်သတ္တုတူးဖော်ထုတ်လုပ်မှု၊ စွမ်းအင်ကဏ္ဍတွင် ကာဗွန်ထုတ်လွှတ်မှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံနှင့် စင်းရှီပြည်နယ်တို့ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၂၃ ရက်တွင် ထိုင်ယွမ်မြို့ရှိ TISCO သံမဏိစက်ရုံ၊ ရှီဂွမ်း



ကျောက်မီးသွေးသုံး အပူနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ အောက်တိုဘာ ၂၄ ရက်တွင် စင်းရှီပြည်နယ်ရှိ ချင်မင်းဆက်လက်ထက် ချောင်မိသားစုအိမ်တော်နှင့် ပင်ယောင်းရှေးဟောင်းမြို့တို့ကို ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့ နံနက်ပိုင်းတွင် ထိုင်ယွမ်မြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး မစ္စ အင်ဒရီရာ ဖော့ခ်နာအား တွေ့ဆုံနှုတ်ဆက်စဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီးအားတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၆** လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး မစ္စ အင်ဒရီရာ ဖော့ခ်နာအား ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးရုံး မေခလာခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဩစတြေးလျနိုင်ငံအစိုးရ၏ ပညာသင်ဆုနှင့် သင်တန်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်၊ ဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်(၂)နှစ်အောက် ကလေးများကို ငွေကြေးထောက်ပံ့ရေး အစီအစဉ် တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် အသက်မွေးမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့ (LIFT Fund)မှတစ်ဆင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေ၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းခဲ့မှုနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက်နေမှု၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်တုံ့ပြန်ရေးအတွက် ဥပဒေရေးဆွဲ ဆောင်ရွက်နေမှု၊ ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးတွဲကြေညာချက်အား အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ရခိုင်ပြည်နယ်၌ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဆိုင်ရာများနှင့် ပတ်သက်၍ ဩစတြေးလျနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးကြသည်။ **သတင်းစဉ်**

# အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၆** (၁၁)ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု ပပျောက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးလှကျော်က "စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် အောင်မြင်ရေး၊ တုံ့ပြန်စွမ်းအားကောင်းသော ရပ်ရွာများ ထူထောင်ပေး" ဟူသော ခေါင်းစဉ်ဖြင့် ငါးရက်ကြာကျင်းပမည့် (၁၁)ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို နိုင်ငံ၏ ဂုဏ်ဒြပ်နှင့်အညီ ပြည့်စုံအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီများက ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း ဆွေးနွေးပြောကြားသည်။

## ဆွေးနွေးမှာကြား

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က အာဆီယံဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုနှင့် အစည်းအဝေးကျင်းပစဉ် ကာလအတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး အမြဲတမ်းအတွင်းဝန်များ၊ သက်ဆိုင်ရာကော်မတီဝင်များက လုပ်ငန်းကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးသည် အစည်းအဝေးကာလအတွင်း ဧည့်သည်တော်များအား ပေးအပ်မည့် အမှတ်တရလက်ဆောင်ပစ္စည်းများ၊ ရင်ထိုးတံဆိပ်များနှင့် လမ်းညွှန်စာအုပ်များကို ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ကိုရီးယား-မြန်မာချစ်ကြည်ရေးတံတား(ဒလ) တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၆

**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကိုရီးယား -မြန်မာချစ်ကြည်ရေးတံတား(ဒလ) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား လုပ်ငန်းခွင်ရှင်းလင်းဆောင်တွင် တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုက ကိုရီးယား-မြန်မာ ချစ်ကြည်ရေးတံတား(ဒလ) ရန်ကုန်ဘက်ခြမ်းနှင့် ဒလဘက်ခြမ်း စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ဆောင်ရွက်ထားမှု၊ စီမံကိန်းလုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြပြီး ရန်ကုန်ဘက်ခြမ်းတွင် တာဝန်ယူဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းမှ တာဝန်ရှိသူက တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ဓာတ်ပုံမှတ်တမ်းများဖြင့် ရှင်းလင်းတင်ပြသည်။

**စံနမူနာပြတံတားကြီး**

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ကိုရီးယား-မြန်မာချစ်ကြည်ရေးတံတား (ဒလ) ကို အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီစွာဖြင့် စံနမူနာပြတံတားကြီးအဖြစ် တည်ဆောက်သွားမည် ဖြစ်ပါကြောင်း၊ တံတားတည်ဆောက်ရေးအဆင့်မြင့်နည်းပညာများ၊ ပုံစံထုတ်လုပ်ခြင်းနှင့် ကြီးကြပ်ခြင်းများကို မြန်မာအင်ဂျင်နီယာများကို လေ့လာဆောင်ရွက်စေမည် ဖြစ်ပါကြောင်း၊ တံတားတည်ဆောက်သည့်နေရာသည် ရေကြောင်းသွားလာမှုများသော ရန်ကုန်မြစ်နှင့် လူစည်ကားသော ရန်ကုန်မြို့တွင်းသို့ ဆက်သွယ်ထားသည့်အတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး အထူးအလေးထားဆောင်ရွက်ရန် လိုပါကြောင်း၊ Sheet Pile များရိုက်ပြီးမှ တံတားဘိုးပိုင်တူးပါက လူနေအိမ်များ၊ အဆောက်အဦများကို ထိခိုက်မှုမရှိစေဘဲ ကာကွယ်ရာရောက်ပါကြောင်း၊ တည်ဆောက်ရေး လုပ်ငန်းများ အောင်မြင်ပြီးစီးရေးအတွက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း မှာကြားသည်။

**နည်းပညာများ ဖလှယ်ခွင့်ရ**

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီးက နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအတွက် ကိုရီးယား-မြန်မာ ချစ်ကြည်ရေးတံတား(ဒလ) သည် အရေးပါသကဲ့သို့ နည်းပညာများ ဖလှယ်ခွင့်ရရှိပြီး တည်ဆောက်ရေးလုပ်ငန်းများ အောင်မြင်စွာပြီးစီးရေး ပူးပေါင်းကြိုးပမ်း ဆောင်ရွက်ရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နှစ်နိုင်ငံတာဝန်ရှိသူများက တံတားတည်ဆောက်ရေးလုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးတို့က လုပ်ငန်းလိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ရန်ကုန်ဘက်ခြမ်းလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ သံအမတ်ကြီးနှင့်အဖွဲ့သည် ဒလဘက်ခြမ်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး လူနေအိမ်များ၊ အဆောက်အဦများအန္တရာယ်ကင်းရှင်းရေးအတွက် စက်ယန္တရားဖြင့် Sheet Pile ရိုက်နေမှုအခြေအနေ၊ ဒလဘက်ခြမ်း ဘိုးပိုင်လုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**များစွာအကျိုးပြုမည်**

ကိုရီးယား -မြန်မာချစ်ကြည်ရေးတံတား(ဒလ)အမျိုးအစားမှာ သံမဏိကြိုးဆိုင်းတံတားဖြစ်ပြီး စုစုပေါင်းတံတားအရှည် ၁၈၇၂ ဒသမ ၅ မီတာ (၆၁၄၄ ပေ)၊ ပင်မတံတားအရှည် (၅၉၀) မီတာ (၁၉၃၆ ပေ) ရှိပြီး အကျယ် ၂၆ ဒသမ ၅ မီတာ (၈၇ ပေ)၊ ယာဉ်လေးလမ်းသွား ဖြစ်သည်။ ရန်ကုန်ဘက်ကမ်းမှ ချဉ်းကပ်တံတားအရှည် ၆၁၇ ဒသမ ၅ မီတာ (၂၀၁၆ ပေ)၊ အကျယ် ၁၄ ဒသမ ၃ မီတာ (၄၇ ပေ) နှင့် ဒလဘက်မှ ချဉ်းကပ်တံတားအရှည် ၆၅၅ မီတာ (၂၁၈၂ပေ)၊ အကျယ် ၂၀ ဒသမ ၉ မီတာ (၆၈ ပေ) ရှိသည်။ ဆင်ခြေလျှောတံတားမှာ ၇ ဒသမ ၁ မီတာ (၂၃ ပေ) တစ်လမ်းသွားဖြစ်သည်။ တံတားအောက်ရေလမ်းကင်းလွတ်အမြင့် ၄၉ မီတာ (ပေ ၁၆၀)၊ ရေလမ်းကင်းလွတ်အကျယ် ၂၅၁ မီတာ (၈၂၄ ပေ)ရှိပြီး တံတား၏ခံနိုင်ဝန်မှာ ၇၅ တန်ဖြစ်သည်။

အဆိုပါ တံတားကြီးပြီးစီးသွားပါက ဒလဘက်ကမ်းနေပြည်သူများ ရန်ကုန်မြို့သို့ အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်သကဲ့သို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ကိုရီးယား-မြန်မာချစ်ကြည်ရေးတံတား(ဒလ) တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

◆ *ရှေ့ဖုံးမှ*

မြေပဲဆန်၊ ပဲယဉ်း၊ ပဲနီကြား၊ ပဲတီစိမ်း၊ ကြက်သွန်နီ၊ နနွင်းတက်၊ နှမ်းမျိုးစုံ၊ ငရုတ်သီးခြောက်၊ ရော်ဘာ၊ မြေတောက်ပဲ၊ မြေပဲ၊ ထောပတ်ပဲ၊ ပဲလွန်းဖြူ၊ ပဲပုပ်၊ မတ်ပဲ၊ ပဲကြီး၊ ရေထွက်ပစ္စည်း၊ ကျွဲ၊ နွားအရှင်၊ သတ္တုပစ္စည်း၊ ကျောက်မျက်ချော၊ ငါးရှဉ့်၊ ကဏန်း၊ ဖရဲ၊ သခွား၊ ဆန်တင်ကားအနည်းငယ်ဖြင့် ပို့ကုန် ကားအစီးရေ တစ်ရက်လျှင် အစီး ၂၈၀ မှ ၃၀၀ ခန့် ဝင်ရောက်လျက်ရှိပြီး တရုတ်နိုင်ငံဘက်မှ မြန်မာနိုင်ငံဘက်ကို တင်သွင်းနေကျ ကုန်ပစ္စည်းများဖြင့် ကုန်သွယ်ရေးဇုန်အတွင်း ကုန်တင်ကားအစီးရေ တစ်ရက်လျှင် ၃၀၀ မှ ၃၅၀ ခန့်အထိ ဝင်ရောက်ကြောင်း သိရသည်။

**အဆင်းကားခ ဈေးကျ**

တရုတ်နိုင်ငံမှ သွင်းကုန်ပစ္စည်းများနေပြီး မြန်မာနိုင်ငံမှ ပို့ကုန်ပစ္စည်းနည်းနေသည့်အတွက် ကုန်တင်ကားခဈေးနှုန်းများမှာလည်း အတက်ကားခကုန်ချိန်တစ်ပိဿာကို ၃၀ ကျပ်မှ ၃၅ ကျပ်ထိ လည်းကောင်း၊ အဆင်းကားခ မြေဆီကုန်ချိန်တစ်ပိဿာကို ၆၀ ကျပ်မှ ၈၀ ကျပ်ထိ၊ အိမ်ဆောက်ပစ္စည်းများနှင့် သံထည်ပစ္စည်းများတင်ဆောင်ထားသည့် ၂၂ ဘီးယာဉ်ဆိုလျှင် မူဆယ်မှ ရန်ကုန်အထိ ကျပ် ၂၆ သိန်းမှ ၂၈ သိန်းအထိရရှိပြီး မူဆယ်မှ မန္တလေး ကုန်စုံ ၃၁ တန်ဆိုလျှင် ကျပ် ၁၆ သိန်း ဝန်းကျင်ထိ၊ အတက်ကားခအနေဖြင့် ဆန်နှင့်ပဲတီစိမ်း ရန်ကုန်မှ မူဆယ်အထိ တစ်တန် ကျပ် ၃၅၀၀၀၊ ဖရဲသီးကား မန္တလေးမှ မူဆယ်ဘက်သို့ အစီးပြတ် ငွေကျပ်ခုနစ်သိန်းဝန်းကျင်အထိ ရရှိကြောင်း သိရပြီး လက်ရှိအနေအထားအရ အတက်အဆင်း ကားခဈေးနှုန်းများမှာလည်း အနည်းငယ်ကွာဟမှု ရှိနေကြောင်း၊ ယင်းကားခဈေးနှုန်းများ ကွာဟမှုသည် အဆင်းကားခ ဈေးကောင်းလျှင် အောက်ကားခ ဈေးကျပြီး အောက်ကားခဈေးကောင်းလျှင် အဆင်းကားခ ဈေးကျကြောင်း ကုန်တင်ကားမောင်းသူများထံမှ သိရသည်။

**လုပ်အားခအခက်အခဲရှိ**

ကုန်သွယ်ရေးဇုန်ထဲကို သွင်းကုန်ကားဝင်ရောက်မှုများပြီး ပို့ကုန်ကားနည်းသွားသည့်အတွက် ကုန်တင်ကားများ လျော့နည်းသွားသလို အဆိုပါ ကုန်သွယ်ရေးဇုန်ထဲတွင် နှစ်နိုင်ငံဘက်မှ ဝင်ရောက်လာသည့် ကုန်တင်ကားများပေါ်မှ သက်ဆိုင်ရာ တာဝန်ရှိသူများ၏ ညွှန်ကြားမှုဖြင့် ယာဉ်ပေါ်ပါ ကုန်ပစ္စည်းများကို ဖွင့်ဖောက်စစ်ဆေးပေးခြင်း၊ အတင်အချ ပြုလုပ်ပေးခြင်း၊ လိုအပ်လျှင် ယာဉ်တစ်စီးနှင့်တစ်စီး အချိန်းအပြောင်း ပြုလုပ်ပေးခြင်းများကို နံနက် ၆ နာရီမှ ညနေပိုင်းအထိ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်သွင်းကုန်တင်ကုန်ချကော်မတီရုံး အလုပ်သမားများ၏ လုပ်အားခများမှာလည်း ယခင်က ငွေကျပ်နှစ်သောင်း ဝန်းကျင်ခန့်ရရှိခဲ့ရာမှ ယခုနောက်ပိုင်း ငွေကျပ်တစ်သောင်းအောက် လျော့ကျသွားပြီး ယနေ့ချိန်ထိ လုပ်အားခများ ပြန်လည်တိုးတက်လာခြင်း မရှိသေးသည့်အတွက် တချို့ကုန်တင်ကုန်ချအလုပ်သမား မိသားစုဝင်များလည်း အခက်အခဲရှိနေကြောင်း သိရသည်။

**တင်ပို့သည့်တန်ချိန်**

(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံဘက်ကို အောက်တိုဘာလအတွင်း ကြက်သွန်နီကားအစီးရေ ၄၀၈ စီး၊ တန်ချိန် ၆၈၃၁ တန်၊ ဆန်ကားအစီးရေ ၉၇၄ စီး၊ တန်ချိန်၂၁၆၀၇ ဒသမ ၂၅ တန်၊ ကျွဲ၊ နွားကားအစီးရေ၄၁၁ စီး အကောင်ရေ ၈၈၆၅ ကောင်၊ ငါးရှဉ့်၊ ကဏန်းကား ၃၃၇ စီး၊ တန်ချိန် ၈၁၅ ဒသမ ၄၁၈ တန်၊ သတ္တုကားအစီးရေ ၁၆၆ စီး၊ တန်ချိန် ၄၈၆၆၂ တန်၊ ဖရဲ၊ သခွားကားပေါင်း အစီး ၁၄၃၀ မှ ၂၀၀၀ ဝန်းကျင်ခန့်၊ တန်ချိန်အားဖြင့် ၁၇၈၄၅ ဒသမ ၅ တန်၊ ပြောင်းကား ၁၂၂ စီး၊ တန်ချိန် ၃၆၀၄ ဒသမ ၂၅ တန်၊ ပဲတီစိမ်းကား ၂၁ စီး၊ တန်ချိန် ၅၂၀ ဒသမ ၅၅ တန်၊ ပဲလွန်းဖြူကား ငါးစီး၊ တန်ချိန် ၁၁၇ ဒသမ ၀၅ တန်၊ နှမ်းမျိုးစုံကား ၁၄၄ စီး၊ တန်ချိန် ၃၉၃၁ ဒသမ ၇၅ တန်နှင့် အခြားကုန်ပစ္စည်းများလည်း တင်ပို့လျက်ရှိကြောင်း ကုန်သွယ်ရေးဦးစီးဌာန၏ စာရင်းဇယားများအရ သိရသည်။

**သန့်ဇင်(မူဆယ်)**

# နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး (၅၈) ကြိမ်မြောက် ပျော်ပွဲရွှင်ပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၆**

နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး၏ (၅၈) ကြိမ်မြောက် ပျော်ပွဲရွှင်ပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် အမှတ်(၂၁) ကမ္ဘာအေးဘုရားလမ်းရှိ ရိပ်သာကြီးဝင်းအတွင်း ဒီဇင်ဘာ ၇ ရက်တွင် မွန်းလွဲ ၃ နာရီမှ ည ၁၁ နာရီအထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပျော်ပွဲရွှင်ပွဲနိဗ္ဗာန်ဈေးပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၅ ရက် မွန်းလွဲ ၃ နာရီက နှင်းဆီကုန်းဘိုးဘွားရိပ်သာ မြန်မာ့အလင်း ဦးတင်အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။ **(အပေါ်ယာပုံ)**



ပွဲတော်ကာလအတွင်း လူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့များ၊ ကုမ္ပဏီများ၊ ကျောင်းများ၊ စေတနာရှင်များနှင့် အလှူရှင်များက နိဗ္ဗာန်ဈေးဆိုင်ခန်း ၈၅ ဆိုင်ဖွင့်၍ မြန်မာ့ရိုးရာစားသောက်ဖွယ်ရာများ၊ ရှမ်းအစားအစာ၊ ကိုရီးယား အစားအစာ၊ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများ၊ ကလေးကစားစရာ၊ အိမ်သုံးဆေးဝါး၊ အလှကုန်နှင့် လက်ဆောင်ပစ္စည်းများ ရောင်းချ၍ ဘိုးဘွားရိပ်သာရှိဘိုးဘွားများအတွက် လှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။

ပျော်ပွဲရွှင်ပွဲတွင် Five Star အငြိမ့်အဖွဲ့ဖြင့် ညနေ ၆ နာရီခွဲမှ ည ၁၁ နာရီအထိ ကပြဖျော်ဖြေမည်ဖြစ်ပြီး ဝင်ကြေးမှာ ကလေး၊ လူကြီး တစ်ဦးလျှင် ငွေကျပ် ၃၀၀ ဖြစ်သည်။

**မြန်မာ့အလင်း**

# ယာယီတိမ်းရှောင်စခန်းများရှိ မိသားစုဝင်များအတွက် အားကစားဝတ်စုံများ ထောက်ပံ့ပေး

**လွယ်ဂျယ် အောက်တိုဘာ ၂၆**

ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့တွင် ဖွင့်လှစ်ထားသော ယာယီတိမ်းရှောင်စခန်းများရှိ မိသားစုဝင်များအတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ပေးအပ်သည့် အားကစားဝတ်စုံများ ပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၂ ရက်က လွယ်ဂျယ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခွန်ဝင်းသောင်းက အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခွန်ဝင်းသောင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းနှင့် ဦးထွန်းစိန်၊ လွယ်ဂျယ်မြို့အုပ်ချုပ်ရေးမှူး ဦးယဉ်မင်းထွန်းနှင့် တာဝန်ရှိသူများက အားကစားဝတ်စုံများကိုပေးအပ်ရာ လွယ်ဂျယ်မြို့ရှိ ယာယီတိမ်းရှောင်စခန်းများဖြစ်သော လီဆူ၊ ညောင်နှစ်ပင်၊ နှစ်ခြင်း၊ စိုင်းဂျာ၊ RC၊ ထန်းညတိမ်းရှောင်စခန်း တာဝန်ခံများက လက်ခံရယူခဲ့သည်။

**ထွန်းထွန်းနိုင်**
**(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဂျပန်နိုင်ငံ ယဉ်ကျေးမှုရေးရာကော်မရှင်နာနှင့် တွေ့ဆုံဆွေးနွေးပြီး ဂျပန်ရင်သွေးရုပ်ရှင်ဇာတ်ကားပြသမှုအစီအစဉ် တက်ရောက်

**တိုကျို အောက်တိုဘာ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် အဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီတွင် ဂျပန်နိုင်ငံယဉ်ကျေးမှုရေးရာဌာန၌ ယဉ်ကျေးမှုရေးရာကော်မရှင်နာ မစ္စတာ မီရတကိုဟေ ဦးဆောင်သည့်အဖွဲ့နှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဂျပန် နှစ်နိုင်ငံပူးပေါင်း၍ ရုပ်ရှင်ဇာတ်ကားများရိုက်ကူးခဲ့မှု၊ ရုပ်ရှင်ဖလင်များ ပြန်လည်ပြုပြင်ထိန်းသိမ်းသည့် လုပ်ငန်းသည် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါမှု၊ မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီစဉ်ဆောင်ရွက်နေမှုနှင့် လိုအပ်သည့် အကူအညီများ ပံ့ပိုးပေးစေလိုမှုတို့ကို ဆွေးနွေးကြသည်။

**ဂျပန်ရင်သွေးဇာတ်ကားပြသ**

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မွန်းတည့် ၁၂ နာရီတွင် ယဉ်ကျေးမှုရေးရာဌာန၌ ဂျပန်အမျိုးသား ရုပ်ရှင်မော်ကွန်းတိုက်မှ ဒစ်ဂျစ်တယ်စနစ်သို့ ပြုပြင်ထိန်းသိမ်းခဲ့သည့် ဂျပန်ရင်သွေးအမည်ရှိ မြန်မာရုပ်ရှင်ဇာတ်ကားကို ပြသမှုအစီအစဉ်သို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ဂျပန်အမျိုးသားရုပ်ရှင်မော်ကွန်းတိုက်မှ ဂျပန်နိုင်ငံယဉ်ကျေးမှုရေးရာဌာနမှ ကော်မရှင်နာ မစ္စတာ မီရတကိုဟေနှင့် ဂျပန်ရုပ်ရှင်မော်ကွန်းတိုက်မှ ညွှန်ကြားရေးမှူး မစ္စတာ အိုကကျီးမား ဟီဆာရှီ တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ဂျပန်နိုင်ငံနှင့် ပြည်ပတွင် ပထမဆုံးရိုက်ကူးခဲ့သည့် မြန်မာရုပ်ရှင်ဇာတ်ကားကို ဖလင်စနစ်မှ ဒစ်ဂျစ်တယ်စနစ်သို့ ပြုပြင်ပြောင်းလဲ ထိန်းသိမ်းပေးနိုင်ခဲ့ခြင်းသည် မြန်မာနှင့် ဂျပန်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှုမှ ထွက်ပေါ်လာသည့် ရလဒ်ဖြစ်ပါကြောင်း၊ ထိုပြုပြင်ထိန်းသိမ်းထားသော ရုပ်ရှင်ဇာတ်ကားကို ၂၀၂၀ ပြည့်နှစ် မြန်မာ့ရုပ်ရှင် ရာပြည့်အထိမ်းအမှတ်ကာလတွင် မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးမည်ဖြစ်ရာ မြန်မာတို့အတွက် တန်ဖိုးရှိသည့် အနုပညာပစ္စည်းတစ်ခု ဖော်ထုတ်ထားရှိမှုကို ပြန်လည်ရရှိခြင်းဖြစ်ပါကြောင်း၊ ထိုဇာတ်ကားကို ပြသနိုင်ခြင်းဖြင့် မြန်မာတို့အတွက် တန်ဖိုးရှိသည့် အနုပညာပစ္စည်းများကို ထိန်းသိမ်းရန်လိုအပ်မှု အသိရရှိကြမည်ဖြစ်၍ အကျိုးကျေးဇူးရရှိပါကြောင်း။

**တန်ဖိုးရှိသည့် အနုပညာပစ္စည်း**

ဂျပန်နိုင်ငံအတွက်လည်း ထိုခေတ်ထိုအချိန်က အခြေအနေများကို ပြန်လည်မြင်တွေ့ရပြီး သုံးသပ်ဆောင်ရွက်နိုင်သည့် အပြင် တန်ဖိုးရှိသည့် အနုပညာပစ္စည်းတစ်ခုကို ပြန်လည်ဖော်ထုတ်ထိန်းသိမ်းနိုင်ခြင်း ဖြစ်ပါကြောင်း၊ ရုပ်ရှင်အနုပညာသည် ချစ်ကြည်ရင်းနှီးမှုနှင့် နားလည်မှုကို ဆောင်ရွက်ပေးနိုင်သည့် Soft Power အဖြစ် နိုင်ငံတကာတွင် သတ်မှတ်ပြောဆိုလျက်ရှိရာ နှစ်နိုင်ငံ၏ ရုပ်ရှင်အနုပညာနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး စသည့် ကဏ္ဍများစွာတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာရန်အတွက် အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

**စကားဝိုင်းဆွေးနွေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဂျပန်ရင်သွေး ရုပ်ရှင်ဇာတ်ကားပြသမှုနှင့် ၎င်းရုပ်ရှင်ဇာတ်ကားဆိုင်ရာ စကားဝိုင်းတွင် အေဝမ်းဖလင်ကုမ္ပဏီမှ ဒါရိုက်တာ ဦးသိန်းထွဋ်နှင့် Save Myanmar Film မှ စီမံကိန်းဒါရိုက်တာ ဦးဥက္ကာတို့၏ ဆွေးနွေးမှုကို ကြည့်ရှုအားပေးကြသည်။

"ဂျပန်ရင်သွေး"အမည်ရှိ မြန်မာရုပ်ရှင် ဇာတ်ကား၏ ဂျပန်အမည်မှာ "နိပွန်မူဆူမီ" (Japanese Daughter) ဖြစ်ပြီး ၁၉၃၅ ခုနှစ်က ဂျပန်နိုင်ငံ တိုကျိုမြို့တွင် မြန်မာနိုင်ငံမှ မြန်မာ အဆွေ-အေဝမ်း ဖလင်ကုမ္ပဏီနှင့် ဂျပန်နိုင်ငံမှ ပီစီအယ်လ်ကုမ္ပဏီတို့ ပူးပေါင်းရိုက်ကူးခဲ့ခြင်း ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ ဒါရိုက်တာ ဦးညီပုနှင့် ဦးမောင်မောင်စိုးတို့သည် ဂျပန်နိုင်ငံတွင် ရုပ်ရှင်ပညာသင်ယူစဉ် ၁၉၃၄ ခုနှစ် အတွင်း ပါဝင်သရုပ်ဆောင်ရိုက်ကူးခဲ့ရာ ဂျပန်အစိုးရ၏ အကူအညီများစွာ ရရှိခဲ့ကြောင်း သိရသည်။

**ရုပ်ရှင်ရာပြည့်တွင် ပြသရန်စီစဉ်**

"ဂျပန်ရင်သွေး" ရုပ်ရှင်၏ ဇာတ်လမ်း အကျဉ်းမှာ ဂျပန်ရောက် မြန်မာလေယာဉ်မောင်း လူငယ်နှင့် ဂျပန်အမျိုးသမီးငယ်တို့၏ အချစ်ဇာတ်လမ်းဖြစ်ပြီး ဂျပန်နိုင်ငံနှင့် ပြည်ပတွင် ပထမဆုံးရိုက်ကူးခဲ့သည့် မြန်မာ့ရုပ်ရှင်ဇာတ်ကားအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။ ၁၉၃၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ရန်ကုန်မြို့ အိုလံပီယာနှင့် ဘုရင့်ရုပ်ရှင်ရုံများတွင် "လေးလရာသီ ဂျပန်ပြည်" ရုပ်ရှင်ဇာတ်ကားနှင့်တွဲ၍ တစ်ပြိုင်နက်ပြသ သကဲ့သို့ ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင်လည်း အချိန်ကိုက်ညှိနှိုင်း၍ ရုံတင်ပြသခဲ့ရာ ဂျပန်ပရိသတ်များ စိတ်ဝင်စားစွာဖြင့် အားပေးကြည့်ရှုခဲ့ကြပြီး ဂျပန်သတင်းစာများတွင်လည်း ကျယ်ကျယ်ပြန့်ပြန့် ရေးသားဖော်ပြခဲ့ကြသည်။ ထိုဇာတ်လမ်းကို ၁၉၈၂ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ ကျင်းပခဲ့သည့် အရှေ့တောင်အာရှ ရုပ်ရှင်ပွဲတော်တွင်လည်း ပြန်လည်ပြသခဲ့ကာ ၂၀၂၀ ပြည့်နှစ် မြန်မာ့ရုပ်ရှင် ရာပြည့်အထိမ်းအမှတ် အခမ်းအနားတွင်လည်း ၎င်းဇာတ်ကားကို ပြသရန် စီစဉ်ထားကြောင်း သိရသည်။

ယင်းနောက် မွန်းလွဲ ၃ နာရီတွင် ပြည်ထောင်စုဝန်ကြီးသည် ဂျပန်နိုင်ငံ၏ အကြီးဆုံးသတင်းစာဖြစ်သည့် ယူမီယူရီ ရှင်ဘွန်း သတင်းစာမှ သတင်းထောက်ဖြစ်သူ မစ္စ လီဆယူနေမ နှင့် အန်အိတ်ချ်ကေ ရုပ်သံလိုင်း မြန်မာဘာသာအစီအစဉ်မှ ထုတ်လုပ်သူ ဒေါ်ခင်အေးငယ်တို့၏ တွေ့ဆုံမေးမြန်းမှုအပေါ် ဖြေကြားခဲ့သည်။

ညနေပိုင်းတွင် တိုကျိုမြို့ရှိ ဂျပန်ဘောလုံးပြတိုက်သို့ ရောက်ရှိကြပြီး ၎င်းတွင် ဂျပန်နိုင်ငံ တိုကျိုစက်မှုတက္ကသိုလ်သို့ ၁၉၂၀ ပြည့်နှစ်က ပညာသင်ယူရန် ရောက်ရှိခဲ့သည့် ဦးကျော်ဒင်၏ ဘောလုံးပညာသင်ကြားပေးမှု၊ ထူးချွန်သည့် ဘောလုံးသမားများ ရှာဖွေဖွဲ့စည်းပြီး ၁၉၃၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် အရှေ့အာရှ ဘောလုံးပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်စဉ် ချန်ပီယံဆုရရှိအောင် အားထုတ်ကြိုးပမ်းပေးခဲ့မှုအပါအဝင် နိုင်ငံတကာဘောလုံးဆိုင်ရာ ဓာတ်ပုံများ၊ အသုံးအဆောင်ပစ္စည်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တိုကျိုမြို့ရှိ နာမည်ကျော်နေရာဖြစ်သော Ginza တစ်ဝိုက်ရှိ စာအုပ်ဆိုင်များတွင် လှည့်လည် ကြည့်ရှုလေ့လာကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့ ဂျပန်ယဉ်ကျေးမှုရေးရာကော်မရှင်နာ မစ္စတာ မီရတကိုဟေ ဦးဆောင်သည့်အဖွဲ့နှင့် တွေ့ဆုံစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဂျပန်ရင်သွေးအမည်ရှိ မြန်မာရုပ်ရှင်ဇာတ်ကား ပြသမှုအစီအစဉ်တွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

# တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၂၆**

တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ပြုလုပ်သည်။ (ယာပုံ)

အဆိုပါသတင်းစာရှင်းလင်းပွဲသို့ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ် စိုးနိုင်ဦး၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ် ထွန်းထွန်းညီ၊ အတွင်းရေးမှူး ဗိုလ်မှူးချုပ် ဇော်မင်းထွန်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ဂျာနယ်များ၊ ပြည်တွင်းရုပ်မြင်သံကြားသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများ စုစုပေါင်း သတင်းဌာန ၂၁ ခုမှ သတင်းထောက်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က စစ်ပွဲဆိုင်ရာဥပဒေ အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် ရှင်းလင်းချက်များ၊ စစ်ပွဲဆိုင်ရာဥပဒေ (အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ)၏ အခြေခံသဘောတရားများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် သက်ဆိုင်သည့် စီရင်ပိုင်ခွင့်၊ အဓိပ္ပာယ်ဖော်ပြချက်နှင့် ပြစ်မှု၊ ပြစ်ဒဏ်များ၊ မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုများ၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် တပ်မတော်ကဏ္ဍ၊ AA အဖွဲ့၏ လုပ်ရပ်များအပေါ် စစ်မှုထမ်းဟောင်းအဖွဲ့၏ သတင်းထုတ်ပြန်ချက်၊ ရခိုင်ပြည်နယ်အတွင်း မီးသတ်တပ်ဖွဲ့ဝင်များအား ဖမ်းဆီးခေါ်ဆောင်သွားမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသည့် သတင်းဌာနများက သိရှိလိုသည်များ မေးမြန်းမှုအပေါ် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



# ကလေးစာပေ၊ ကလေးများအနာဂတ်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု

• • • အေးမြင့်အောင် • • •

**ခေတ်တစ်ခေတ်၏လားရာကို မှန်းဆကြည့်လိုလျှင် ယင်းခေတ်ကို ဖြတ်သန်းနေကြသူလူငယ်များ၏ တိမ်းညွတ်မှုကို ကြည့်ပါဟု ဆိုကြသည်။ ယနေ့ခေတ်လူငယ်များ၏ တိမ်းညွတ်မှုကို တိတိကျကျမှန်းဆရန် ခက်ခဲလှသော်လည်း လူငယ်အများစု၏ တူညီရာဆုံပွိုင့်မှာ “ အသိပညာ” ဘက်သို့ တိမ်းညွတ်နေကြသည်ဟု ဆိုရပေမည်။ တစ်နည်းအားဖြင့် ယနေ့မျက်မှောက်ခေတ်၏လားရာမှာ “အသိပညာ”ကို အရင်းပြုသော ပညာလူ့အဖွဲ့အစည်းဘက်သို့ ဦးတည်နေကြသည်ကို မည်သူမျှ ငြင်းချက်ထုတ်၍ မရနိုင်ပေ။**



### ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ

နိုင်ငံတစ်နိုင်ငံအတွက်ဖြစ်စေ၊ လူ့အဖွဲ့အစည်းတစ်ရပ်အတွက်ဖြစ်စေ ဖွံ့ဖြိုးတိုးတက်ရေးကို စဉ်းစားဆောင်ရွက်ပေးရမည်ဆိုလျှင် တစ်ခဏဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် အပိုင်းနှစ်ပိုင်းကို ကွဲကွဲပြားပြား ခွဲခြားရှုမြင်တတ်ဖို့လိုသည်။ ဘက်ညီမျှတသည့် ဖွံ့ဖြိုးတိုးတက်မှုမျိုးဖြစ်ရန်လည်း လိုအပ်သည်။ ဖွံ့ဖြိုးမှုဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုသာမက စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုများ ဖြစ်ပေါ်စေပြီး လူမှုဘဝအရည်အသွေး တိုးတက်လာခြင်းဖြစ်သည်ဟု ယေဘုယျအားဖြင့် လက်ခံထားကြသည်။

မြန်မာ့လူ့အဖွဲ့အစည်းအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို စဉ်းစားမည်ဆိုလျှင် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုသည် လွန်စွာအရေးကြီးသည်ဟု မြင်ပါသည်။ ၂၁ ရာစု ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးမှုများအတွက် ချမှတ်ထားသည့် ပန်းတိုင်များတွင် အရည်အသွေးပြည့်ဝသည့် ပညာသင်ယူနိုင်ရေးနှင့် ဘဝတစ်လျှောက်လုံးအစဉ်လေ့လာသင်ယူနိုင်သော အခွင့်အလမ်းများကို လူသားအားလုံး သာတူညီမျှရရှိရေးဆိုသည့် အချက်လည်း ပါဝင်သည်။ ထို့ကြောင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းသည် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်သက်ဆက်နွှယ်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။

ကမ္ဘာ့ဖွံ့ဖြိုးမှုနှင့် ပတ်ဝန်းကျင်ရေးရာ ကော်မရှင်က **“ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ အနာဂတ်မျိုးဆက်သစ်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် ၎င်းတို့၏ လုပ်ကိုင်နိုင်စွမ်းများကို မထိခိုက်စေဘဲ လက်ရှိမျိုးဆက်များ၏ လိုအပ်ချက်များကိုလည်း ဆောင်ရွက်ပေးနိုင်သည့် ဖွံ့ဖြိုးမှုမျိုးပင်ဖြစ်သည်”** ဟု အဓိပ္ပာယ်ဖွင့်ဆိုပေးခဲ့သည်။

ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆိုသည့် စကားလုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ လူ့အဖွဲ့အစည်းတစ်ရပ်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်မည်ဆိုလျှင် အနာဂတ်မျိုးဆက်သစ်များ၏ လိုအပ်ချက်များကို မဖြစ်မနေ ဖြည့်ဆည်းဆောင်ရွက်ပေးရမည် ဖြစ်သည်။ တစ်နည်းအားဖြင့် ယနေ့ မြန်မာ့လူ့အဖွဲ့အစည်းကို ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများအတွက် ဦးတည်ဆောင်ရွက်ကြမည်ဆိုလျှင် အနာဂတ်မျိုးဆက်များအတွက် လိုအပ်လျက်ရှိသော ပညာသင်ကြားနိုင်သည့် အခွင့်အလမ်းများ၊ အသိပညာ ဆည်းပူးနိုင်သည့်နည်းလမ်းများကို စနစ်တကျဖန်တီးပေးခဲ့ဖို့သာ လိုအပ်မည်ထင်သည်။ သို့မှသာ ဉာဏ်ရည်၊ ဉာဏ်သွေးပြည့်ဝပြီး လူစွမ်းလူစ မြင့်မားသော လူသားအရင်းအမြစ်များ ဖြစ်ပေါ်လာကာ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်နိုင်မည်ဖြစ်သည်။

### ကလေးစာပေပွဲတော်များ

တစ်ခေတ်တစ်ခါက မြန်မာစာပေ ညှော့ခန်းဆောင်ကြီးထဲတွင် ဂုဏ်သရေရှိစွာ ပေါ်ထွန်းခဲ့သည့် ကလေးစာပေများသည် အကြောင်းအမျိုးမျိုးကြောင့် အားပျော့မှေးမှိန်ခဲ့ရသည်။ ကလေးကဗျာ၊ ကလေးစာပေများ မှေးမှိန်ခဲ့ခြင်းသည် ကလေးများ၏အနာဂတ်ကိုသာမက နိုင်ငံ၏အနာဂတ်ကိုလည်း ထိခိုက်စေနိုင်သဖြင့် အသိပညာလူ့အဖွဲ့အစည်းကို ဦးတည်နိုင်ရန်အတွက် ကလေးစာပေပွဲတော်များကို ပြန်ကြားရေးဝန်ကြီးဌာနက ၂၀၁၆ ခုနှစ်မှစ၍ နိုင်ငံအနှံ့အပြားတွင် ကျင်းပခဲ့သည်။

ကလေးစာပေပွဲတော်များ ကျင်းပရသည့် ရည်ရွယ်ချက်များကို လေ့လာကြည့်ပါက -

- ကလေးများ စာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ ရာသက်ပန်ပညာရှာမှီးသူများ ဖြစ်လာစေရန်၊
- ပွဲတော်၌ ပျော်ရွှင်စွာဆင်နွှဲရင်း စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်တတ်သည့် အလေ့အထကောင်းများ ရရှိလာစေရန်၊
- ပညာဗဟုသုတရော လူရည်လူသွေးပါ ပြည့်ဝ၍ အနာဂတ်တွင် တိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုနိုင်သူများ ဖြစ်လာစေရန် ရည်ရွယ်ချက်(၃)ရပ်ကို တွေ့ရသည်။

## “ကလေးစာပေပွဲတော်များ ကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် ရရှိသည့် အကျိုးကျေးဇူးများသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်ခြင်းဖြစ်”

ယနေ့အချိန်တွင် ကလေးစာပေပွဲတော်များကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ ပူးပေါင်း၍ ကျင်းပလျက်ရှိရာ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် နိုင်ငံတော်အဆင့် ပွဲတော်(၉)ကြိမ်၊ ခရိုင်အဆင့် မြို့ကြီးများတွင်(၃၇)ကြိမ်၊ ဒေသ၏အစီအစဉ်ဖြင့်(၁၁)ကြိမ် ကျင်းပခဲ့ကြသည်ကို တွေ့မြင်ရသည်။

ကလေးစာပေပွဲတော်များတွင်ကျောင်းသားကျောင်းသူများ၊ ကလေးများ ပါဝင်ယှဉ်ပြိုင်နိုင်သည့် ကဗျာ၊ ပုံပြင်၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ ပန်းချီ၊ ဆေးရောင်ခြယ်၊ စက္ကူခေါက်ပြိုင်ပွဲများ၊ တိုင်းရင်းသားဘာသာများဖြင့် ရွတ်ဆိုယှဉ်ပြိုင်ရသည့် တိုင်းရင်းသားရိုးရာ ပုံပြင်နှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများ၊ အဖွဲ့လိုက်ကစားနည်းများ၊ အရုပ်ဆက်၊ စကားပုံဆက်၊ အိမ်ဆောက်နည်းများနှင့် ရိုးရာအားကစားပြိုင်ပွဲများကို ထည့်သွင်းပေးထားသည့်အတွက် ကလေးစာပေပွဲတော်သို့ လာရောက်ကြသည့် ကျောင်းသားကျောင်းသူများမှာ အသိပညာရရှိ စေရုံသာမက ပျော်ရွှင်မှုနှင့်စိတ်အပန်းဖြေမှုများကိုပါ ရရှိခဲ့ကြောင်း လေ့လာသိရှိရသည်။

ထို့အပြင် ကလေးစာပေပွဲတော်များတွင် နိုင်ငံတော်၏ သမိုင်းဝင်မော်ကွန်းမှတ်တမ်းများ၊ စာချုပ်စာတမ်းများ၊ ရှေးဟောင်းကျောက်စာ၊ မင်စာများ၊ ကလေးစာပေများ၊ ကလေးစာဖတ်ခန်းများ၊ ကလေးကာတွန်းများ၊ အသိပညာပေးပြခန်းများနှင့် ဖျော်ဖြေရေးအစီအစဉ်များ၊ စာအုပ်ဈေးခင်းကြီးများကို ထည့်သွင်းပေးထားခြင်းကြောင့် ကလေးသူငယ်များသာမက ပွဲတော်သို့ ရောက်ကြသည့် မိဘပြည်သူများအတွက်ပါ ဗဟုသုတများစွာ ရရှိစေခဲ့ပါသည်။

အမှန်အတိုင်းဆိုရလျှင် စာပေထဲတွင် ကလေးစာပေသည် အခြားစာပေများထက် ထူးခြားပြီး ပိုမိုခက်ခဲနက်နဲသည်ဟု မြင်ပါသည်။ လူကြီးစာပေဆိုသည်မှာ နယ်နိမိတ်သတ်မှတ်ချက်နည်းပါးပြီး စိတ်ထဲရှိသမျှ လွတ်လပ်စွာဖန်တီးရေးဖွဲ့နိုင်သည်ဟု ခံစားမိသည်။ ကလေးစာပေများကမူ ကလေးများနှင့် ရင်းနှီးသည့်ပတ်ဝန်းကျင်မှ အကြောင်းအရာများကိုသာ စဉ်းစားရသည်။ ကလေးများ၏အတွင်းစိတ်ကို ဝင်ကြည့်ပြီး ယင်းတို့၏ စိတ်ကူးစိတ်သန်းများနှင့် လိုက်ဖက်ညီညွတ်အောင် ရေးသားဖန်တီးရခြင်းဖြစ်သည်။ ထို့ကြောင့် ကလေးစာပေသည် ကလေးသူငယ်များကို အပြစ်ကင်းအောင်၊ ပျော်ရွှင်အောင်၊ ချစ်စရာအကောင်းဆုံးလူသားများဖြစ်အောင် ဖန်တီးရေးဖွဲ့ရသည့် စာပေဖြစ်ခြင်းကြောင့် လွန်စွာတန်ဖိုးရှိသည်ဟု ပြောရပေမည်။ သို့ဖြစ်၍ ကလေးစာပေများ ဖွံ့ဖြိုးတိုးတက်ရေးကို ယနေ့ရှင်သန်လူလားမြောက်နေသူအားလုံးက အားပေးမြှင့်တင် ဆောင်ရွက်ရမည့်တာဝန် ရှိနေသည်။ ကလေးစာပေပွဲတော်များ ကျင်းပပေးခြင်းသည် ကလေးများ၏ အနာဂတ်ကို တည့်မတ်ကောင်းမွန်အောင် ပြုစုပျိုးထောင်ပုံဖော်ဖန်တီးပေးခြင်းဖြစ်သည်ကို နားလည်သဘောပေါက်ရန် လိုအပ်သည်။

ဤသို့ ကလေးစာပေပွဲတော်များကို ကျင်းပခဲ့ခြင်းကြောင့် -

- ကလေးများ၏ ပျော်ရွှင်မှုနှင့်အတူ စာအုပ်စာပေများကို နှစ်သက်မြတ်နိုးစိတ်များ တွဲဖက်ကိန်းအောင်းစေခြင်း၊
- စာဖတ်ခြင်းကြောင့် ဗဟုသုတဉာဏ် အမြော်အမြင်များပြည့်ဝစေခြင်း၊ အသိဉာဏ် ပြည့်ဝလာခြင်းကြောင့် လက်တွေ့ဘဝတွင် စဉ်းစားကြံဆခြင်း၊ ပြုမူပြောဆိုခြင်း၊ ဆုံးဖြတ်လုပ်ကိုင်နိုင်ခြင်းတို့တွင် မှန်ကန်အောင်မြင်စေခြင်း၊
- ကလေးများအား ငယ်ရွယ်စဉ်မှစ၍ စာဖတ်ဝါသနာပျိုးထောင်ပေးခြင်းကြောင့် နောင်အနာဂတ်တွင် ထူးချွန်အောင်မြင်သော လူတော်လူကောင်းများဖြစ်လာစေခြင်းနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

### ဝမ်းမြောက်ဂုဏ်ယူဖွယ် သတင်းစကား

ကလေးစာပေပွဲတော်များ ကျင်းပခဲ့မှုနှင့် ပတ်သက်၍ ထူးခြားပြီး ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ သတင်းကောင်းတစ်ခု ကြားသိရသည်။ ကလေးစာပေပွဲတော်(ပုသိမ်)ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်မှ ၅ ရက်နေ့အထိ ပုသိမ်တက္ကသိုလ်တွင် ကျင်းပခဲ့ရာ ယင်းပွဲတော်သို့ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်အသီးသီးမှ ကလေးသူငယ်၊ ကျောင်းသား ကျောင်းသူများနှင့် ပရိသတ်များ နေ့စဉ်ထောင်သောင်းအင်အားဖြင့် ခြိမ့်ခြိမ့်သဲသဲ အားပေးဆင်နွှဲခဲ့ကြသည်။

ပွဲတော်ကာလအတွင်း ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များကလည်း ကျောင်းသား ကျောင်းသူများနှင့်အတူ ပါဝင်ဆင်နွှဲ အားပေးခဲ့ကြသည့်အပြင် ပွဲတော်စည်ကားသိုက်မြိုက်စွာနှင့် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြသည်ကို တွေ့မြင်ရသည်။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့သည် ကလေးစာပေပွဲတော်(ပုသိမ်)တွင် ကလေးများ ပျော်ရွှင်စွာ ဆင်နွှဲနေမှုကို မြင်တွေ့ခဲ့ခြင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီး၊ ကျေးရွာ အသီးသီးရှိ ကလေးများကို ပါဝင်ဆင်နွှဲစေလိုသည့် စိတ်ရင်းစေတနာကောင်းများ ဖြစ်ပေါ်လာခြင်း၊ အနာဂတ်လူ့အဖွဲ့အစည်းကို အသိပညာအခြေခံသော လူ့အဖွဲ့အစည်းအဖြစ် ပုံဖော်ဖန်တီးပေးလိုစိတ်များ ဖြစ်ပေါ်လာခြင်း၊ မိမိတို့လူ့အဖွဲ့အစည်း၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အနာဂတ်မျိုးဆက်သစ်များအား အသိပညာကို တန်ဖိုးထားရှာမှီးတတ်သည့် အလေ့အထကောင်းများ လေ့ကျင့်မွေးမြူပေးလိုစိတ်ဖြစ်ပေါ်နေခြင်း စသည့်စေတနာကောင်းများကြောင့် ကလေးစာပေပွဲတော်များကို ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၌ တိုင်းလုံးကျွတ်ကျင်းပရန် စီစဉ်ဆောင်ရွက်နေသည်။

ယခုအခါ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တိုင်းတွင် ကလေးစာပေပွဲတော်များ ကျင်းပပြုလုပ်နိုင်ရန် လိုအပ်သည့် ဘဏ္ဍာငွေများ လျာထားဆောင်ရွက်ခြင်း၊ ပွဲတော်ကျင်းပရေးအစီအစဉ်များ ရေးဆွဲခြင်းတို့ကို ဆောင်ရွက်ပြီးဖြစ်၍ ၂၀၁၉ နိုဝင်ဘာလ ၁ ရက်မှစ၍ ၂၀၂၀ ပြည့်နှစ် ဧပြီလအထိ အနှစ်သာရရှိစွာ၊ စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပတော့မည်ဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မကြာမီ ကျင်းပတော့မည့် ကလေးစာပေပွဲတော်များသည် ကလေးများ၏ အနာဂတ်နှင့် မြန်မာ့လူ့အဖွဲ့အစည်းအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများ အမှန်တကယ်အကျိုးပြုနိုင်မည်ဟု ယုံကြည်မျှော်လင့်မိသည်။ ထိုကဲ့သို့ စဉ်းစားပုံဖော်ဆောင်ရွက်နေသည့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ စေတနာနှင့် ရှုမြင်ပုံကိုလည်း လေးစားဂုဏ်ယူမိသည်။

ထိုကဲ့သို့ ကလေးစာပေပွဲတော်များ ကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် ရရှိသည့် အကျိုးကျေးဇူးများသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်ခြင်းဖြစ်သည်ဟု နားလည်ခံစားမိပါသည်။ အလားတူ နိုင်ငံတစ်ဝန်းတွင် ဆောင်ရွက်နိုင်ခြင်းဖြင့် အနာဂတ်မြန်မာ့လူ့အဖွဲ့အစည်းသည် အသိပညာ အခြေခံသော၊ အသိပညာဖြင့် ရင်းနှီးလုပ်ကိုင်ဆောင်ရွက်နိုင်သော လူစွမ်းလူစမြင့်မားသည့် သားကောင်းသမီးရတနာများဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေမည်ကို ယုံကြည်မျှော်လင့်မှုဖြင့် ကြည်နူးဝမ်းမြောက်လျက်ရှိပါသည်။ ။



# မိုးမိုး( အင်းလျား ) ၇၅ နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ် မြန်မာစာပေနှင့် အနုပညာပွဲတော် ဆက်လက်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၆

**မိုးမိုး (အင်းလျား) ၇၅ နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ် မြန်မာစာပေနှင့် အနုပညာပွဲတော် ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ၌ ဆက်လက်ကျင်းပသည်။**



ဆရာမ ယမင်းမြတ်အေး "ဝက်ပါထဲက တံခါးတစ်ချပ်" ခေါင်းစဉ်ဖြင့် ဟောပြောစဉ်။ ဓာတ်ပုံ - ရဲထွဋ်

### ဝိုင်းဖွဲ့ဆွေးနွေး၊ ဟောပြော

ယနေ့ပွဲတော် ဒုတိယနေ့တွင် ဒါရိုက်တာ ကြည်စိုးထွန်းက "စာပေမှသည် ရုပ်ရှင်သို့" ခေါင်းစဉ်ဖြင့် မိုးမိုး (အင်းလျား) ဝတ္ထုများ ရုပ်ရှင်ရိုက်ကူးသည့် အတွေ့အကြုံများကို ရှင်းလင်းပြောကြားခြင်း၊ ကဗျာဆရာမ မအိနှင့် အဖွဲ့က ကဗျာရွတ်ဆိုခြင်း၊ "ငယ်ကျွမ်းဆွေတို့ စကားဝိုင်း" ခေါင်းစဉ်ဖြင့် ဆရာမ စမ်းစမ်းတင်၊ ဆရာမ မေအောင်စိုး၊ ဆရာမ ခင်အုန်းမြင့် (ဒိုက်ဦး)၊ ဆရာမ မာလာတင်တို့က ဝိုင်းဖွဲ့ဆွေးနွေးခြင်း၊ "ဝက်ပါထဲက တံခါးတစ်ချပ်" ခေါင်းစဉ်ဖြင့် ဆရာမ ယမင်းမြတ်အေးနှင့် "စာဖတ်ခြင်းအနုပညာ" ခေါင်းစဉ်ဖြင့် ဆရာမ ဂျူး တို့က ဟောပြောခြင်း၊ "ဝတ္ထုတို ဆိုသည်မှာ"ခေါင်းစဉ်ဖြင့် ဆရာမ ခင်မြဇင်၊ ဆရာမ မိချမ်းဝေ၊ ဆရာမ နှင်းဝေငြိမ်း တို့က ဝိုင်းဖွဲ့ဆွေးနွေးခြင်းတို့ ပြုလုပ်ကြသည်။

ဆရာမ မိုးမိုး (အင်းလျား)နှင့် ပတ်သက်ပြီး ဆရာမကြီး စမ်းစမ်းတင်က "မိုးမိုးနဲ့ ကျွန်မက အခင်ဆုံးသူငယ်ချင်းတွေပါ။ သူ့မွေးနေ့က အောက်တိုဘာ ၂၄ ရက် ကုလသမဂ္ဂနေ့၊ သူဆုံးတာက မတ်လ ၁၃ ရက် ဖုန်းမော်နေ့ပေါ့။ သူဆုံးတဲ့ကာလတုန်းက ရန်ကုန်မှာ စစ်အုပ်ချုပ်ရေး ကြေညာထားတယ်။ ဒါပေမယ့် သူဆုံးတာလည်းကြားရော ရန်ကုန်မြို့မှာ ရှိသမျှစာရေးဆရာတွေ၊ ကဗျာဆရာတွေ၊ ပန်းချီဆရာတွေ၊ ကာတွန်းဆရာတွေ စုဝေးကြတယ်လေ။ သူက အဲဒီလောက်အထိ စာပေနယ်ပယ်ကရော၊ အနုပညာနယ်ပယ်ကရော သူ့ကို အမြတ်တနိုးထားတာပေါ့နော်။ သူ့ရဲ့ (၇၅) နှစ်ပြည့် လုပ်မယ်ဆိုတော့ ဥရောပခရီးစဉ်ကိုဖျက်ပြီး သူ့ကို အထူးသဖြင့် ဂုဏ်ပြုတဲ့အနေနဲ့လာတာပါ။ သူ့ရဲ့အမှတ်တရတွေက အများကြီးပါ။

### ကိုယ်ရေးတဲ့စာ ကိုယ်တာဝန်ယူရမယ်

သူကိုယ်တိုင် မြင်တွေ့ရတာ၊ ခံစားရတာတွေ၊ လူတွေရဲ့စိတ်ကို ဖောက်ထွင်းမြင်ရတာတွေကို ရေးဖွဲ့ခဲ့ပါတယ်။ စာရေးဆရာတွေ၊ ဝေဖန်ရေးဆရာတွေက သူ့ကို ဘဝသရုပ်ဖော်စာရေးဆရာလို့ ပြောလိုက်တဲ့အတွက်ကြောင့် ငါ့ကိုယ်ငါ စည်းဝိုင်းထဲဝင်သွားတယ်လို့ သူက ပြောပါတယ်။ စာရေးဆရာ၊ ကဗျာဆရာဖြစ်တဲ့အတွက် စိတ်ခံစားမှုကတော့ ဖြစ်ကြတာပါပဲ။ သူ့ရဲ့ ပုဂ္ဂလိကခံစားချက်တွေကိုကျတော့ ရေးရင် ရေးမယ်။ ဒါပေမယ့် မဂ္ဂဇင်းတိုက်တွေ၊ လူထုစာဖတ်ပရိသတ်တွေကို ချပြဖို့အတွက်ကျ တော့ တွန့်ဆုတ်သွားတယ်လေ။ အဲဒါက အင်မတန်မှ လေးစားထိုက်တယ်။ အတုယူထိုက်တယ်။ သူ့ရဲ့အတွေးအခေါ်၊ သူ့ရဲ့အယူအဆပေါ့။ ကိုယ်ရေးတဲ့စာ ကိုယ်တာဝန်ယူရမယ်ဆိုပြီးတော့ အမြဲတမ်းပြောလေ့ရှိပါတယ်။ ဒါတွေကို သူ့ဆီကနေ ကျွန်မလည်း သင်ယူရပါတယ်။

ဒီနေ့မှာ "ငယ်ကျွမ်းဆွေတို့ စကားဝိုင်း" ခေါင်းစဉ်နဲ့ ဝိုင်းဖွဲ့ပြီးတော့ သူနဲ့ ကြုံခဲ့ရတဲ့၊ ရင်းရင်းနှီးနှီးနေခဲ့ရတဲ့ ကာလလေးတွေကို ဦးဆောင်ဆွေးနွေးတဲ့သူက ပေးတဲ့အပေါ် မူတည်ပြီး ဖြေကြားမှာဖြစ်ပါတယ်။ မိုးမိုး (အင်းလျား)လို ရိုးသားပြီး ဖြောင့်မတ်တဲ့ စာရေးဆရာမျိုး များများပေါ်ထွန်းပါစေလို့ ဆုတောင်းချင်ပါတယ်။ အဲဒီလိုလည်း ကြိုးစားစေချင်ပါတယ်။ လူတွေကို ဖြတ်လမ်းလိုက်တာတို့၊ နာမည်ကြီးချင်တာတို့၊ ကိုယ့်အရည်အချင်း မရှိဘဲနဲ့ မတန်မရာမှန်းတာတို့ အဲဒါမျိုးတွေ မရှိဘဲနဲ့ ရိုးရိုးသားသားနဲ့ ကြိုးစားစေချင်ပါတယ်။ ကိုယ်လည်း ကြိုးစားနေရပါတယ်" ဟုပြောသည်။

ဆရာမကြီး နီတာယဉ်ယဉ်မေ (မေအောင်စိုး) က "မိုးမိုးနဲ့ တက္ကသိုလ်ကတည်းက ခင်ကြတာပါ။ အိမ်ထောင်ကျတဲ့အထိလည်း စာပေနဲ့ပတ်သက်ပြီး ကျွန်မတို့ ဆုံဖြစ်ကြတယ်။ မိုးမိုးက စည်းကမ်းရှိတယ်။ မိတ်ဆွေပေါင်းသင်းတဲ့အခါမှာလည်း ရွေးပေါင်းတယ်။ မိန်းမလည်း ပီသတယ်။ ချက်ပြုတ်တာ၊ အိမ်အထားအသိုကအစ ချစ်ဖို့ကောင်းတာတွေ အများကြီးပါ။ ကျွန်မတို့ တစ်အိမ်ဝင် တစ်အိမ်ထွက်နဲ့ ရင်းရင်းနှီးနှီးနေခဲ့ကြတယ်။ သူဆုံးသွားတာ ကျွန်မအတွက် ဘယ်လိုမှ မယုံနိုင်ဘူး။ အခု သူ့ရဲ့ (၇၅) နှစ်ပြည့်ဆိုတော့ ဂုဏ်ပြုတဲ့အနေနဲ့ သွားမှဖြစ်မယ်ဆိုပြီး စမ်းစမ်းတင်နဲ့ တိုင်ပင်တယ်။ တကယ်လို့ သူ့ရဲ့ နှစ် (၁၀၀) ပြည့်ကို သူ့မိသားစု၊ သူ့သားသမီးတွေက လုပ်ရင်တောင် အဲဒီအချိန် ကျွန်မတို့ရှိမှာ မဟုတ်တော့ဘူး။ ဒီပွဲကို သွားမှဖြစ်မယ်ဆိုပြီး စမ်းစမ်းတင်က အမေရိက ကနေ၊ ကျွန်မက အင်္ဂလန်ကနေ အလုပ်တွေ ခွင့်ယူပြီးလာကြတာပါ။ ဒီနေ့လာရတာ ဝမ်းနည်း၊ ဝမ်းသာဖြစ်ပါတယ်။ ဒီလိုအခမ်းအနားတစ်ခု လုပ်ဖြစ်တဲ့အတွက် ဝမ်းသာပါတယ်။ ဂုဏ်ယူပါတယ်။ သူ့ကိုလည်း သိပ်ရှိစေချင်တယ်။ သူသာရှိရင် အလွန်ဝမ်းသာမှာပဲ" ဟု ပြောသည်။



"ငယ်ကျွမ်းဆွေတို့ စကားဝိုင်း" ခေါင်းစဉ်ဖြင့် ဆရာမ စမ်းစမ်းတင်၊ ဆရာမ မေအောင်စိုး၊ ဆရာမ ခင်အုန်းမြင့် (ဒိုက်ဦး)၊ ဆရာမ မာလာတင်တို့က ဝိုင်းဖွဲ့ဆွေးနွေးစဉ်။

### စာဖတ်ဖြစ်မယ်၊ စာအုပ်တွေဝယ်ဖြစ်မယ်

ပွဲတော်သို့လာရောက်သည့် တောင်ဥက္ကလာပမြို့နယ်မှ မသော်သော်မိုးဦးက "မိုးမိုး (အင်းလျား) နဲ့ ပတ်သက်တဲ့ စာပေဟောပြောပွဲ ရှိတယ်ဆိုတော့ သင်တန်းတက်ရင်းနဲ့ လာဖြစ်တာပါ။ ဆရာမကြီးရဲ့ စာအုပ်တွေ တော်တော်များများ ဖတ်ဖြစ်ပါတယ်။ မှတ်မိသလောက်ဆိုရင် ပျောက်သောလမ်းမှာ စမ်းတဝါး၊ ငြိမ်းကိုရှက်ပါ၊ ရွှေတိဂုံကို မြင်လျှင်၊ နာမကျန်းသည် အိုနှင်းဆီ၊ သုံးလွန်းတင်မှကြိုး။ အဲဒီအထဲက ပျောက်သောလမ်းမှာ စမ်းတဝါးနဲ့ နာမကျန်းသည် အိုနှင်းဆီစာအုပ်ကို ပိုကြိုက်ပါတယ်။ ဆရာမကြီး မိုးမိုး(အင်းလျား)စာအုပ်တွေကိုဖတ်တဲ့အခါ အချစ်မှာဆို အချစ်ကိုပဲ ရေးဖွဲ့တာမဟုတ်ဘဲနဲ့ အပြင်မှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ သဘောတရားတွေ၊ လူတွေကို အထူးပြုပြီးရေးတာလို့ မြင်ပါတယ်။ ကိုယ့်ပတ်ဝန်းကျင်မှာ ဖြစ်လေ့ဖြစ်ထရှိတာတွေကို ထုတ်ဖော်ရေးသားတာ တွေ့ရတယ်။ မိုးမိုး (အင်းလျား)၊ ဂျာနယ်ကျော်မမလေးတို့လို ဝတ္ထုတွေ ဖတ်ဖြစ်တယ်။ တချို့က အဲဒီလိုစာအုပ်တွေ မဖတ်ချင်ဘဲ သူတို့အတွက် ခွန်အားဖြစ်စေတဲ့ စာအုပ်တွေပဲ ဖတ်ချင်ကြတယ်။ အဲဒီလိုဖတ်မှ တိုးတက်မယ်လို့ အခုလူငယ်ပိုင်း တော်တော်များများတွေ့ရတယ်။ ဒီလိုသဘာဝအတိုင်း ရေးထားတဲ့ စာရေးဆရာတွေရဲ့ အတွေးအမြင်တွေကို ဖတ်မယ်ဆိုရင်လည်း စိတ်ဓာတ်ခွန်အားတွေ ရစေတယ်လို့မြင်ပါတယ်။ ဆရာမ မိုးမိုး(အင်းလျား) ကွယ်လွန်သွားပြီဖြစ်သော်လည်း အမှတ်တရအနေနဲ့ ဒီပွဲတော်ကို လုပ်ပေးတဲ့အတွက် စာမဖတ်ဖြစ်တဲ့လူငယ်တွေလည်း စာဖတ်ဖြစ်မယ်၊ စာအုပ်တွေဝယ်ဖြစ်မယ်လို့ ထင်ပါတယ်" ဟု ပြောသည်။

ပွဲတော်တွင် ခေတ်အဆက်ဆက်မှ စာရေးဆရာ၊ ဆရာမကြီးများ၏ မှတ်တမ်းဓာတ်ပုံများ၊ ခဲစာလုံးပုံနှိပ်ခေတ်ပြပွဲ၊ စာရေးသူ စာဖတ်သူ စကားဝိုင်း၊ ပန်းချီပြခန်း၊ ပန်းချီလက်တွေ့ရေးဆွဲခြင်း၊ ကာတွန်းပုံများ ပြသခြင်း၊ ပုံတူရုပ်ပြောင်များရေးဆွဲပေးခြင်း၊ စာပေအနုပညာရှင်များ၏ သီဆိုဖျော်ဖြေတင်ဆက်မှုများ၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများမှ ဆိုင်ခန်းများ၊ စာအုပ်အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချလျက်ရှိပြီး အဆိုပါ မိုးမိုး(အင်းလျား) ၇၅ နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ် မြန်မာစာပေနှင့် အနုပညာပွဲတော်ကို အောက်တိုဘာ ၂၇ ရက်တွင်လည်း ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

**မီမီဖြိုး**

# မြန်မာစာပေနှင့် အနုပညာပွဲတော် ခဲစာလုံး( ပုံနှိပ်ခေတ် ) ပြခန်း လာရောက်ကြည့်ရှုလေ့လာသူများပြား



**ရန်ကုန် အောက်တိုဘာ ၂၆**

မိုးမိုး(အင်းလျား) ၇၅ နှစ်ပြည့် အထိမ်းအမှတ် မြန်မာစာပေနှင့် အနုပညာပွဲတော်ကို ရန်ကုန်မြို့ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ်တွင် ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပလျက်ရှိရာ လာရောက်ကြည့်ရှုလေ့လာသူများဖြင့် စည်ကားလျက်ရှိသည်။ **(ယာပုံ)**

အဆိုပါပွဲတော်တွင် ရုပ်ရှင်အနုပညာရှင်များ၊ ကဗျာဆရာ ဆရာမများ၊ စာရေးဆရာ ဆရာမများက အနုပညာအတွေ့အကြုံများ၊ စာပေအတွေ့အကြုံများကို ဟောပြောပွဲ အစီအစဉ်အတိုင်း နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ဟောပြောကြသည်။

ခဲစာလုံးစာစီ(ပုံနှိပ်ခေတ်) ပြခန်းကိုလည်း ဒုတိယနေ့အဖြစ် ဆက်လက်ပြသလျက်ရှိရာ စိတ်ပါဝင်စားသူများ စည်ကားစွာ လာရောက်လေ့လာ ကြည့်ရှုကြကြောင်း သိရသည်။ လာရောက်ကြည့်ရှုသူများထဲမှ ယခင်ခေတ်ပုံနှိပ်တိုက်ပိုင်ရှင်များ၊ ထုတ်ဝေသူများ၊ အယ်ဒီတာများ၊ ခဲစာလုံးစာစီသမားများပါဝင်ပြီး ၎င်းတို့က ကိုယ်တိုင်ဝင်ရောက်သရုပ်ပြသခြင်းများဖြင့် ပျော်ရွှင်စွာကျင်းပလျက်ရှိသည်။ ခဲစာလုံးစာစီလုပ်ငန်းကို မသိမမီလိုက်သူများကလည်း သရုပ်ပြမှုများကို အထူးစိတ်ဝင်စားစွာ လေ့လာကြည့်ရှုကြပြီး မှတ်တမ်းဗီဒီယိုများ၊ မှတ်တမ်းဓာတ်ပုံရိုက်ကူးသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ဒီဆား**

## မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# ဦးမြင့်စိုး B.A(Cinema)

## ဒဂုန်မြင့်စိုးနှင့် ရုပ်ရှင်စကားဝိုင်း (ဒုတိယပိုင်း)

**ကြည်စိုးထွန်း။** ။ အခု ဆရာကြီးနဲ့ ကျွန်တော် နိုင်ငံတကာက ရုပ်ရှင်ပေါ်ပေါက်လာပုံအကြောင်းတွေကိုလည်း ပြောခဲ့ပြီးပါပြီ။ မြန်မာ့ရုပ်ရှင်သမိုင်းကို စတော့ ကျွန်တော်တို့ အိမ်နီးနားချင်းနိုင်ငံတွေကို ကျွန်တော်စဉ်းစားတယ်။ သူတို့ ရုပ်ရှင်ဘယ်တုန်းက စပေါ်တာလဲဆိုတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အိမ်နီးနားချင်းနိုင်ငံဆိုရင် အိန္ဒိယရှိမယ်။ တရုတ်ရှိမယ်။ နောက်တစ်ခါ ထိုင်းပေါ့။ ဟိုဘက်က လာအို၊ ကမ္ဘောဒီးယားက ကျွန်တော်တို့ထက် အများကြီး နောက်ကျပါတယ် ဆရာ။ တကယ်တမ်းကျတော့ ဒီနေ့ ခေတ်စားနေတဲ့ ကိုရီးယားနိုင်ငံတောင်မှ သူတို့ကိုရီးယားစစ်ပြီးတော့မှ ရုပ်ရှင်ကို ပြန်စရတော့ ၁၉၅၀ ပြည့်နှစ်ကျော်မှ သူတို့က စနိုင်တယ်။ ကျွန်တော်တို့က သူတို့ထက် အများကြီးစောတယ် ဆရာ။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ မြန်မာ့ရုပ်ရှင်လောက ရှေးတုန်းက ပညာသည် ဦးအုန်းမောင်တို့၊ ဦးမောင်မောင်တို့၊ ဦးညီပုတို့ကို ကျွန်တော်လေးစားတာ။

**ကြည်စိုးထွန်း။** ။ မြန်မာ လူမျိုးတွေက ကိုယ့်အားကိုယ်ကိုးပြီးတော့ ခက်ခက်ခဲခဲနဲ့ မြန်မာ့ရုပ်ရှင်လောကကို တည်ဆောက်လာရတာ။ ပိုက်ဆံကြည့်တာလည်း မဟုတ်ဘူး။ ပိုက်ဆံလိုချင်လို့လည်း မဟုတ်ဘူး။ ဝါသနာအရင်းခံပြီးတော့ အမျိုးသားရေးစိတ်ဓာတ်နဲ့ လုပ်ခဲ့တာကို ကျွန်တော်သွားမြင်တယ် ဆရာ။ ၁၉၂၀ မှာ အိမ်နီးနားချင်းနိုင်ငံတွေကို ကြည့်လိုက်တဲ့အခါကျတော့ ထိုင်းက ထိုင်းလူမျိုးကိုယ်တိုင်ရိုက်တာ ၁၉၂၇ ခုနှစ်ကျမှ ရိုက်နိုင်တယ် ဆရာ။

**ကြည်စိုးထွန်း။** ။ ကျွန်တော်တို့က ၁၉၂၀ ပြည့်နှစ် ကတည်းက ကျွန်တော်တို့လူမျိုးနဲ့ ကျွန်တော်တို့ ရိုက်နိုင်နေတာ။ ကျွန်တော်တို့ ရှေးက ပညာသည်ကြီးတွေကို လေးစားစရာတစ်ချက်ပါတယ်လို့ ကျွန်တော်မြင်တာပေါ့ ဆရာရယ်။

**ဦးမြင့်စိုး။** ။ ဇ ရှိတယ်ပေါ့။ အနုပညာဇရှိတယ်။ ကြိုးစားချင်စိတ်ရှိတယ်။

**ကြည်စိုးထွန်း။** ။ စီးပွားရေးလည်း မဟုတ်ဘူး ဆရာ။ စီးပွားရေး မဟုတ်လို့လည်း ဦးအုန်းမောင်ဟာ အစပိုင်းမှာ ကသောင်းကနင်း ဖြစ်သွားတယ်။ ဆိုပါတော့ ဆရာရယ်။ ဦးထွန်းရှိန် ဈာပနဟာဆိုရင် ပိုက်ဆံလေးတစ်ထောင်၊ နှစ်ထောင်နဲ့ စီးပွားရေးသမားကို ရောင်းလိုက်ရတယ်။ ရုပ်ရှင်လောကဟာ တကယ့်အနုပညာစိတ်နဲ့ တည်ဆောက်လာတာ ဆရာ။ တကယ်လည်း ရှိသေလေးစားစရာကောင်းတာပေါ့။

**ဦးမြင့်စိုး။** ။ ဗမာ့ရဲ့ ဇ ပေါ့ဗျာ။ တရုတ်က ၁၈၉၆ ခုနှစ်မှာဆိုရင် သူ့ဆီကို ရုပ်ရှင်တွေဝင်လာပြီ။ နောက်ပြီး ၁၉၀၈ ခုနှစ်မှာ ပထမဆုံး ဘာရိုက်လဲဆိုတော့ ရှိပြီးသား အော်ပရာတွေကို တည်ပြီးတော့ ရိုက်တာ။ ကျွန်တော်တို့နဲ့ မတူဘူး။ ကျွန်တော်တို့က ရိုက်တာ "မေတ္တာနဲ့ သူရာ" ဆိုပါတော့။ "မေတ္တာနဲ့ သူရာ" ဆိုရင် အဓိပ္ပာယ် အများကြီးရှိတယ်။ အရက်ဟာ မကောင်းဘူး။ လောင်းကစားဟာ မကောင်းဘူး။ မေတ္တာတရားဟာ အင်မတန် မွန်မြတ်



ဦးအုန်းမောင်



ဦးမောင်မောင်



ဦးညီပု

တယ်။ ဒီလိုရည်ရွယ်ချက်နဲ့ စတာ။ တကယ်ရှိပြီးသား လယ်လယ်ကကကို ရိုက်တာမဟုတ်ဘူး။ တရုတ်နိုင်ငံမှာဆိုရင် နိုင်ငံခြားသားတွေက ဦးစီးပြီးတော့ တရုတ်အမျိုးသားတွေရိုက်တာ ၁၉၂၂ ခုနှစ်မှ ရိုက်နိုင်တယ်။ ကျွန်တော်တို့ထက် နှစ်နှစ် နောက်ကျတယ်။ ထိုင်းက ကျွန်တော်တို့ထက် ခုနစ်နှစ်နောက်ကျတယ်။ နောက် ကျွန်တော်တို့ စပုံစနည်းချင်းကလည်း ကွာတယ်။ ကျွန်တော်တို့ စတာက တကယ့် အမျိုးသားရေးစိတ်ဓာတ်နဲ့ တကယ့်အနုပညာနဲ့ စခဲ့တာဆိုတော့ ကျွန်တော်က အများကြီးဂုဏ်ယူတယ်။ ပညာပေးပါတာပေါ့။

ဆရာ။ အိန္ဒိယက ၁၈၁၆ လောက်မှာ သူက ရာဇဝင်ကားရိုက်တယ် ဆရာ။ အဲဒီခေတ်က အင်မတန်ကို ဓာတ်ခွဲခြားမှု စနစ်ကကြီးပြီးတော့ မိန်းမတွေ အင်မတန် ဣန္ဒြေထိန်းရတာပေါ့ ဆရာ။ ရုပ်ရှင်မင်းသမီးမပါတော့ ယောက်ျားကနေပြီး မင်းသမီးလုပ်တယ် ဆရာ။

ဟိုတုန်းက ကျွန်တော်တို့ ရုပ်သေးတို့ ဘာတို့မှာဆိုရင် အမျိုးသမီးစင်ပေါ် မတက်ရသလိုနေမှာပေါ့ ဆရာရယ်။ နောက် ရှိတ်စပီးယားခေတ်က ရှိတ်စပီးယားရဲ့ ဇာတ်တွေဆိုရင် ဟို မိန်းမတွေ မတက်ရသလိုနေမှာပေါ့။ အိန္ဒိယက ရုပ်ရှင်အစဟာလည်း အဲဒီလိုပဲ ဆရာ။ မင်းသမီးနေရာကို ယောက်ျားကနေပြီးတော့ မိန်းမပုံစံနဲ့ သရုပ်ဆောင်ရတာပေါ့။

**ဦးမြင့်စိုး။** ။ ခေါင်းမြီးခြုံလို့ ရတာကိုး။ အဲဒါဘာပဲဖြစ်ဖြစ် ကျွန်တော် တို့က တပန်းသာတယ်။ အမျိုးသမီးအခွင့်အရေးကို ပြန်စဉ်းစားရမယ်ဆိုရင် မအေးကြည်တို့စပြီးတော့ မင်းသမီးဖြစ်စဉ်ကတည်းက တကယ့်အမျိုးသမီးတွေနဲ့ ကျွန်တော်တို့ ရိုက်နိုင်ခဲ့တယ်။ ဒါ ဝမ်းသာ

စရာတစ်ခုပါပဲ။ နောက်တစ်ခါ ထူးခြားတာက အဲဒီထဲမှာ ကျောင်းသားတွေပါလာတာ။ မြန်မာ့ရုပ်ရှင်အစမှာ ကျောင်းသား နှစ်ယောက်ပါတယ်။ တစ်ယောက်က ကောလိပ်တောင် ရောက်နေပြီထင်တယ်။ မောင်မောင်ချစ်ဆို တာ။ ဘောလုံးသမား မောင်မောင်ချစ်ဆိုတာ ကောလိပ်ကျောင်းသားပဲ။ ဦးညီပုကလည်း ဟိုက်စကူးကျောင်းသား။ ကျောင်းသားတွေ ပါလာတာကလည်း ကျွန်တော်တို့ ဂုဏ်ယူစရာလေးတွေပါပဲ။ မြန်မာ့ရဲ့ ထူးခြားတဲ့ ဂုဏ်ထူးဝိသေသတွေပေါ့။

**ကြည်စိုးထွန်း။** ။ ကျွန်တော်တို့ မြန်မာ့ရုပ်ရှင်က အစကတော့ ဂုဏ်ယူစရာကောင်းတဲ့ အစပါပဲလို့ ကျွန်တော်မြင်ပါတယ် ဆရာ။ မေတ္တာနဲ့



ဦးထွန်းရှိန်

သူရာ ပထမဆုံး မြန်မာရုပ်ရှင်ကားပေါ့။ ၁၉၂၀ ပြည့်နှစ် အောက်တိုဘာလ ၁၃ ရက်နေ့ ရုံတင်လိုက်တာ။ အဲဒီနေ့မှာ မြန်မာပရိသတ်ကလည်း မြန်မာကားကို တစ်ခါမှ မကြည့်ရဖူးဘူးဆိုတော့ သူ့အရင်ကတော့ ဦးထွန်းရှိန် ဈာပနတော့ ရှိတာပေါ့။

**ကြည်စိုးထွန်း။** ။ ဦးထွန်းရှိန် ဈာပနကတော့ ဒီလိုဇာတ်လမ်းမျိုးလည်း မဟုတ်ဘဲ မှတ်တမ်းတင်ကားပေါ့ ဆရာရယ်။ Documentary ခေါ်မှာပေါ့။ ဒီဟာကတော့ Feature Film ပေါ့ ဆရာရယ်။ တကယ့် ဇာတ်လမ်းနဲ့ ဘာနဲ့ဆိုတော့ ပရိသတ်က အင်မတန် သဘောကျကြတာ။ သဘောကျ နှစ်ခြိုက်ကြတာ။ ဦးအုန်းမောင်ရဲ့ အားထုတ်မှုပေါ့။ ဒီကနေ့တော့ ရုပ်ရှင်ဖခင်ကြီး ဦးအုန်းမောင်ဆိုပြီးတော့ တလေးတစားနဲ့ ရုပ်တုထုပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှာထားတာပေါ့။ အဲဒီလို ရုပ်တုထုပြီး ထားရအောင်လည်း ရုပ်ရှင်ကို တကယ်မြတ်နိုးပြီးတော့ တကယ့်ကို ကြိုးကြိုးစားစား လုပ်ကိုင်ခဲ့တာကိုလည်း ကျွန်တော်သွားတွေ့တယ် ဆရာ။ ဆိုပါတော့ ဆရာရယ်။ ကျွန်တော်တို့ အိမ်နီးနားချင်းနိုင်ငံတွေမှာဆိုရင် ထိုင်းဆိုရင်တော့ ဟောလိဝုဒ်ကနေ လာပြီးတော့ အကူအညီပေးတာရှိတယ်။ အကူအညီပေးတာတောင်မှ သူတို့က ၁၉၂၇ ကျမှ ရုပ်ရှင်ကို စနိုင်တယ်။ တရုတ်ပြည်မှာလည်း ဒီသဘောလေးတွေ ရှိတယ်။



မရီ (ခ) မအေးကြည်

**ကြည်စိုးထွန်း။** ။ မင်းသမီးလုပ်မယ်ဆိုတော့ နှုတ်ခမ်းမွေးကြီးနဲ့ မဖြစ်တော့ နှုတ်ခမ်းမွေးကြီးကို ရိတ်ပစ်လိုက်ရတယ် ဆရာ။ ရိတ်ပြီးတော့ အဲဒီထဲမှာ သူက အမျိုးသမီးသရုပ်ဆောင်အနေနဲ့ ပါတာပေါ့။



တရုတ်အော်ပရာ

**ကြည်စိုးထွန်း။** ။ အဲဒီ ဟာကတော့ ကျွန်တော်တို့ဟာ အစကတော့ ကောင်းခဲ့တာပေါ့။ အဲဒီအနှောင်းကတော့ ကျွန်တော်တို့ ဆက်ပြီးတော့ ပြောကြတာပေါ့ ဆရာရယ်။ ဦးအုန်းမောင် ပရိုဂျူဆာလို့ခေါ်မှာပေါ့ ဆရာ။ နောက်တစ်ခါကျတော့ ဦးညီပု။ ဒီထဲမှာတော့ သူက အဓိကဇာတ်ဆောင်ပေါ့။ ဦးမောင်မောင်ကတော့ အဓိက Director of Photography လို့ ပြောရမှာပေါ့နော် ဆရာ။ နောက် အဲဒီထဲမှာပါတာက ကြည့်မြင်တိုင်သူ မအေးကြည်တဲ့။ အဲဒီနေရာမှာလည်း တစ်ချက်ပေါ့လေ။ ကျွန်တော် ဘာသွားတွေ့သလဲဆိုတော့ အိန္ဒိယနဲ့ ကျွန်တော်တို့နဲ့ ကွာတာ သွားတွေ့တယ်



မောင်မောင်ချစ်



အိန္ဒိယရုပ်ရှင်

စာမျက်နှာ ၉ သို့



Baby Ensign ကင်မရာ

*စာမျက်နှာ ၈ မှ*

သို့သော် ကျွန်တော်တို့ကျတော့ ကျွန်တော်တို့ အမျိုးသားတွေ ကိုယ်တိုင် ကိုက ရုပ်ရှင်ကို စပြီးတော့ လုပ်နိုင်ခဲ့တာပေါ့။

**ဦးမြင့်စိုး။** ။ အနုပညာ ဇ ရှိတယ်။ တီထွင်နိုင်တဲ့ သတ္တိရှိတယ်ဗျာ။ အဲဒါအတွက် ကျွန်တော်တို့က အင်မတန် ကို ဂုဏ်ယူတယ်။ ဝမ်းလည်းသာတယ်။ တကယ်တမ်းလုပ်ခဲ့ရတော့ ဦးအုန်းမောင်က တော်တော့်ကို ကြိုးကြိုးစားစား လုပ်ခဲ့ရတာ။ သူများနိုင်ငံက ရိုက်တဲ့ ရုပ်ရှင်ကားတွေ သူကြည့်တယ်။ ရုပ်ရှင်ရိုက်ချင်တဲ့အခါကျတော့ ကင်မရာရှာတယ်။ သူ့မှာ ဓာတ်ပုံဆိုင်တစ်ဆိုင်ကနေပြီးတော့ ကင်မရာလေး တစ်လုံးရလာတယ်။ သူများ သုံးပြီးသား ကင်မရာလေး။ ရလာတော့ ဝမ်းသာအားရနဲ့ အဲဒီ ကင်မရာလေး ရိုက်မယ်လို့ ကြည့်လိုက်ရော။ အဲဒီကင်မရာမှာ မှန်ဘီလူးပါမလာဘူး။ ဘေဘီအင်ဇိုင်း **BabyEnsign** ကင်မရာလေးပေါ့။ အဲဒါနဲ့ နောက်ထပ် လိုက်ရှာရပြန်တယ်။ နောက်တစ်နေရာမှာ အဲဒါနဲ့ အလားတူတဲ့ဟာလေးကို သွားတွေ့တယ်။ နှစ်လုံးကို တစ်လုံး ပေါင်းလိုက်တော့မှ ကင်မရာတစ်လုံးစာ ဖြစ်သွားတယ်။

**ဦးမြင့်စိုး။** ။ ကင်မရာတစ်လုံး ရသွားတဲ့အခါမှာ ဖလင်မရှိဘူး။ ဖလင်မရှိတော့ နိုင်ငံခြားကားတွေ လာလာပြနေတဲ့ အိန္ဒိယက ကိုယ်စားလှယ် တစ်ယောက်ဆီကနေ အဲဒီ ဖလင်ကို မှာလိုက်ရော။ မှာလိုက်တော့ ဖလင်က ပေ ၂၀၀ စာပါတယ်။ ဆံ့တာက ၅၀ ပဲ ဆံ့တာဆိုတော့ အဲဒီမှာ ဖြတ်ပြီးတော့ လုပ်တယ်။ ဦးမောင်မောင်တို့၊ ဦးညီပုတို့နဲ့ တွေ့ပြီးရိုက်ကြတော့ Actor တွေကလည်း တစ်ခါမှ ရိုက်ဖူးတာ မဟုတ်တော့ အခုခေတ်လို ကားတွေ ဘာတွေလည်း မရှိဘူး။ ဟိုတယ်တွေ ဘာတွေလည်း မရှိတော့ တစ်ခါတည်း လှည်းတွေနဲ့ သွားတယ်လို့ ကြားဖူးတာပေါ့။ ဟိုတုန်းကတော့ ကန်တော်ကြီးလောက်ဆိုရင် တကယ့်တောဖြစ်နေပြီ။ ရိုက်တဲ့အခါကျတော့လည်း ဖလင်ရဲ့ ဆွဲအားကလည်း ကျွဲကော်ဖလင်ဆိုတော့ ညံ့သေးတာကိုး။ အာ… မည်းတူးပြီးတော့ ဘယ်လိုမှသုံးမရပြီး အဲဒီလိုပုံစံကနေမှ နောက်မှ တဖြည်းဖြည်း သူတို့ ကင်မရာကို ပြောင်းတယ်။ ကင်မရာကို သူတို့အခြေအနေအရ ရလိုက်တဲ့အခါ ဆင်ကလဲယားထင်တယ်။ ဆင်ကလဲယား ကင်မရာနဲ့ ရိုက်တဲ့အခါကျမှ ဒီမေတ္တာနဲ့ သူရာ ဆိုတဲ့ ကားက ထွက်လာတယ်။ ဆိုလိုတာက ဦးအုန်းမောင်ရဲ့ ဖွဲ့ပေါ့။ ကျွန်တော်တို့က တစ်ခါတစ်ခါကျညည်းတာပေါ့။ ငါတို့ဆီက စက်တွေက စုတ်နေတာပဲ။ အာ… အညံ့စားတွေ ဘာညာ။ ကျွန်တော်တို့က ညည်းဖူးတာပေါ့။ ဒါပေမယ့် ကျွန်တော်တို့ ညည်းတဲ့ ကင်မရာက ဦးအုန်းမောင်ရဲ့ ကင်မရာနဲ့ စာရင် အများကြီး ကောင်းသေးတယ်။ ဦးအုန်းမောင်ကတော့ မှန်ဘီလူးမရှိတဲ့ ကင်မရာဝယ်မိတယ်။ မှန်ဘီလူးရှိတော့ နောက် ဖလင်မရှိပြန်ဘူး။ ရိုက်ပြန်တော့လည်း မှန်ဘီလူးက ကျွတ်ကျ၊ နောက် တစ်ခါကျတော့ ဖလင်က ကုန်သွား။ မိုးကအုံ့လာ။ ဒီပြဿနာတွေနဲ့ သူဟာ နှစ်နှစ် သုံးနှစ်လောက် ကြိုးပမ်းပြီးတော့ "မေတ္တာနဲ့ သူရာ"ကို ရုံတင်လိုက်တဲ့အခါကျတော့လည်း ဝက်ဝက်ကွဲ အောင်မြင်သွားတော့ နောက်တစ်ကား။ သူဆက်မှန်းတယ်။

**ကြည်စိုးထွန်း။** ။ သူက နောက်တစ်ကား အနေနဲ့ "ကျေးတောသူမနု" ဆိုတဲ့ ဟာလေးပေါ့လေ။ ဒီဝတ္ထုလေးကလည်း ကျွန်တော်သိသလောက် ဆရာတို့ ဖခင်ဦးတင်နွယ်ကနေပြီးတော့ ဟာ ဒီဝတ္ထုလေးကောင်းတယ် ဆိုပြီးတော့ ပြောတာနဲ့ သူတို့ ဒုတိယအကြိမ် ရိုက်လိုက်ကြတယ်လို့ ပြောတယ် ဆရာ။ အဲဒီအကြောင်းနဲ့ ပတ်သက်ပြီး ဆရာ ပြောပါဦးဆရာ။

**ဦးမြင့်စိုး။** ။ ရှင်းရှင်းပြောရရင် ပီမိုးနင်းပေါ့။ ဆရာကြီး ပီမိုးနင်းက "မနု ကျေးတောသူ" ဆိုတာက နာမည်မစားဘူးပေါ့ဗျာ။ "ကျေးတောသူ မနု" လို့ ပြောင်းလိုက်တော့ အဲဒီမှာ မင်းသားက ဦးညီပုပဲ။ အဲဒီမှာ မင်းသမီး မရှိဘူး။ မင်းသမီးကို သူတို့ ရှာတယ်ပေါ့ဗျာ။ ရှာတော့ဗျာ…။ စမ်းချောင်းမြို့နယ်မှာ အရပ်ယိမ်းမှာ ကတဲ့ ယိမ်းသမတစ်ယောက်ပေါ့။ နှာတံပေါ်ပေါ်လေး။ ကိုယ်လုံးလေးက ကျစ်ကျစ်လျစ်လျစ် မငွေမြိုင်ပါ နာမည်က။ တွေ့တော့ကာ ရွေးလိုက်ရော။ ရွေးလိုက်တော့ကာ ဇာတ်လမ်းအရဆိုရင် ဦးညီပုက မောင်မြင့်နေရာမှာ၊ မငွေမြိုင်က မနုရဲ့ နေရာမှာ၊ လူကြမ်းက ဦးတုတ်ကြီး၊ ဦးပါကြီးက မနုရဲ့ အဖေ။ အဲဒီမှာ ရိုက်တော့ကာ စတူဒီယိုမရှိဘူးဗျ။ အတွင်းခန်းတွေရောက်ချင်တာ Indoor ပေါ့ဗျာ။ စတူဒီယိုမရှိ ဘာလုပ်သလဲဆိုတော့။ ပြည်မြို့ထန်းတောမှာ အောက်ခြေက သုံးထပ်သားခင်း၊ တိုင်တွေစိုက်၊ ပိတ်ဖြူမိုးပြီးတော့ကာ ရိုက်တယ်။ ပိတ်ဖြူမိုးတော့ နေရောင်က တိုက်ရိုက် မဖြစ်ဘူးပေါ့။ ရှင်းရှင်းပြောလို့ရှိရင် Filter ခံပြီးသား။ အဲဒီမှာ ကျွန်တော်တို့ ဇာတ်ကားကို သုံးလတည်းနဲ့ အပြီးရိုက်တာ။ သုံးလအပြီးဆိုတော့ ရှေးတုန်းကတော့ မြန်တယ် ခေါ်တာပေါ့။ အခုခေတ်ဆိုလို့ ရှိရင်တော့ ကြာတယ် ခေါ်တာပေါ့။ ဒါပေမယ့် ဟိုတုန်းကတော့ မြေစမ်း ခရမ်းပျိုးကြတာ။ အဲဒါ ဘယ်မှာပြလဲဆိုတော့ကာ ၁၉၂၂ ခုနှစ် မတ်လ စီနီမာဒီပဲရစ်ရုံမှာပဲ ပြတယ်။ အမှန်က သူ့နာမည်က မငွေမြိုင် ဇာတ်ကားထဲမှာကတော့ မနု။ အဲဒီကနေစပြီးတော့ မင်းသမီး ခင်ခင်နုဆိုပြီးတော့ နာမည်ကျော်သွားတယ်။



'ကျေးတောသူ မနု' ဇာတ်ကားတွင် စတင်ပါဝင်သူ မငွေမြိုင်(နောင်တွင် ခင်ခင်နု) နှင့် ဒါရိုက်တာ ဦးပါကြီး။

**ကြည်စိုးထွန်း။** ။ ဩော်…သူ့ဇာတ်ကားထဲက နာမည်က တစ်ခါတည်း အပြင်နာမည်ပါ ဖြစ်သွားတာပေါ့။ ဒါဆို ဦးကျောက်လုံးလိုပေါ့ ဆရာရယ်။ ဦးကျောက်လုံး နာမည်က ဦးအောင်ကြီး ဆရာ။ ဒါပေမယ့် "ဤလူ့ဘောင်တွင်" မှာ ထင်တယ်။ သူက ဦးကျောက်လုံးတဲ့ ဇာတ်ကောင်နာမည်က။ "ဦးကျောက်လုံး"က သိပ်အောင်မြင်တဲ့အခါကျတော့ ဦးအောင်ကြီး နာမည်ပျောက်သွားပြီး ဦးကျောက်လုံးဆိုပြီး ဖြစ်သွားတယ်။ အဲဒီလိုနေမှာပေါ့ ဆရာ။ အခု ခင်ခင်နုမလည်း မငွေမြိုင်ပျောက်ပြီးတော့ "ခင်ခင်နု" ဖြစ်သွားတယ်။

**ဦးမြင့်စိုး။** ။ ဘယ်လောက်တောင် ပရိသတ်က အစွဲကြီးသလဲဆိုလို့ရှိရင် အဲဒီအစွဲကိုယူပြီးတော့ သူ့နာမည်ပါ ပြောင်းပစ်ရတယ်။ မငွေမြိုင်လည်း "ခင်ခင်နု" ဖြစ်သွားတယ်။

**ကြည်စိုးထွန်း။** ။ အဲဒီမှာ ထူးခြားတာတစ်ခုက ကားပြတဲ့အခါမှာ ကျွန်တော်တို့ တီးလုံးနဲ့ပေါ့ ဆရာ။ အရင်က ကျွန်တော် ကြားဖူးတာကတော့ မေတ္တာနဲ့ သူရာမှာ စန္ဒရားတစ်လုံးတည်းနဲ့ ဇာတ်ပို့တာပေါ့။ ဒီဟာကျတော့ တိုးတာလည်းပြောတယ် ဆရာ။ အဲဒီအကြောင်းလည်း ပြောဦး ဆရာ။

**ဦးမြင့်စိုး။** ။ တိုးတာကတော့ ကျွန်တော် ထင်တယ် တီးလုံးပေါ့ဗျာ။ တီးလုံးဆိုတာကတော့ နောက်ကပို့ပေးတာပေါ့။ ပြေးတယ် လိုက်တယ် ဆိုရင် မြန်မာ့ဂီတ သံစဉ်အရ ဗိန်းဗောင်းတီးတာပေါ့။ ရိုးရိုးချစ်ခန်းဆိုရင် တယောလေး တီးတာပေါ့ဗျာ။ အဲဒါမျိုးတွေပါ။ သူ့ရဲ့ လှုပ်ရှားမှုရဲ့ သဘော သဘာဝအရ ကျွန်တော်တို့ နောက်ခံပေးတဲ့ ဂီတလည်း ပြောင်းလာတဲ့ အပိုင်းလေးတွေ ရှိတာပေါ့။ ဒါကတော့ ကျွန်တော် ထင်တယ်လေ မြန်မာ့ဇာတ်သဘင်တို့ရဲ့ ထုံးတမ်းစဉ်လာအရ ဖြစ်လာတာကိုး။ မြန်မာ့ရဲ့ မူရင်းဇာစ်မြစ်ပေါ့ဗျာ။ မြန်ရင် မြန်တယ်။ ဗိန်းဗောင်းတီးတယ်။ အလွမ်းခန်းတွေ ဘာတွေဆိုရင် တယော လေးနဲ့ ချွဲချွဲပျစ်ပျစ် ဒါကတော့ ဖြစ်စဉ်ရဲ့ သဘာဝအရ တီးလုံးက သရုပ်ဖော်ပေးရ တယ်၊ ပံ့ပိုးပေးရတယ်။ မေတ္တာနဲ့ သူရာ တုန်းကတော့ ရုပ်ရှင်တီးလုံးရယ်လို့ မရှိဘူး။ ကျပန်း ဇာတ်သဘင်တီးလုံးတွေ ယူပြီးတော့ တီးတယ်။ စန္ဒရားတစ်လုံးပဲ။ ကျေးတောသူ မနုကျတော့ကာ ဘာပါလဲဆိုရင် စန္ဒရား အပြင်၊ တယောတို့၊ မယ်ဒလင်တို့ ပံ့ပိုးပေးနိုင်တဲ့ဟာ၊ ရုပ်ရှင်ရဲ့ ပုံရိပ်ရသကို ပိုပြီးတော့ ကြွအောင် ဖန်တီးပေးနိုင်တာလေးတွေ သုံးလာတယ်။ မြန်မာ့ရဲ့ တေးဂီတ တူရိယာပိုင်းရဲ့ ဦးဉ်ပေါ့ဗျာ။

**ကြည်စိုးထွန်း။** ။ ဆရာ အဲဒီမှာ အဆိုတော်လည်း ပါလာတယ်ထင်တယ်။

**ဦးမြင့်စိုး။** ။ အဆိုတော်လည်း ပါလာတယ်။ အဆိုတော်ပါလာတာက ဘာလို့တုံးဆိုတော့ အမှန်တော့ တီးလုံးချည်းပဲဆိုရင် ငြီးငွေ့တယ်ပေါ့နော်။ အဲဒီထဲမှာ အဆိုလည်းပါတယ်။ လွမ်းလို့ရှိရင် လွမ်းချင်းပေါ့ဗျာ။ ချွဲတယ်ပေါ့ဗျာ အမှန်ကတော့။

**ကြည်စိုးထွန်း။** ။ မြန်မာ့ရုပ်ရှင်မှာတော့ ဒီကားမှာ စပြီးတော့ သီချင်းဆိုတာ ပထမဆုံးပေါ့။

**ဦးမြင့်စိုး။** ။ အဆိုတော်ကလည်း ဘယ်သူလဲ ဆိုတော့ ဦးဖြိုးတဲ့ ကိုဖြိုးတဲ့။

**ကြည်စိုးထွန်း။** ။ ဒါ ဦးဖြိုးကတော့ ပထမဆုံး အဆိုတော်ပေါ့ ရုပ်ရှင်မှာ။

**ဦးမြင့်စိုး။** ။ မြန်မာ့ရုပ်ရှင်ရဲ့ ပထမဆုံး နောက်ခံ တေးဂီတ အဆိုတော် ပေါ့ဗျာ။ အဆိုတော်ဆိုတော့လည်း သိတဲ့ အတိုင်းပေါ့ဗျာ။ မြန်မာ့ရုပ်ရှင်ရဲ့ လှုပ်ရှားမှုကို တေးဂီတနဲ့ ပံ့ပိုး ပေးတာပေါ့ဗျာ။ မြန်မာတင် မဟုတ်ဘူးပေါ့ဗျာ။ ဘယ် တိုင်းပြည်မှာပဲ ဖြစ်ဖြစ် တေးဂီတရဲ့ ရသက အဖြစ်အပျက်ကို ပို့ပေးနိုင်တယ်ပေါ့။



ပီမိုးနင်း



ခင်ခင်နု

*(ဆက်လက်ဖော်ပြပါမည်)*

*ဆောင်းပါးရှင် ဆရာသန်းဇော်က ယနေ့တိုးတက်ပြောင်းလဲလာသော ရေကြောင်းမဟာဗျူဟာနှင့်ပတ်သက်၍ ရေငုပ်သင်္ဘောတိုက်ဖျက်ရေးစစ်ဆင်မှုကို ပိုမိုစွမ်းအားကောင်းအောင် ပြင်ဆင်ဆောင်ရွက်လာပြီး လေယာဉ်တင်သင်္ဘောတိုက်ခိုက်ရေးအုပ်စု ၊ ပင်လယ်ရပ်ခြား တိုက်ခိုက်ရေးအုပ်စု ၊ ရေပြင်တိုက်ခိုက်ရေးအုပ်စုတို့သည် ပင်လယ်ရေကြောင်းမဟာဗျူဟာများအရ ပင်လယ်ပြင်တွင် ဆက်လက်အခြေပြုနေမည်တို့ကို ရေးသားဖော်ပြထားပါသည် –*

*(စာတည်းအဖွဲ့)*

# တဖြည်းဖြည်း တိုးတက်ပြောင်းလဲလာသော ပင်လယ်ရေကြောင်း မဟာဗျူဟာ

—— သန်းဇော် ——

**“ ပင်လယ်ပြင်ကို ပိုင်နိုင်စွာ လွှမ်းမိုးချုပ်ကိုင်ခြင်းမရှိဘဲ၊ မိမိစစ်အင်အားကို ပင်လယ်ပြင်လွှမ်းမိုးနိုင်ရန် ချဲ့ထွင်မှုမရှိဘဲ ငါတို့သည် ပင်လယ်ရေကြောင်းကူးသန်းရောင်းဝယ်မှုကို မကာကွယ်နိုင်ပါ။ ပင်လယ်ပြင်၌ဖြစ်ပေါ်သည့် ဘေးအန္တရာယ်ကိုလည်း မကာကွယ်နိုင်ပါ၊ ပင်လယ်ပြင်တွင်ဖြစ်ပေါ်သည့် သဘာဝဘေးအန္တရာယ်များကိုလည်း မကယ်တင်နိုင်ပါ။ မတရားကျူးကျော် သိမ်းပိုက်ခြင်းကြောင့်၊ ဖျက်အားပြင်းလက်နက်များကြောင့် (Weapons of Mass Destruction–WMD)၊ မူးယစ်ဆေးဝါးများကြောင့်၊ ပင်လယ်ဓားပြတိုက်ခြင်းကြောင့်။ လူ့ဘောင်အဖွဲ့အစည်းများ အကြားရှိ မတူညီသော ဆိုးသွမ်းမှုကိုလည်း ကာကွယ်တားဆီးပေးနိုင်စွမ်းရှိမည် မဟုတ်ပါ။**

“ပင်လယ်ပြင်ကို လွှမ်းမိုးနိုင်သည့် အင်အားမရှိဘဲ၊ သမ္မတဘုရှ် ပြောသလို လွတ်လပ်မှုကို လိုလားနှစ်သက်သူတိုင်း ပင်လယ်ပြင်ကိုလွှမ်းမိုးနိုင်သည့် ဟန်ချက်ညီ စွမ်းပကားမရှိဘဲနှင့် အောင်မြင်မှုရရန် ငါတို့ရော၊ ကမ္ဘာကြီးရော ဘာမှမမျှော်လင့်နိုင်ဘူး” ဟု အမေရိကန် ရေတပ်ဦးစီးချုပ် Admiral Mullen (Chief of Naval Operators –CNO)က ရေတပ်စစ်ဦးစီးတက္ကသိုလ်တွင် ၃၁-၈-၂၀၀၅ ရက်နေ့တွင် မိန့်ခွန်းပြောကြားခဲ့ပါသည်။ ယင်း၏ မိန့်ခွန်းသည် ပင်လယ်ရေကြောင်း မဟာဗျူဟာ အသစ်ကို ရည်ညွှန်းပြောဆိုခြင်း ဖြစ်ပါသည်။

ယခင်က ပင်လယ်ရေကြောင်း မဟာဗျူဟာသည် ပင်လယ်ပြင်ကို ထိန်းချုပ်နိုင်ရန် ဦးတည်ခဲ့သော်လည်း ယခုမဟာဗျူဟာ အသစ်ကတော့ နိုင်ငံတစ်နိုင်ငံတည်းက ပင်လယ်ပြင်ကို ထိန်းချုပ်ထားသည့်အခါ နိုင်ငံတကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မရရှိနိုင်ဟူသောအချက်ကို အသိအမှတ်ပြု လက်ခံရမည်ဖြစ်ပါသည်။

**ရေငုပ်သင်္ဘောတိုက်ဖျက်ရေး စစ်ဆင်မှု**

ယခုမဟာဗျူဟာ၏ အဓိကကျသော အချက်က အင်အားတောင့်တင်းသော ရေငုပ်သင်္ဘော တိုက်ဖျက်ရေးစစ်ဆင်မှု (Anti– Submarine Warfare – ASW) စွမ်းဆောင်မှုများ လိုအပ်သည်။ ယင်းစစ်ဆင်မှုသည် ရန်သူကို ရှာဖွေရန်၊ တည်နေရာကိုသတ်မှတ်ရန်၊ ခြေရာခံရန်၊ အမျိုးအစားခွဲခြားရန် လိုအပ်လျှင် ရန်သူ့ရေငုပ်သင်္ဘောကို တိုက်ခိုက်ရန်အတွက် ရေပြင်စစ်သင်္ဘောများ၊ လေယာဉ်နှင့် ရဟတ်ယာဉ်များ၊ ရေငုပ်သင်္ဘောများနှင့် ယင်းတို့၌ တပ်ဆင်ထားသော အာရုံခံကိရိယာများနှင့် လက်နက်များကို အသုံးပြု၍ တိုက်ခိုက်သော ရေကြောင်းတိုက်ပွဲ၏ အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။

ယင်းကဲ့သို့သော စွမ်းဆောင်ရည်မရှိဘဲ အမေရိကန်ရေတပ်သည် မျက်မှောက်ခေတ်နှင့် အနာဂတ်တွင် ကြုံတွေ့ရမည့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ထိပ်တိုက်ရင်ဆိုင်ရန် မဖြစ်နိုင်ပါ။

ရေတပ်သည် ကမ္ဘာကြီး၏ မည်သည့်နေရာတွင်မဆို ရှိနေသော အမေရိကန်နှင့်အပေါင်းပါ ညွှန့်ပေါင်းတပ်ဖွဲ့များကို သွားရောက်ကူညီရန်နှင့် ဆက်လက်ပံ့ပိုးပေးနိုင်ရန်အတွက် အင်အားတောင့်တင်းသော ASW ရှိရန် လိုအပ်ပြီး လေ့ကျင့်မှုပြည့်ဝ၍ ခေတ်မီလက်နက်ကိရိယာများ တပ်ဆင်ထားသော ကျွမ်းကျင်မှုရှိသည့် ရေငုပ်သင်္ဘောတိုက်ဖျက်ရေး စစ်ဆင်မှုတပ်ဖွဲ့ (Professional ASW Force) များသည် အတိတ်ကာလ ပင်လယ်ရေကြောင်း မဟာဗျူဟာ၏ အခြေခံအုတ်မြစ် ဖြစ်ခဲ့ပါသည်။

ယင်းမဟာဗျူဟာသည် ကမ္ဘာ့သမုဒ္ဒရာများ ၊ ပင်လယ်များ ၊ ကမ်းခြေရေတိမ်ဒေသများနှင့် ရေလမ်းကြောင်း ပိတ်ဆို့မည့်နေရာများတွင် လွတ်လပ်စွာ သွားလာနိုင်ရန် အာမခံချက်ရှိရမည်ဖြစ်ပြီး ASW သည် အမေရိကန်၏ ပင်လယ်ရေကြောင်း မဟာဗျူဟာအသစ်အတွက် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။

အမေရိကန်၏ မဟာမိတ်များအတွက် လုံခြုံစွာ ကူးသန်းသွားလာနိုင်ရန်သာမက အမေရိကန်အတွက်လည်း လွတ်လပ်စွာ ကူးသန်းသွားလာနိုင်ရေးနှင့် ပင်လယ်ကို ထိန်းချုပ်ရန် လိုအပ်ချက်သည် မူဝါဒပြောင်းလဲမှုမရှိပေ။ အတိတ်ကာလ အမေရိကန်ပင်လယ်ရေကြောင်း မဟာဗျူဟာသည် ထိုအမြင်ကို အစဉ်ထိန်းသိမ်းပြီး အနာဂတ်တွင်လည်း ဆက်လက်ထိန်းသိမ်းမည်ဖြစ်ပါသည်။

**အမေရိကန်၏ ပင်လယ်ရေကြောင်း မဟာဗျူဟာတိုးတက်ပြောင်းလဲလာမှု**

ASW သည် ပထမကမ္ဘာစစ်ကတည်းက အရေးပါကြောင်းသိရှိခဲ့ပြီး ဒုတိယကမ္ဘာစစ်တွင် ရေငုပ်သင်္ဘောများ၏ တိုက်စစ်/ခံစစ် အသွင်ဆောင်သော စစ်နည်းဗျူဟာများ ပိုမိုတိုးတက်လာခဲ့ပါသည်။

၁၉၅၅ ခုနှစ်တွင် အမေရိကန်ရေတပ် ၏ နော့တီလပ်( USS Nautilus) သည် ကမ္ဘာ့ပထမဆုံး အဏုမြူစွမ်းအင်သုံးအဖြစ် တပ်တော်ဝင်ခဲ့ပြီး ၁၉၆၀၊ ၁၉၇၀ ပြည့်ကျော်နှစ်များတွင် အမေရိကန်နှင့် ဆိုဗီယက်သည် ပဲ့ထိန်းဒုံးတပ်ဆင်ထားသော အဏုမြူစွမ်းအင်သုံး ရေငုပ်သင်္ဘောများ SSBNs (Nuclear–powered Ballistic Missile–firing Submarine)ကို ပိုင်ဆိုင်လာပါသည်။

**ပင်လယ်ပြင် စီမံကိန်း ၂၀၀၀**

၁၉၇၇ ခုနှစ်၊ ဇန်နဝါရီလ သမ္မတဂျင်မီကာတာ ကျမ်းသစ္စာကျိန်ဆိုပြီးနောက် ရေတပ်ဝန်ကြီး (Secretary of the Navy) Graham Clayton Jr. သည် ရေတပ်နှင့် ပတ်သက်ပြီး သမ္မတ၏ သုံးသပ်ချက်မှတ်ချက်ကို မကြိုက်နှစ်သက်သဖြင့် တိုက်စွမ်းအားနှင့် မူဝါဒရည်မှန်းချက်တို့ ဆက်နွယ်သော ပြီးပြည့်စုံသည့် လေ့လာချက်ကို ပြုလုပ်ရန် ၁-၈-၁၉၇၇ ရက်နေ့တွင် ညွှန်ကြားခဲ့ပြီး ယင်းလေ့လာမှုကို ပင်လယ်ပြင်စီမံကိန်း ၂၀၀၀ (Sea Plan 2000) ဟု ခေါ်ပါသည်။

ယင်းလေ့လာမှုတွင် ရေတပ်နှင့် ကမ်းတက်တပ်ဖွဲ့များ၏ အများဆုံးစွမ်းဆောင်နိုင်မည့် တာဝန်များ၊ ထိုတာဝန်များကို ခွင့်ပြုပေးထားသော ဘဏ္ဍာရေး၊ ရေတပ်၏ အရွယ်အစားဖြင့် အောင်မြင်အောင် မည်သို့စွမ်းဆောင်နိုင်မလဲကို စစ်ဆေးရန်ဖြစ်ပြီး ထိုလေ့လာမှုသည် အမေရိကန်၏ မဟာဗျူဟာရည်မှန်းချက်နှင့် ရေတပ်၏ ဖွဲ့စည်းပုံတို့ ညီမျှရန် ကြိုးစားခဲ့ကြပါသည်။

**ပင်လယ်ရေကြောင်း မဟာဗျူဟာ**

၁၉၈၄ ခုနှစ်တွင် ရေတပ်သည် ပင်လယ်ရေကြောင်း မဟာဗျူဟာဟု ခေါင်းစဉ်တပ်ခေါ်ဆိုပြီး ယင်း၏ မဟာဗျူဟာအမြင်ကို တရားဝင်အောင် စတင်ပြုလုပ်ခဲ့ပါသည်။ ယင်းပင်လယ်ရေကြောင်းမဟာဗျူဟာသည် သတ်မှတ်ထားသော အမျိုးသားစစ်ရေး မဟာဗျူဟာများ (National Military Strategies – NMS) နှင့်အညီ ခွင့်ပြုပေးထားသော ကာကွယ်ရေးဘတ်ဂျက်ဖြင့် ရည်မှန်းချက် အစီအစဉ် (Program Objective Memorandum–POM)အတိုင်း လာမည့်ငါးနှစ်အတွက် ရေတပ်မှဖြည့်တင်းရန် လိုအပ်သော ပစ္စည်း၊ ကိရိယာများကို တစ်နှစ်ပြီးတစ်နှစ် ဖြည့်ဆည်းတပ်ဆင်ရမည်ဖြစ်ပြီး အသွင်သဏ္ဌာန်အားဖြင့် အမျိုးသားစစ်ရေး မဟာဗျူဟာကို ပံ့ပိုးပေးခြင်းဖြစ်ပြီး ရေတပ်၏ ဘဏ္ဍာငွေရရှိမှု အပေါ်တွင် အခြေခံပြီး ဘက်စုံစွမ်းဆောင်ရည်ရှိအောင် ကြိုးစားခဲ့ပါသည်။



အမေရိကန်၏ မဟာဗျူဟာသည် ကမ္ဘာလုံးဆိုင်ရာ ရှေ့ပြေးတားဆီးခြင်း အမြင်ပေါ်မှာအမှီပြုနေပြီး ယင်းမဟာဗျူဟာသည် ထိုစဉ်က ဆိုဗီယက်၏ ပင်လယ်ရေကြောင်းတပ်ဖွဲ့များကို ထိန်းချုပ်နိုင်ရန် အဓိကထားခဲ့သည်။ တားဆီးရာတွင် ဆိုဗီယက်၏ တန်ဖိုးထား စိတ်ဝင်စားသော နေရာတိုင်းတွင် အမေရိကန်ရေတပ်သည် ဖိအားပေးခြင်းကို အသုံးပြု၍ တားဆီးဟန့်တားရမည် ဖြစ်ပါသည်။

ပဲ့ထိန်းဒုံးတပ်ဆင်ထားသော ရေငုပ်သင်္ဘောတိုက်ဖျက်ရေး (Anti–Ballistic Missile Submarine – SSB) အတွက် ကင်းလှည့်ခြင်းနှင့် ပစိဖိတ်နှင့်အတ္တလန္တိတ် ရေတပ်အုပ်စု၏ အဓိကကျသော ပင်လယ်ပြင် ဆက်သွယ်ရေး လမ်းကြောင်းများ (SLOCs) ကို တာဝန်ယူပြီး ကာကွယ်ပေးရန်အတွက် ကောင်းစွာစုဖွဲ့တပ်ဆင်ထားသော ရေငုပ်သင်္ဘောတပ်ဖွဲ့ပေါ်တွင် အမေရိကန်ရေတပ် မဟာဗျူဟာသည် ကြီးမားစွာမှီခိုနေပါသည်။

ကျွန်ုပ်တို့၏ ပဲ့ထိန်းဒုံးတပ်ဆင်ထားသော အဏုမြူစွမ်းအင်သုံး ရေငုပ်သင်္ဘောတိုက်ဖျက်ရေး (Anti–SSBN Capability) စွမ်းဆောင်နိုင်မှုသည် ကမ္ဘာလုံးဆိုင်ရာစစ်ပွဲအတွက် ရေတပ် မဟာဗျူဟာတစ်ခုလုံးအပေါ်တွင် အကြီးမားဆုံးတွန်းအား ဖြစ်ပါသည်။

တိုက်စစ်အသွင် (ASW) နှင့် ရေပြင်သင်္ဘောတိုက်ဖျက်ရေး စစ်ဆင်မှု(Anti–Surface Warfare– ASuW)က ဦးဆောင်နိုင်သော ကျွန်ုပ်တို့၏ စွမ်းဆောင်ရည်သည် ပင်လယ်ရေကြောင်း မဟာဗျူဟာအသစ်၏ အရေးကြီးဆုံး ဗဟိုအချက်အချာဖြစ်ပြီး (၄-၅-၁၉၈၄) ရက်နေ့တွင် ရေတပ်ဦးစီးချုပ် Admiral James D.Watkins က အမေရိကန် ရေတပ် ပင်လယ်ရေကြောင်း မဟာဗျူဟာ အသစ်ကို လက်မှတ်ရေးထိုးခဲ့ပါသည်။

ယင်းမဟာဗျူဟာသည် နက်ရှိုင်းသော ပင်လယ်များနှင့် ပွင့်လင်းသမုဒ္ဒရာများတွင် ဖြစ်ပွားသော ပင်လယ်ရေပြာ စစ်ဆင်ရေးနှင့် ပင်လယ်ပြင်စစ်ဆင်ရေး အမြင်တစ်ခု ဖြစ်ပါသည်။ ဆိုလိုသည်မှာ အမေရိကန်နှင့် စစ်ဖြစ်ပါက ယင်းနိုင်ငံများမှ ပိုမိုဝေးကွာသော နက်ရှိုင်းသော ပင်လယ်၊ ပွင့်လင်းသမုဒ္ဒရာများ၏ ပင်လယ်ရေပြာတွင် ဖြစ်ပွားလိမ့်မည်။ ကမ်းခြေရေတိမ်ဒေသတွေမှာ တိုက်ခိုက်ရတာတွေရှိသလို ပင်လယ်ပြင်မှလည်း တိုက်ခိုက်မှုတွေ ဖြစ်ပွားလာနိုင်ပါသည်။

ယင်းမဟာဗျူဟာသည် ရေတပ်၏ ASW စစ်ဆင်မှုစွမ်းဆောင်ရည်များပေါ်တွင် ကြီးမားစွာမှီခိုခဲ့ပြီး ရန်သူရေငုပ်သင်္ဘော၏ ခြိမ်းခြောက်မှုကို ထိန်းချုပ်ရန် လိုအပ်သည်သာမက အမေရိကန်သည် ကမ္ဘာ့သမုဒ္ဒရာများ၊ ပင်လယ်များ၊ ရေလက်ကြားများနှင့် ရေလမ်းကြောင်းများကို လုံခြုံမှုရှိစွာသွားလာရန်လည်း လိုအပ်ပါသည်။ ထိုမဟာဗျူဟာကို အောင်မြင်ပြီးမြောက်ရန်အတွက် ရေတပ်သည် လေယာဉ်များ၊ ရေပြင်တိုက်ခိုက်ရေး တပ်ဖွဲ့များနှင့် ရေငုပ်သင်္ဘောများပါဝင်စုဖွဲ့ထားသော အင်အားတောင့်တင်းသော၊ ခေတ်မီသော၊ စွမ်းဆောင်ရည်မြင့်သော ASW စစ်ဆင်မှု ကိရိယာများ တပ်ဆင်ထားသည့် ရေတပ်အုပ်စု လိုအပ်ပါသည်။

**အခြေခံယူဆချက် ၃ ချက်**

၁၉၈၆ ခုနှစ် ဇူလိုင် ၁ ရက်နေ့တွင် Admiral Carlisle Trost သည် ရေတပ်ဦးစီးချုပ် ဖြစ်လာပြီးနောက် ၁၂-၁၀-၁၉၈၉ ရက်နေ့ လီနင်ဂရက်ရေတပ် သင်တန်းကျောင်းတွင် မိန့်ခွန်းပြောကြားရာ၌ အမေရိကန်သည် စီးပွားရေးနှင့် နိုင်ငံရေးရပ်တည်မှုအတွက် ပင်လယ်ပြင်ကိုမှီခိုနေရသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မိမိတို့နိုင်ငံ၏ ဘဝခရီးလမ်းကြောင်းကို ပျက်စီးစေရန် စိန်ခေါ်နိုင်သည့် စွမ်းရည်ရှိသောနိုင်ငံမှာ ကမ္ဘာပေါ်တွင် ဆိုဗီယက် တစ်နိုင်ငံတည်းသာ ဖြစ်သည် ဟု ပြောကြားခဲ့ပါသည်။

ကျွန်ုပ်တို့၏ အမျိုးသားမူဝါဒ ရည်မှန်းချက်များကို ပံ့ပိုးရန်နှင့် အမေရိကန်နှင့် မဟာမိတ်တို့၏ အကျိုးစီးပွားကို ကာကွယ်ရန်အတွက် ရေတပ်အင်အားကို ကမ္ဘာကြီးတွင် ထိရောက်စွာ အသုံးချရန် စီမံခြင်းသည် ပင်လယ်ရေကြောင်း မဟာဗျူဟာအမြင်တစ်ခုပင်ဖြစ်ကြောင်း ယင်းက ပြောကြားခဲ့ပါသည်။

ရေတပ်ဦးစီးချုပ် Trost ၏ မဟာဗျူဟာသည် အောက်ဖော်ပြပါ အခြေခံကျသော ယူဆချက် (၃) ခုပေါ်တွင် အခြေပြုခဲ့ကြောင်း၊ ယင်းအချက်မှာ–

(၁) ဟန့်တားခြင်း၊

(၂) မဟာမိတ်များ ဆက်သွယ်မှု မပြတ်အောင် စုဖွဲ့ခြင်း၊

(၃) ရှေ့ပိုင်းတွင် တပ်ဖြန့်ချထားခြင်းတို့ ဖြစ်သည်။

ရေတပ်ဦးစီးချုပ်၏ အခြေခံယူဆချက် ပထမအချက်နှင့် တတိယအချက်သည် အင်အားတောင့်တင်းသော ASW စစ်ဆင်မှု အနှစ်သာရနှင့် စွမ်းဆောင်နိုင်မှုတို့ လိုအပ်ကြောင်းဖော်ပြနေပြီး၊ ဟန့်တားခြင်းသည် အမေရိကန်၏ စီးပွားရေးနှင့် နိုင်ငံရေးအကျိုးစီးပွားကို အနှောင့်အယှက်မပေးရန် သေချာအောင် ပြုလုပ်ရမည်ဖြစ်သည်။ ဟန့်တားခြင်း ယူဆချက်ကို အောင်မြင်ပြီးမြောက်စေရန်အတွက် ရေတပ်အင်အားသည် အခြေစိုက်စခန်းမှ ပိုမိုဝေးကွာသော နေရာတွင် လွတ်လပ်စွာစစ်ဆင်ရေးကို ဦးဆောင်တိုက်ပွဲဝင်နိုင်စွမ်းရှိသော ပြောင်းလွယ်ပြင်လွယ်ရှိသော၊ စွမ်းပကားရှိသော ရေတပ်အုပ်စုကြီး လိုအပ်ပါသည်။

ထိုရေတပ်အုပ်စုကြီးသည် ပဋိပက္ခများနှင့် ပတ်သက်သော ခြိမ်းခြောက်မှုမျိုးစုံကို တုံ့ပြန်ရန်စွမ်းဆောင်နိုင်ရမည် ဖြစ်ပြီး၊ ယင်းစွမ်းဆောင်မှု၏ အချက်အချာသည် ဝေဟင်၊ ရေပြင်နှင့်အာရုံခံစနစ်မျိုးစုံတို့ ကျယ်ပြန့်စွာ အသုံးပြုပြီး ပေါင်းစပ်စုစည်းထားသည့် ASW စစ်ဆင်မှုကို ဦးဆောင်နိုင်ခြင်းသည် အမေရိကန်ရေတပ်၏ စွမ်းဆောင်မှုဖြစ်ပါသည်။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

လေယာဉ်တင် စစ်ရေယာဉ်အုပ်စု (Carrier Battle Group-CVBG) သည် အမေရိကန်ရေတပ်၏ အဓိကကျောရိုးဖြစ်သည်ဟု ရေတပ်ဦးစီးချုပ် Admiral Trost က ယုံကြည်သည်။ ယင်း CVBG ကို ဘက်စုံတာဝန်ထမ်းဆောင်နိုင်သော ရေပြင်တိုက်ခိုက်ရေးတပ်ဖွဲ့များ၊ ရေငုပ်သင်္ဘောများနှင့် လေယာဉ်၊ ရဟတ်ယာဉ်တို့ မျိုးစုံ ပါဝင်စုဖွဲ့ထားသော ကာကွယ်ရေး အင်အားစုကြီးက ကာကွယ်ပေးရန်လိုအပ်ပါသည်။

ယင်းကာကွယ်ရေး အင်အားစုကြီးသည် လေယာဉ်တင် စစ်ရေယာဉ်အုပ်စု CVBG (သို့မဟုတ်) တန်ဖိုးကြီးမားသော တပ်ဖွဲ့ကြီး ( High Value Unit - HVU) ၏ ပတ်ဝန်းကျင်ရှိ လေပြင်၊ ရေပြင်နှင့် ရေပြင်တစ်ဝိုက်ကို အလွှာစုံ၊ ဇုန်အလိုက်၊ အဆင့်ဆင့်ခုခံကာကွယ်ပေးရန် လိုအပ်သည်။ CVBG က အမေရိကန်ကို ရန်လိုတားဆီးမှုနှင့် အပြန်အလှန် အကျိုးစီးပွားကို ကာကွယ်ပေးနိုင်သော၊ ကြီးမားစွာ ရွေ့ပြောင်းနိုင်သော၊ ထူးကဲစွာ ပြောင်းလွယ် ပြင်လွယ်ရှိသော အခြေစိုက်စခန်းအဖြစ် ပံ့ပိုးပေးရမည် ဖြစ်ပါသည်။

CVBG ကို အလွှာစုံ၊ ဇုန်အလိုက်၊ အဆင့်ဆင့် ခုခံကာကွယ်ရေး မဟာဗျူဟာ၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ASW စစ်ဆင်မှု မရှိဘဲနှင့် အမေရိကန်ရေတပ်သည် တာဝန်များကို အောင်မြင်ပြီးမြောက်အောင် မထမ်းဆောင်နိုင်ပါ။

၁၉၉၁ ခုနှစ်တွင် စစ်အေးတိုက်ပွဲ ပြီးဆုံးသွားသော်လည်း ရေတပ်အဆင့်မြင့်ခေါင်းဆောင်များသည် အမေရိကန်ရေတပ်၏ ရည်မှန်းချက်နှင့်တာဝန်ကို ပြန်လည်သတ်မှတ်ရန် ကြိုးစားခဲ့ကြသည်။ ဆိုဗီယက်ယူနီယံပြိုကွဲသွားပြီးနောက် ပင်လယ်ရေကြောင်း အရင်းအနှီးများကို အသုံးပြုပြီး မဟာဗျူဟာ အကျိုးစီးပွားကို ကာကွယ်ရန် လိုအပ်ဆဲဖြစ်ပါသည်။ မဟာဗျူဟာအသစ်သည် ခြိမ်းခြောက်မှုမျိုးစုံ ပေါ်ပေါက်လာခြင်းနှင့်အတူ ထပ်မံစဉ်းစားဆောင်ရွက်ရန် တဖြည်းဖြည်း ပေါ် ပေါက်လာပါသည်။

**အဏ္ဏဝါပင်လယ်ပြင်မှ...ရှေ့ဘက်ဆီသို့**

၁၉၉၂ ခုနှစ်တွင် ရေတပ်ဦးစီးချုပ် Admiral Jeremy သည် "အဏ္ဏဝါပင်လယ်ပြင်မှ" (From the Sea) အမည်ရှိသော မဟာဗျူဟာကို ထုတ်ပြန်ကြေညာခဲ့ပါသည်။ ယင်းမဟာဗျူဟာကို ၁၉၉၄ ခုနှစ်တွင် "အဏ္ဏဝါပင်လယ်ပြင်မှ ရှေ့ဘက်ဆီသို့" (Forward....from the sea) ဟု ထပ်မံပြောင်းလဲကြေညာခဲ့ပါသည်။

အမျိုးသားစစ်ရေးမဟာဗျူဟာ (NMS) ၏ ပံ့ပိုးမှုနှင့်အတူ ပင်လယ်ရပ်ခြား ချက်ချင်းတုံ့ပြန်ဆောင်ရွက်ရသော စစ်ဆင်ရေးကို ရေတပ်ဖွဲ့နှင့် ကမ်းတက်တပ်ဖွဲ့က မည်ကဲ့သို့ ဦးဆောင်မည်ကို အခြေခံပြီး "အဏ္ဏဝါပင်လယ်ပြင်မှ ရှေ့ဘက်ဆီသို့" မဟာဗျူဟာက ပံ့ပိုးပေးခြင်း ဖြစ်ပါသည်။

**ရေတပ်၏ တိုက်စစ်စွမ်းပကား**

ယင်း မဟာဗျူဟာအသစ်သည် လေကြောင်း/ရေကြောင်း ပစ်ကူပံ့ပိုးမှုနှင့်အတူ ရေတပ်၏ တိုက်စစ်စွမ်းပကားကို ကမ်းတက်တပ်ဖွဲ့၏ ပင်လယ်ရပ်ခြားတုံ့ပြန်ဆောင်ရွက်ရာတွင် ပေါ့ပါးသွက်လက်သော၊ ပြောင်းလွယ်ပြင်လွယ်ရှိသောနှင့် စစ်မက်တိုက်ခိုက်ရာတွင် ချေမှုန်းတိုက်ခိုက်နိုင်သော စွမ်းပကားများနှင့် ပေါင်းစပ်ထားခြင်းဖြစ်ပြီး တစ်နည်းအားဖြင့် ကုန်း/ရေနှစ်သွယ် ချေမှုန်းရေးစစ်ဆင်မှု ဖြစ်ပါသည်။

ပင်လယ်ပြင်မှ အရှေ့ဘက်ဆီတွင် ရေတပ်ဖွဲ့ တပ်ဖြန့်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ ကမ္ဘာကြီး၏ ကမ်းစပ်၊ ကမ်းခြေ၊ ရေတိမ်ပိုင်းတွင် လွှမ်းမိုးနေသော အဖြစ်အပျက်များကြောင့် ပင်လယ်ပြင်ဆီမှ ကမ္ဘာကြီး၏ ကမ်းခြေကမ်းစပ်ဒေသများအထိ အမေရိကန်ရေတပ်၏ စွမ်းပကားကို ထုတ်ဖော်ပြသရမည် ဖြစ်ပါသည်။

> **" အနာဂတ်တွင် ဖြစ်လာနိုင်ဖွယ်ရှိသော စိန်ခေါ်မှု၊ ခြိမ်းခြောက်မှုများကို ဟန့်တားရန်၊ ရင်ဆိုင်ရန်၊ တိုက်ခိုက်နိုင်ရန်အတွက် ရေတပ်နှင့် ကမ်းတက်တပ်ဖွဲ့ (amphibious assault group) တို့၏ တိုက်စစ်စွမ်းပကားကို ကောင်းမွန်အောင် မူဝါဒချမှတ်ခြင်း၊ လမ်းညွှန်ချက်များ၊ အခြေခံသဘောတရားအမြင်များ ဖြည့်စွက် ခြင်းတို့ကို ပြုလုပ်ခဲ့ကြ"**

စစ်အေးတိုက်ပွဲ ပြီးဆုံးပြီးနောက် ပင်လယ်ရေကြောင်းစစ်ဆင်မှုအပေါ် အာရုံစိုက်မှုသည် ရန်သူ့ရေတပ်ကို နက်ရှိုင်းသော ပင်လယ်၊ ပွင့်လင်းသမုဒ္ဒရာများတွင် ထိတွေ့တိုက်ခိုက်ခြင်းမှ ကမ်းစပ်၊ ကမ်းခြေ၊ ပင်လယ်ကွေ့၊ ရေတိမ်ပိုင်းဧရိယာ၊ တစ်နည်းအားဖြင့် ကမ်းစပ်၊ ရေတိမ်ဒေသများတွင် ထိတွေ့တိုက်ခိုက်ခြင်းအမြင်သို့ အမေရိကန် ရေတပ်၏ အမြင်သည် ရိုးရှင်းစွာ ပြောင်းလဲလာပါသည်။ နောက်ဆုံးတွင် ကုန်းတွင်းပစ်မှတ်များကို တိုက်ခိုက်သိမ်းပိုက်ရန် လေတပ်၏ ပံ့ပိုးမှုနှင့်အတူ ရေတပ်နှင့် ကမ်းတက်တပ်ဖွဲ့တို့၏ စွမ်းဆောင်ရည်နှင့် စစ်ဆင်မှုတို့သည် မျက်မှောက်ခေတ်တွင် အသုံးပြုမှုများပြားလာပါသည်။

**ကမ်းခြေ ရေတိမ် ဒေသစစ်ဆင်ရေးများ**

ယင်းတွင် တိုက်ပွဲနယ်မြေ နှစ်ပိုင်းခွဲထားသည်။

(၁) **ပင်လယ်ဘက်အပိုင်း** ။ ကုန်းမြေက စစ်ဆင်ရေးကို ပံ့ပိုးရန် ထိန်းချုပ်ထား ရသော ပွင့်လင်းသမုဒ္ဒရာပင်လယ်ပြင်မှ ပင်လယ်ကမ်းခြေအထိ အကျယ်အဝန်း ဖြစ်သည်။

(၂) **ကုန်းမြေဘက်အပိုင်း** ။ ပင်လယ်ဘက်မှ တိုက်ရိုက်ခုခံ ကာကွယ်ပေးနိုင်သော ပင်လယ်ကမ်းခြေမှ ကုန်းတွင်းဘက်သို့ မြေအကျယ်အဝန်းတို့ ပါဝင်ပါသည်။

ယခင်က ရေတပ်သည် ကမ်းခြေဒေသများမှဝေးကွာသော ရေနက်ပိုင်း ပွင့်လင်းသမုဒ္ဒရာတွင် ဦးဆောင်တိုက်ခိုက်ခဲ့ပြီး "အဏ္ဏဝါပင်လယ်ပြင်မှ ရှေ့ဘက်ဆီသို့" မဟာဗျူဟာသည် ရေတပ်ဖွဲ့နှင့် ကမ်းတက်တပ်ဖွဲ့များပူးပေါင်းပြီး ကမ်းခြေရေတိမ်ဒေသစစ်ဆင်ရေးကို မည်ကဲ့သို့ ဆောင်ရွက်မည်ကို သတ်မှတ်ရမည့် ထူးခြားသော မဟာဗျူဟာတစ်ခု ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာ့လူဦးရေ၏ ၇၅ ရာခိုင်နှုန်း၊ အမျိုးသားအရင်းအနှီး၏ ၇၅ ရာခိုင်နှုန်းနှင့် အရေအတွက်များပြားသော ကူးသန်းရောင်းဝယ်မှုဆိုင်ရာ ဗဟိုများသည် ကမ်းခြေများတစ်လျှောက်ပေါ်တွင် တည်ရှိပြီး ထိုဧရိယာများသည် အမေရိကန်အတွက် မဟာဗျူဟာအရ အရေးပါမှုတစ်ခု ဖြစ်ပါသည်။

**လမ်းညွှန်ချက် အခြေခံသဘောတရား လေးချက် ထပ်မံဖြည့်စွက်ခြင်း**

၁၉၉၇ ခုနှစ် အစောပိုင်းကာလတွင် ရေတပ်ဦးစီးချုပ် Admiral Jay Johnson သည် ရေတပ်၏ ပင်လယ်ရေကြောင်း မဟာဗျူဟာကို ပိုမိုကောင်းမွန်ရန်အတွက် ယင်း၏ အမြင်ဖြစ်သော လမ်းညွှန်ချက် အခြေခံသဘောတရား(၄) ချက်ကို ထပ်မံဖြည့်စွက်ခဲ့သည်။ ယင်း (၄) ချက်မှာ (၁) စစ်ဆင်ရေးသည် ပထမ၊ (၂) ခေါင်းဆောင်မှု၊ (၃)အဖွဲ့လိုက် လုပ်ဆောင်မှု၊ (၄)ဂုဏ်ယူမှုတို့ ဖြစ်ပါသည်။

ပထမအချက်ဖြစ်သော စစ်ဆင်ရေးသည် ပထမဆိုသည်မှာ စစ်မှုရေးရာ ကျွမ်းကျင်မှု လိုအပ်သောအမြင်ဖြစ်ပြီး ASW စစ်ဆင်မှုကို ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ခြင်းဆိုသည့် အမြင်သဘောတရား ဖြစ်ပါသည်။

ရေတပ်ဖွဲ့သည် မည်သည့်ရေတပ်၊ ပူးပေါင်းတပ်ဖွဲ့ (သို့) ညွှန့်ပေါင်းတပ်ဖွဲ့နှင့်အတူ တာဝန်ထမ်းဆောင်ရာတွင် လျင်မြန်စွာ၊ ထိရောက်စွာ စွမ်းဆောင်နိုင်မှုရှိရမည်။ အမေရိကန်သည် မည်သည့်ရန်သူကိုမဆို ပြတ်သားစွာ ချေမှုန်းနိုင်စွမ်းရှိရမည်ဟု ရေတပ်ဦးစီးချုပ် Admiral Johnson က ယုံကြည်ခဲ့ပါသည်။

**အမျိုးသားစစ်ရေး မဟာဗျူဟာ**

အမေရိကန်ရေတပ်သည် အမျိုးသားစစ်ရေးမဟာဗျူဟာ၏ အချက် (၃) ချက်ကို ပံ့ပိုးပေးရန် တာဝန်ထမ်းဆောင်နိုင်ရမည် ဖြစ်ပြီး ယင်းတို့မှာ-

(၁) ငြိမ်းချမ်းချိန် ထိတွေ့တိုက်ခိုက်မှု၊

(၂) ဟန့်တားခြင်းနှင့် ပဋိပက္ခကို ဖြေရှင်းခြင်း ၊

(၃) တိုက်ခိုက်ခြင်းနှင့် အောင်နိုင်ခြင်း တို့ဖြစ်ပါသည်။

အမျိုးသားစစ်ရေး မဟာဗျူဟာကို ပံ့ပိုးပေးသည့် ယင်းအချက်(၃)ချက်ကို အောင်မြင်ရန်အတွက် ပင်လယ်ပြင်ပေါ်တွင်လည်းကောင်း၊ ပင်လယ်အောက်မှ လည်းကောင်း၊ ပင်လယ်ပြင်အထက်မှ လည်းကောင်း၊ ပင်လယ်ပြင်မှလည်းကောင်း၊ ရန်သူကို တိုက်ခိုက်နိုင်ရန်၊ ကာကွယ်နိုင်ရန်အတွက် စွမ်းဆောင်ရည်ရှိစွာဖြင့် တာဝန်ထမ်းဆောင်နိုင်ရမည်ဟု ရေတပ်ဦးစီးချုပ် Johnson က ပြောကြားခဲ့သည်။ အခြားနိုင်ငံများ၏ အချုပ်အခြာအာဏာကို ကျူးလွန်ဖောက်ဖျက်ခြင်းမရှိဘဲနှင့် အထက်ပါအချက် (၃)ချက်ကို အောင်မြင်အောင် အကောင်အထည်ဖော်ရန်အတွက် အပြည်ပြည်ဆိုင်ရာ ရေပိုင်နက်တွင် အမေရိကန်ရေတပ်၏ စွမ်းပကားကို ထုတ်ဖော်ပြသရမည်ဖြစ်ပါသည်။

ပစ်အားကို ထိရောက်ကျယ်ပြန့်စွာ ပစ်ခတ်နိုင်မှု စွမ်းရည်များ၊ အဆင့်မြင့်နည်းပညာဖြင့် လေကြောင်းမှ ရုတ်တရက် တိုက်ခိုက်နိုင်မှု စွမ်းရည်များသည် မည်သည့် ပဋိပက္ခမဆို ရလဒ်အဖြေထွက်ရန် ဖြေရှင်းနိုင်မည့် အဓိကနည်းလမ်းဖြစ်သည်ဟု ရေတပ်ဦးစီးချုပ် Admiral Johnson က သိမြင်ခဲ့ပါသည်။

ပင်လယ်ကမ်းခြေအနီး ရေတိမ်ပိုင်းတွင် လျှို့ဝှက်စွာ တာဝန်ထမ်းဆောင်နေသော ရေငုပ်သင်္ဘောသည် ရန်သူ့မျှော်လင့်မှု အနည်းဆုံးနေရာမှ အထူးတိုက်ခိုက်ရေး တပ်ဖွဲ့များ (Special Operations Forces - SOF) (သို့) ရေငုပ်သင်္ဘောမှ ပစ်ကူများဖြင့် ထပ်မံပံ့ပိုးပေးနိုင်ပါသည်။

**ပင်လယ်ပြင် စွမ်းပကား ၂၁**

၂၀၀၂ ခုနှစ်တွင် ရေတပ်ဦးစီးချုပ် Admiral Vern Clark က အမေရိကန်ရေတပ်၏ ပင်လယ်ရေကြောင်း မဟာဗျူဟာ၏ အနာဂတ်နှင့်ပတ်သက်သော သူ့အမြင်ကို "ပင်လယ်ပြင် စွမ်းပကား ၂၁" (Sea Power 21) ဟု အမည်ပေးပြီး ထပ်မံရှင်းပြခဲ့ပါသည်။ ယင်းတွင် အခြေခံသဘောတရားအမြင် (၃) ချက်ဖြစ်သော (၁)ပင်လယ်ပြင်မှ ကာကွယ်ခြင်း (Sea Shield)၊ (၂) ပင်လယ်ပြင်မှ တိုက်ခိုက်ခြင်း(Sea Strike)၊ (၃)ပင်လယ်ပြင်တွင် အခြေပြုခြင်း(Sea Basing)တို့ ပါဝင်ပါသည်။

ယင်းအခြေခံသဘောတရား အမြင် (၃)ချက်သည် ပင်လယ်ရေကြောင်း မဟာဗျူဟာ၏ ဆုံချက်ဖြစ်သော ပင်လယ်ပြင်တိုက်ပွဲ၊ ရေနက်ပိုင်း ပွင့်လင်းသမုဒ္ဒရာတိုက်ပွဲ (blue water) အမြင်သဘောတရားမှသည် အဏ္ဏဝါပင်လယ်ပြင်မှ (From the Sea)၊ အဏ္ဏဝါပင်လယ်ပြင်မှ... ရှေ့ဘက်ဆီသို့ ( Forward...From the Sea) စသည်ဖြင့် ကမ်းစပ်ရေတိမ်ဒေသများ (Littoral regions) အပါအဝင် ဒေသတွင်းနှင့် နိုင်ငံဖြတ်ကျော်အန္တရာယ်များကို ရင်ဆိုင်ရန်၊ ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းစစ်ဆင်ရေး (global joint operations)တွင် အမေရိကန်ရေတပ်က အပြည့်အဝ ပူးပေါင်းပါဝင်ရန်အတွက် ရေတပ်၏ မဟာဗျူဟာ အခြေခံသဘောတရားအမြင်များ တဖြည်းဖြည်း ကျယ်ပြန့်စွာ တိုးတက်ပြောင်းလဲလာခြင်းပင် ဖြစ်ပါသည်။

ပင်လယ်ပြင်မှ ကာကွယ်ခြင်းသည် ကမ္ဘာတစ်ဝန်း အမေရိကန်၏ မဟာမိတ်နိုင်ငံများကို ကာကွယ်ရေး အာမခံချက် ချဲ့ထွင်နိုင်အောင် ရေတပ်က စွမ်းဆောင်နိုင်ရမည်။

ပင်လယ်ပြင်မှ တိုက်ခိုက်ခြင်းသည် ပင်လယ်ပြင်မှနေပြီး အမေရိကန်၏ တိကျပြီး တိုက်စွမ်းရည်ပြည့်ဝသော အင်အားများကို ထုတ်ဖော်ပြသနိုင်အောင် ရေတပ်သည် စွမ်းဆောင်ရည် ရှိရမည်။

ပင်လယ်ပြင်တွင် အခြေပြုခြင်းသည် စစ်ဆင်ရေးကို လွတ်လပ်စွာ ဆင်နွှဲနိုင်ခြင်းနှင့် ပူးပေါင်းတပ်ဖွဲ့များကို ပံ့ပိုးပေးခြင်းတို့ကို ရေတပ်က စွမ်းဆောင်ရည် တိုးပွားအောင် ဆောင်ရွက်ရမည်။

ယခုမဟာဗျူဟာအသစ်သည် တိုက်စွမ်းအားကဏ္ဍတွင် အရေအတွက် များပြားပြီး ကျယ်ပြန့်စွာ ပျံ့နှံ့သွားသော မကြုံစဖူး ထူးကဲစွာ ချေမှုန်းတိုက်ခိုက်နိုင်သော စွမ်းရည်အသီးသီးပိုင်ဆိုင်ခြင်းနှင့်အတူ အမေရိကန်သမ္မတကို ပံ့ပိုးပေးပါသည်။

လေယာဉ်တင်သင်္ဘောအုပ်စုကို ယခင်က လေယာဉ်တင် စစ်ရေယာဉ်အုပ်စု (Carrier Battle Group-CVBG) ဟု ခေါ်ဆိုပြီး ၂၀၀၃ ခုနှစ်ခန့်တွင် လေယာဉ်တင်တိုက်ခိုက်ရေး ရေယာဉ်အုပ်စု (Carrier Strike Group - CSG) ဟု ပြောင်းလဲခေါ်ဆိုခဲ့ပြီး ယင်း CSG သည် ရေတပ်စစ်တိုက်မှုစွမ်းရည်၏ အဓိကဗဟိုအဖြစ် ဆက်လက်တည်ရှိနေပါသည်။ အဘယ့်ကြောင့်ဆိုသော် ရေတပ်၏ လေကြောင်း/ ရေကြောင်းပစ်ကူဖြင့် ကမ်းတက်တပ်ဖွဲ့များဖြင့် ချေမှုန်းသည့် တိုက်စစ်စွမ်းပကားကို ထိန်းသိမ်းခြင်း၊ ကျယ်ပြန့်စွာ အခြေအနေကို နားလည်ခြင်းနှင့် တိုက်ပွဲတွင် ဆက်လက်ရှင်သန်နိုင်ခြင်းတို့ကြောင့်ဖြစ်ပြီး တိုက်ပွဲတွင် ဆက်လက်ရှင်သန် ရပ်တည်နိုင်ခြင်းဟူသော အဓိကအချက်သည် အလားအလာရှိသော ရေငုပ်သင်္ဘော တိုက်ဖျက်ရေး စစ်ဆင်မှု၏ ကာကွယ်ရေးတစ်ရပ်ပင် ဖြစ်ပါသည်။

အင်အားတောင့်တင်းသော ASW စစ်ဆင်မှုမရှိသည့်အခါ တန်ဖိုးကြီးမားသော လေယာဉ်တင်သင်္ဘော (Aircraft Carrier) သည် ရန်သူ့ရေငုပ်သင်္ဘော၏ တိုက်ခိုက်ခြင်းခံရမည်ဖြစ်ပြီး လေယာဉ်တင်သင်္ဘော တိုက်ခိုက်ခံရခြင်း၊ နစ်မြုပ်သွားခြင်းသည် အမေရိကန်အတွက် မကြုံဖူးသော နည်းဗျူဟာဆိုင်ရာ၊ စစ်ရေးဆိုင်ရာ၊ မဟာဗျူဟာဆိုင်ရာ ရှုပ်ထွေးမှု ဖြစ်သွားလိမ့်မည် ဖြစ်ပါသည်။

၂၁ ရာစုအတွင်း ကမ္ဘာ့မည်သည့်နေရာမှမဆို ဖြစ်ပေါ်လာနိုင်သော မမျှော်လင့်သော ခြိမ်းခြောက်မှုများကို တန်ပြန်ရင်ဆိုင်ရန်အတွက် အမေရိကန်ရေတပ်သည် အစဉ်အမြဲ အသင့်အနေအထားတွင်ရှိရန် "ပင်လယ်ပြင် စွမ်းပကား ၂၁" မဟာဗျူဟာ အသစ်အရ သေချာစေရမည် ဖြစ်ပါသည်။

ရေတပ်ဦးစီးချုပ် Admiral Michael Mullen (CNO)က "ပင်လယ်ပြင်စွမ်းပကား ၂၁" မဟာဗျူဟာသည် ကြီးမားသော အတတ်ပညာ ၊ ကြောက်စရာကောင်းသော အမြင် ဖြစ်သော်လည်း ယင်းစိုးရိမ်သည့်အချက်မှာ ကျွန်ုပ်တို့ ဘယ်လောက်များများ ဘဏ္ဍာငွေသုံးစွဲပြီး ဘာပစ္စည်းတွေ ဝယ်ယူမည်ဆိုသည့်အချက်အပေါ်တွင် စကားအချေအတင် အငြင်းပွား ဖြစ်နေမည်ကို ကြောက်ရွံ့နေမိကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပါသည်။ ထိုအချက်ကို ပြောင်းလဲရမည် ဖြစ်ပါသည်။

၂၀၀၆ ခုနှစ်အတွက် ရေတပ်ဦးစီးချုပ်၏ လမ်းညွှန်မှုတွင် "ပင်လယ်ပြင်စွမ်းပကား ၂၁" မဟာဗျူဟာကို ထိန်းချုပ်အသုံးချခြင်းသည် ပစ်မှတ်အပေါ် စစ်လက်နက်များ ရိုးရှင်းစွာ ချိန်ရွယ်ထားခြင်းထက် ကျွန်ုပ်တို့ကိုတောင်းဆိုမှုများ ပိုမိုလိုအပ်လာလိမ့်မည်ဖြစ်ပြီး၊ ယင်းတောင်းဆိုမှုများသည် ခေတ်မီသော ကွန်ရက်စနစ်များ၊ လျှို့ဝှက်ကိုယ်ပျောက်မှုများ ပိုမိုလိုအပ်လာပါမည်။ ထိုလိုအပ်ချက်အတိုင်း ပဋိပက္ခဖြစ်သည့်နေရာတိုင်းတွင် ယင်းစွမ်းအားများကို အသုံးပြုရန်အတွက် ကျွန်ုပ်တို့သည် လေယာဉ်တင်သင်္ဘောများ၊ စစ်သင်္ဘောများ၊ လေယာဉ်များ၊ ရေငုပ်သင်္ဘောများကို ပိုမိုတည်ဆောက်ရမည်ဟု ဝန်ခံပြောဆိုခဲ့ပါသည်။

ရေတပ်ဦးစီးချုပ် Admiral Mullen က ခေတ်မီသော၊စွမ်းအားပြည့်အသုံးချနိုင်သော ရေတပ်၏ လေယာဉ်တင်သင်္ဘောများသည် အရေးပါသည်ဟု ချီးကျူးအသိအမှတ်ပြုပြောဆိုခဲ့ပြီး ရေတပ်၏ မည်ကဲ့သို့ တာဝန်ထမ်းဆောင်နိုင်မှုကို ASW က အဆုံးအဖြတ်ပေးမည် ဖြစ်ပါသည်။ ရှေ့ဘက်တွင် တပ်ဖြန့်ထားသော တပ်များ၊ တိုက်စွမ်းအားများကို အသုံးပြုပြီး ပင်လယ်ထဲရှိ လေယာဉ်တင်တိုက်ခိုက်ရေး ရေယာဉ်အုပ်စု အခြေစိုက်စခန်းမှ စစ်ဆင်ရေးတိုက်ပွဲများကို ဦးဆောင်နိုင်ရန် အမေရိကန်သည် သေချာခိုင်မာအောင် ပြုလုပ်ရမည် ဖြစ်ပါသည်။

ရေတပ်၏ ရေငုပ်သင်္ဘောတိုက်ဖျက်ရေးစစ်ဆင်မှု (ASW) ကို လျစ်လျူရှုခဲ့လျှင် မျက်မှောက်နှင့် အနာဂတ်ခြိမ်းခြောက်မှုများကို အမေရိကန်ကြုံတွေ့ပြီး အန္တရာယ်ရှိလိမ့်မည် ဖြစ်ပါသည်။

အမေရိကန်၏ အမျိုးသားအကျိုးစီးပွား၊ မဟာမိတ်နိုင်ငံများ၏ အကျိုးစီးပွားနှင့် လုံခြုံမှု၊ ပင်လယ်ရေကြောင်းသွားလာမှုတွင် ခြိမ်းခြောက်မှုမရှိဘဲ လွတ်လပ်စွာသွားလာနိုင်ရေးတို့အတွက် အမျိုးသားစစ်ရေး မဟာဗျူဟာ၏ အစိတ်အပိုင်း ဖြစ်သော ပင်လယ်ရေကြောင်းမဟာဗျူဟာနှင့် ပတ်သက်ပြီး ရေတပ်ဦးစီးချုပ် အဆက်ဆက်နှင့် မူဝါဒချမှတ်သူများသည် အနာဂတ်တွင် ဖြစ်လာနိုင်ဖွယ်ရှိသော စိန်ခေါ်မှု၊ ခြိမ်းခြောက်မှုများကို ဟန့်တားရန်၊ ရင်ဆိုင်ရန်၊ တိုက်ခိုက်နိုင်ရန်အတွက် ရေတပ်နှင့် ကမ်းတက်တပ်ဖွဲ့ (amphibious assault group) တို့၏ တိုက်စစ်စွမ်းပကားကို ကောင်းမွန်အောင် မူဝါဒချမှတ်ခြင်း၊ လမ်းညွှန်ချက်များ၊ အခြေခံသဘောတရားအမြင်များ ဖြည့်စွက်ခြင်းတို့ကို ပြုလုပ်ခဲ့ကြပါသည်။

ထို့ပြင် ရေငုပ်သင်္ဘောတိုက်ဖျက်ရေး စစ်ဆင်မှုကို ပိုမိုစွမ်းအားကောင်းအောင် ပြင်ဆင်ဆောင်ရွက်လာပြီး လေယာဉ်တင်သင်္ဘောတိုက်ခိုက်ရေးအုပ်စု၊ ပင်လယ်ရပ်ခြား တိုက်ခိုက်ရေးအုပ်စု၊ ရေပြင်တိုက်ခိုက်ရေးအုပ်စုတို့သည် ပင်လယ်ရေကြောင်းမဟာဗျူဟာများအရ ပင်လယ်ပြင် တွင် ဆက်လက်အခြေပြုနေမည် ဖြစ်ပါသည်။

**ကိုးကား**

**Anti-Submarine Warfare: What is its Role in the New Maritime Strategy? By John A. Baltes, Lieutenant Commander, U.S. Navy.**

# ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ ၆/၂၀၁၉ အစည်းအဝေး ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ (Broadcasting Governing Body–BGB) ၆/၂၀၁၉ အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေး၌ ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေး၌ စက်မှုပိုင်းဆိုင်ရာ၊ ငွေရေးကြေးရေးဆိုင်ရာ၊ စီမံအုပ်ချုပ်မှုပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့် ပြီးခဲ့သည့် ၅/၂၀၁၉ အစည်းအဝေးမှတ်တမ်းအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေများကို အဓိကထား ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း။

ထိုကိစ္စများကိုမဆွေးနွေးမီ ပထမဦးစွာ မီဒီယာများအနေဖြင့် မိမိတို့၏ အစီအစဉ်များကို ရေးသားထုတ်လွှင့် ဖော်ပြကြသည့်အခါ မီဒီယာကျင့်ဝတ်များကို မိမိတို့အသိနှင့်လိုက်နာပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန် လိုအပ်ပါကြောင်း၊ တည်ဆဲဥပဒေများနှင့် နိုင်ငံတော်အစိုးရချမှတ်ထားသည့် မူဝါဒများကို ဆန့်ကျင်သည့် သဘောမသက်ရောက်စေရန် သတိထားဆင်ခြင်ဆောင်ရွက်ကြစေလိုပါကြောင်း၊ ဒီမိုကရေစီလူ့ဘောင်တွင် မီဒီယာလုပ်ငန်းကို နိုင်ငံပိုင်မီဒီယာတစ်ခုတည်းက လုပ်ဆောင်၍ မရပါကြောင်း၊ မီဒီယာပေါင်းစုံ ရှင်သန်ရပ်တည်နိုင်ရေးအတွက် မိမိတို့အားလုံး ဝိုင်းဝန်းပူးပေါင်းညှိနှိုင်းဆောင်ရွက်မှသာ ချောမွေ့အောင်မြင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ ဒုတိယဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က အမုန်းတရားများ တားဆီးကာကွယ်ရေးအပါအဝင် ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ ငွေကြေးပေးသုံးမှုကိစ္စရပ်များ၊ စာချုပ်များပြင်ဆင်ရေးကိစ္စရပ်များ၊ ရှမ်းပြည်နယ် ဂုတ်တွင်း၌ ချယ်ရီ FM ထုတ်လွှင့်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ခေတ္တညွှန်ကြားရေးမှူး (ဘဏ္ဍာရေး) ဦးဇေယျာမင်းက ယခင်ပြုလုပ်ခဲ့သည့် အစည်းအဝေး ၅/၂၀၁၉ ၏ ဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေကို တင်ပြပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စက်မှုဌာနခွဲနှင့် စီမံခန့်ခွဲရေးဌာနခွဲတို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် FM ရေဒီယို အသံလွှင့်လုပ်ငန်းများနှင့် ရုပ်မြင်သံကြားထုတ်လွှင့်သည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားစတူဒီယို(၁) အတွင်း လှည့်လည်ကြည့်ရှုသည်။ **သတင်းစဉ်**



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ရုပ်မြင်သံကြားနှင့်အသံလွှင့်လုပ်ငန်းများ ကြီးကြပ်မှုအဖွဲ့ ၆/၂၀၁၉ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
သတင်းစဉ်

## လက်စတာတို့ ဂိုးပြတ်အနိုင်ယူ စံချိန်သစ်တင်နိုင်ခဲ့သည့် ပရီမီယာလိဂ် ပွဲစဉ်(၁၀)

**အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၁၀) မှ အစောဆုံး ပွဲစဉ်တစ်ပွဲဖြစ်သော ဆောက်သမ်တန်နှင့် လက်စတာပွဲစဉ်ကို အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ လက်စတာအသင်း အဝေးကွင်း၌ ကိုးဂိုး–ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး အဝေးကွင်း ဂိုးရလဒ် စံချိန်သစ် ရေးထိုးနိုင်ခဲ့သည်။**



လက်စတာအတွက် ပဉ္စမဂိုးကို တိုက်စစ်မှူး ဗာဒီက သွင်းယူပေးစဉ်။

ယင်းပွဲ၌ ပထမပိုင်းပွဲချိန် ၁၀ မိနစ်တွင် လက်စတာအတွက် အဖွင့်ဂိုးကို ချီဝဲလ်က သွင်းယူခဲ့ပြီး ပွဲချိန် ၁၂ မိနစ်တွင် ဆောက်သမ်တန် ကွင်းလယ်ကစားသမား ဘားထရန့် တိုက်ရိုက်အနီဖြင့် ထုတ်ပယ်ခံရပြီး လက်စတာတို့ တစ်ယောက်အသာဖြင့် ယှဉ်ပြိုင်ခဲ့ရာ ၁၇ မိနစ်တွင် တိုင်လီမန့်စ်၊ ၁၉ မိနစ်၊ ၃၉ မိနစ်နှင့် ၅၇ မိနစ်တွင် ပီရက်ဇ်၊ ၄၅ မိနစ်၊ ၅၈ မိနစ်နှင့် မိနစ် ၉၀ ပြည့်ပြီး နာကျင်အချိန်ပိုတွင် ဗာဒီက သွင်းယူခဲ့ပြီး ပွဲချိန် ၈၅ မိနစ်တွင် မက်ဒီဆန်က သွင်းယူခဲ့၍ လက်စတာအသင်း အဝေးကွင်း၌ ကိုးဂိုး–ဂိုးမရှိဖြင့် ပရီမီယာလိဂ် အဝေးကွင်း ရလဒ် စံချိန်သစ်တင်နိုင်ခဲ့သည်။ ၁၉၉၄–၁၉၉၅ ခုနှစ်က မန်ယူအသင်းသည် အိမ်ကွင်းတွင် အစ်ဆွစ်ချ်ကို ကိုးဂိုး–ဂိုးမရှိ စံချိန်ကို လက်စတာအသင်း လိုက်မီခဲ့ပြီး ယခုနှစ်ရာသီတွင် တစ်ပွဲတည်း ဟက်ထရစ်သွင်းယူသူ နှစ်ဦးရှိခဲ့ပြီး ပထမပိုင်းတွင် ငါးဂိုးထိသွင်းယူခဲ့သည့် မန်စီတီးစံချိန်ကို လိုက်မီခဲ့သည်။ ယနေ့ပွဲတွင် လက်စတာတိုက်စစ်မှူး ဗာဒီသည် အကောင်းဆုံး ခြေစွမ်းပြခဲ့သည့် ကစားသမား ဖြစ်ခဲ့သည်။

စနေနေ့ည၏ အစောဆုံး ပွဲစဉ်တစ်ပွဲဖြစ်သော မန်စီးတီးနှင့် အက်စ်တွန်ဗီလာပွဲတွင် မန်စီးတီးအသင်း သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဘရိုက်တန်နှင့် အဲဗာတန်ပွဲတွင် ဘရိုက်တန်က သုံးဂိုး–နှစ်ဂိုးဖြင့် နိုင်ပြီး ဝက်ဖို့ဒ်နှင့် ဘုန်းမောက်တို့က ဂိုးမရှိသရေ၊ ဝက်စ်ဟမ်းနှင့် ရှက်ဖီးလ်ယူတို့က တစ်ဂိုးစီသရေဖြစ်ခဲ့သည်။ ပွဲစဉ်(၃) ယှဉ်ပြိုင်ပြီးချိန်တွင် မန်စီးတီးအသင်းသည် ရမှတ် ၂၂ မှတ်ဖြင့် အဆင့် ၂ တွင် ဆက်လက်ရပ်တည်နေပြီး အဆင့် ၃ တွင် လက်စတာက ရမှတ် ၂၀ ဖြင့် ရပ်တည်နေသည်။ အက်စ်တွန်ဗီလာအသင်းသည် ရမှတ် ၁၁ မှတ် ရရှိထားပြီး ဆောက်သမ်တန်အသင်းသည် ရမှတ် ၈ မှတ်ဖြင့် တန်းဆင်းဇုန်ထဲတွင် ရပ်တည်နေသည်။

**သီဟ**

❍ *ကျောဖုံးမှ*

ယင်းပြိုင်ပွဲအပြီးတွင် လေ့ကျင့်မှုများသာပြုလုပ်ခဲ့ပြီး ပြိုင်ပွဲစတင်ခါနီး တစ်ပတ်ကျော်အလိုမှ ခြေစမ်းပွဲကစားခြင်းဖြစ်သည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဦးစိုးမြတ်မင်းက ကိုင်တွယ်နေပြီး ကစားသမား ၂၉ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။ ပဏာမ ကစားသမားများအနက် ဟိန်းထက်အောင်နှင့် ပြည့်စုံနိုင်မှာ မြန်မာ ယူ–၂၂ အသင်းနှင့်အတူ ကာတာခြေစမ်းခရီးစဉ်သို့ လိုက်ပါသွားသောကြောင့် ကျန် ၂၇ ဦးဖြင့်သာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အာရှခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာယူ–၁၉ အသင်းတွင် **အုပ်ချုပ်သူ**–ဦးရဲဝင်းအောင်၊ **နည်းပြချုပ်**–ဦးစိုးမြတ်မင်း၊ **လက်ထောက်နည်းပြ**–ဦးမင်းမင်းထွန်း၊ ဦးအောင်လတ်သူ၊ **ဂိုးနည်းပြ**–ဦးစိန်အေး၊ ကစားသမားများအဖြစ် **ဂိုး**– ပြည့်ဖြိုးသူ၊ နေလင်းထက်၊ စောထက်၊ **နောက်တန်း**–စည်သူမိုးခန့်၊ သက်ဟိန်းစိုး၊ ဉာဏ်လင်းထက်၊ ရှင်းသန့်အောင်၊ ဝေယံစိုး၊ စောထော်နေမူး၊ ကောင်းခန့်ကျော်(၁)၊ မျိုးကိုကိုလင်း၊ **အလယ်တန်း**– အောင်ကိုဦး၊ ရန်ကျော်စိုး၊ ရဲမင်းကျော်၊ နောင်နောင်စိုး၊ ဇော်ဝင်းသိန်း၊ ပြည့်ဖြိုးအောင်၊ ခွန်ကျော်ဇင်ဟိန်း၊ မိုးဆွေ၊ ဟိန်းထက်အောင်၊ သူရအောင်၊ ရန်နိုင်လင်း၊ ပြည့်စုံနိုင်၊ **ရှေ့တန်း**– ကောင်းဇင်မိုး၊ လမင်းထွေး၊ ညီညီ၊ စောကျော်အဲ၊ သြဘာခနှင့် ရဲထက်အောင်တို့ ပါဝင်ကြသည်။

၂၀၂၀ အာရှ ယူ–၁၉ ခြေစစ်ပွဲမှ မြန်မာအသင်းပါဝင်သော အုပ်စု(I) ပွဲစဉ်များကို နိုဝင်ဘာ ၆ ရက်မှ ၁၀ ရက်အထိ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။ ယင်းအုပ်စုတွင် တောင်ကိုရီးယား၊ တရုတ်၊ မြန်မာနှင့် စင်ကာပူ အသင်းတို့ ပါဝင်နေသည်။

**ညီမြတ်သော်တာ**

## ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲဖွင့်

**ရန်ကုန် အောက်တိုဘာ ၂၆**

ရန်ကုန်မြို့တော်ဝန်ဖလားတင်းနစ်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့ နံနက်က ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူတင်းနစ်အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးစိုးလွင်က အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦး၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် နာယက ဒေါက်တာစိုးလွင်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးတို့က ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး ပထမတန်း၊ ဒုတိယတန်း၊ အသင်းလိုက်ပြိုင်ပွဲများ၊ တစ်ဦးချင်းပြိုင်ပွဲများ၊ အသက် ၁၆ နှစ်အောက်၊ ၁၄ နှစ်အောက် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲများ၊ နှစ်ယောက်ပေါင်း အသက် ၁၃၀ အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲများ ပါဝင်ပြီး အားကစားသမား ၂၄၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ကာ ပြိုင်ပွဲကို နိုဝင်ဘာ ၁ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

❂ *ကျောဖုံးမှ*

ရောဝတီအသင်းက လေးမှတ်ဖြင့် အုပ်စုဒုတိယရကာ ကွာတားဖိုင်နယ် တက်ရောက်ခဲ့သည်။ နာမည်ကြီးအသင်းများဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော် စသည့်အသင်းများမှာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မျိုးဆက်သစ်ကစားသမားများ ထွက်ပေါ်လာရန်ရည်ရွယ်၍ ယခုပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ပြီး သက်တမ်းအလိုက်ပြိုင်ပွဲများလည်း ထပ်မံကျင်းပသွားမည်ဖြစ်သည်။ **ညီမြတ်သော်တာ**



# ရသေ့တောင်မြို့နယ်၌ တပ်မတော်သား ၁၄ ဦး၊ ရဲတပ်ဖွဲ့ဝင် ၂၉ ဦး၊ အကျဉ်းဦးစီးဌာနမှ ဝန်ထမ်း နှစ်ဦးနှင့် အရပ်သား ၁၃ ဦးတို့အား AA အဖွဲ့က ဖမ်းဆီးခေါ်ဆောင်ထား

**နေပြည်တော် အောက်တိုဘာ ၂၆**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်၌ တပ်မတော်သား ၁၄ ဦး၊ ရဲတပ်ဖွဲ့ဝင် ၂၉ ဦး၊ အကျဉ်းဦးစီးဌာနမှ ဝန်ထမ်း နှစ်ဦးနှင့် အရပ်သား ၁၃ ဦး စုစုပေါင်း ၅၈ ဦးအား ယနေ့ နံနက်ပိုင်းက AA အဖွဲ့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်တွေမြို့မှ နံနက် ၇ နာရီတွင် ထွက်ခွာလာသည့် ရွှေနဒီ အမြန်ရေယာဉ်သည် နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရသေ့တောင်မြို့ အမြန်ရေယာဉ်ဆိပ်ကမ်းသို့ ရောက်ရှိကာ ခရီးသည်များ တင်ဆောင်ပြီး ဆက်လက်ထွက်ခွာခဲ့ကြောင်း၊ ထို့နောက် နံနက် ၁၀ နာရီ မိနစ် ၂၀ ခန့်တွင် ရသေ့တောင်မြို့နယ် ကျောက်တန်းချောင်းဝနှင့် ပြိန်းတောင်ကျေးရွာကြား ရေမျက်ကျေးရွာဖောင်ဆိပ်အရောက်၌ AA အဖွဲ့မှ အင်အား ၃၀ ခန့်က ကမ်းစပ်မှ သေနတ်ပစ်ခတ်တားဆီး၍ ကမ်းစပ်သို့ ခေါ်ဆောင်ရပ်တန့်စေခဲ့ကြောင်း။

ယင်းရေယာဉ်ပေါ်တွင် ခရီးသည် ၁၆၅ ဦးနှင့် တပ်မတော်သား ၁၄ ဦး၊ ရဲတပ်ဖွဲ့ဝင် ၂၉ ဦး၊ အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းနှစ်ဦးတို့ ပါဝင်ပြီး ယင်းတို့အနက် ၅၈ ဦးအား ခေါ်ဆောင်ထားခဲ့ခြင်းဖြစ်ကြောင်း၊ ရွှေနဒီအမြန်ရေယာဉ်သည် နံနက် ၁၁ နာရီတွင် ဘူးသီးတောင်မြို့သို့ ဆက်လက်ထွက်ခွာ




ခဲ့ကြောင်း၊ ဖြစ်စဉ်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ကနဦးသတင်းရရှိသည်။

**သတင်းစဉ်**

# ပန်းတောင်းမြို့နယ်၌ တစ်ရက်တည်း ယာဉ်တိုက်မှုနှစ်ခုဖြစ်ကာ တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

**ပန်းတောင်း အောက်တိုဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ပြည်-တောင်ကုတ်ကားလမ်းတွင် အောက်တိုဘာ ၂၅ ရက်က ယာဉ်တိုက်မှုနှစ်ခုဖြစ်ကာ တစ်ဦးသေ၍ တစ်ဦး ဒဏ်ရာရရှိကြောင်း သိရသည်။

အောက်တိုဘာ ၂၅ ရက် ညနေ ၄ နာရီခွဲက ပန်းတောင်းမြို့နယ် ပြည်-တောင်ကုတ်ကားလမ်း၌ ပန်းတောင်းမြို့ဘက်မှ တောင်ကုတ်မြို့ဘက်သို့ ကြိုးကြာကျေးရွာနေ ယာဉ်မောင်း ဝေယံထက် (၂၀ နှစ်) မောင်းနှင်လာသော ဆိုင်ကယ်က ဖောင်းကန်ရပ်ကွက်ရှိ မူလွန်ကျောင်းရှေ့တွင် လမ်းဖြတ်ကူးသူ ဖောင်းကန်ရပ်ကွက်နေ ဒေါ်တူး(၇၀ နှစ်) အား တိုက်မိခဲ့သဖြင့် ဒဏ်ရာများရရှိခဲ့သည်။

အလားတူ ယင်းနေ့ ည ၉ နာရီခွဲက ပြည်-တောင်ကုတ်ကားလမ်းပေါ်၌ တောင်ကုတ်ဘက်မှ ပြည်ဘက်သို့ ဥသျှစ်ပင်မြို့နေသူ ယာဉ်မောင်း ကျော်ဇင်ဦး (၃၃ နှစ်)နှင့် ဦးမောင်ဝင်း(၅၆ နှစ်)တို့ စီးနင်းလာသော ဆိုင်ကယ်က ဥသျှစ်ပင်မြို့နေသူ ဒေါ်ငွေးမြင့် (၃၅ နှစ်)နှင့် ဒေါ်မိနန်း(၄၇ နှစ်)တို့ စီးနင်းလာသော ဆိုင်ကယ်နှင့် တိုက်မိခဲ့သည်။ အဆိုပါ ယာဉ်တိုက်မှုကြောင့် ဦးမောင်ဝင်းမှာ သေဆုံးသွားပြီး ဒေါ်မိနန်းတွင် ဒဏ်ရာများရရှိခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ သက်ဆိုင်ရာနယ်မြေရဲစခန်းများက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**

# မြန်မာ့ရုပ်မြင်သံကြား

၂၇-၁၀-၂၀၁၉ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ - Breakfast News
၈:၃၅ - "ဦးတိုးအောင်အငြိမ်းစား ကုလသမဂ္ဂအရာထမ်း UEHRD ကော်မတီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်နှင့် တွေ့ဆုံမေးမြန်းခန်း"
၉:၂၀ - "ဒေါက်တာဘဒ္ဒန္တကုမာရ ဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဥက္ကဋ္ဌဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဗန်းမော်ကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း"
၁၀:၀၀ - Sunday Talk
၁၀:၂၅ - "ပါမောက္ခဒေါက်တာ အောင်ထွန်းသက် လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ကော်မရှင်အဖွဲ့ဝင် UEHRD ညှိနှိုင်းရေးမှူးချုပ်နှင့် တွေ့ဆုံမေးမြန်းခန်း"
၁၀:၄၀ - MRTV Travelogue
၁၂:၃၀ - "အယ်လ်ဟာဂျီဦးအေးလွင် (ဦးဆောင်ဆော်ဩရေးမှူး အစ္စလာမ်ဓမ္မဗိမာန်နှင့် တွေ့ဆုံမေးမြန်းခန်း)"
၁၃:၀၀ - မြန်မာ့ဂန္ထဝင်ရုပ်ရှင် "ချစ်အိမ်ထဲကမိသားစု"

**ညပိုင်း**

၁၆:၂၀ - "ဒေါက်တာအဲ(န်)နာရွှေလွှမ်း (ချင်းလူနည်းစု)(ဇိုဖေး) ချင်းမျိုးနွယ်စုဝင်နှင့် တွေ့ဆုံမေးမြန်းခန်း"
၁၆:၃၅ - Road to Sea Games (ဝူရှူး)
၂၀:၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀:၃၅ - "ရောဝတီလင်းပိုင် ကာကွယ်ရေး လူတိုင်းအသိဖြင့် ကာကွယ်မနေး"

# တာချီလိတ်၊ မိုးညှင်း၊ ဆီဆိုင်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၆**

မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၅ ရက် ညနေ ၃ နာရီခွဲက တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက် အိမ်အမှတ်(၄/၃၄) တွင် ငှားရမ်း နေထိုင်သည့် ထိုင်းနိုင်ငံသား Mr.Smokiat Panyabun နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ထိုင်းနိုင်ငံသား Mr.Tanakrit Khonsongsaen ကို တွေ့ရှိရပြီး အိုက်စ် ၁၅ ဂရမ်၊ ကက်တမင်း ၂၀ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၊ ညှော်ခန်းနှင့်ကပ်လျက်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀၊ လက်ကိုင်ဖုန်းသုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ ညနေပိုင်းတွင် မူးယစ်တပ်ဖွဲ့စု(၃) မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးညှင်းမြို့နယ် နန့်မွန်းမြို့ နတ်ကြီးကုန်း အမှတ်(၁)ရပ်ကွက်နေ ဒေါ်စန်းစန်းမြ၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၈၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ထို့ပြင် ယင်းနေ့ နံနက် ၁၁ နာရီခွဲက ဘန်းယဉ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဆီဆိုင်မြို့နယ် ဖက်နံ-နားစေးစောက် ကျေးရွာသွားကားလမ်းတွင် တဝင်း မောင်းနှင်ပြီး မောင်လေး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



ဒေါ်စန်းစန်းမြအား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ယာဉ်သုံးစီးမတော်တဆမှုဖြစ်

**နေပြည်တော် အောက်တိုဘာ ၂၆**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ယနေ့နံနက်ပိုင်းက ယာဉ်သုံးစီး မတော်တဆမှုဖြစ်ပွားခဲ့ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ် ၁၉၈/၅ နှင့် ၁၉၈/၆ အကြား ယနေ့ နံနက် ၁ နာရီခန့်က ယာဉ်မောင်း ရန်မျိုးအောင် မောင်းနှင်လာသည့် အောင်ဇေယျ ခရီးသည်တင်ယာဉ်မှာ အမျိုးသားတစ်ဦးအား ဝင်တိုက်မိရာ အဆိုပါအမျိုးသား သေဆုံးသွားခဲ့သည်။

ထို့အတူ ယနေ့နံနက် ၅နာရီတွင် အမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ် ၃၃၀/၁ နှင့် ၃၃၀/၂ အကြား ယာဉ်မောင်း (စိစစ်ဆဲ) မောင်းနှင်လာသည့် ပရဟိတလူမှုကူညီရေး အသင်းယာဉ်မှာ လမ်းလယ်ကျွန်းကို တိုက်မိပြီး လမ်းတစ်ခြမ်း ပိတ်ဆို့သွားရာ အမြန်လမ်းရဲတပ်ဖွဲ့မှ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ယာဉ်ကိုစစ်ဆေးရာ ယာဉ်မှာ တရားမဝင်ယာဉ်ဖြစ်ကြောင်း သိရသည်။

အလားတူယနေ့ နံနက် ၆နာရီခွဲက အမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ် ၂၆၂/၃ နှင့် ၂၆၂/၄ အကြား ယာဉ်မောင်း ဦးသီဟ မောင်းနှင်လာသည့် Scania ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးကာရံထားသည့် အတားအဆီးများကို တိုက်မိခဲ့သော်လည်း ယာဉ်ပေါ်ပါ သုံးဦးစလုံး ထိခိုက်မှုမရှိကြောင်းနှင့် ၎င်းယာဉ်အား ပေပင်လေး အမြန်လမ်းရဲတပ်ဖွဲ့မှ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်များအား သက်ဆိုင်ရာ အမြန်လမ်းရဲတပ်ဖွဲ့စခန်းများက အရေးယူစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# ကော့သောင်းမြို့ ဆလုံကျွန်းအနီး ပင်လယ်ပြင်အတွင်း ငါးဖမ်းလှေနစ်မြုပ်

**ကော့သောင်း အောက်တိုဘာ ၂၆**

ကော့သောင်းမြို့ ဆလုံကျွန်းအနီး အက်ဒမန်ပင်လယ်ပြင်အတွင်း အောက်တိုဘာ ၂၅ ရက် ညနက်ပိုင်းက ငါးဖမ်းလှေတစ်စင်း နစ်မြုပ်မှုဖြစ်ပွားခဲ့ရာ ရေကြောင်းရဲတပ်ဖွဲ့စု(ကော့သောင်း)မှ အချိန်မီကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယမန်နေ့ မွန်းလွဲပိုင်းက ကော့သောင်းမြို့နယ် စူငယ်ဘာလိုင်းကျေးရွာအုပ်စု အောင်ဘာကျေးရွာမှ ပဲ့နင်း ဦးဖိုးထူးဆိုသူ မောင်းနှင်သည့် ထက်ထက်စံအမည်ရှိ ငါးဖမ်းလှေသည် လှေလုပ်သားလေးဦးနှင့်အတူ ငါးပုံး ၃၀ ကို တင်ဆောင်၍ အောင်ဘာကျေးရွာမှ ကော့သောင်းမြို့သို့ ငါးများရောင်းချရန် ထွက်ခွာလာစဉ် ကော့သောင်းမြို့ ဆလုံကျွန်းအနီး ပင်လယ်ပြင်တွင် လှိုင်းထန်လာပြီး တိမ်းစောင်းနစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

အခင်းဖြစ်ပွားရာသို့ ဆလုံကျွန်းအနီး ပင်လယ်ပြင် လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် ရေကြောင်းရဲတပ်ဖွဲ့စု (ကော့သောင်း)က ရဲမာန်အောင်(၃၃၄) ရေယာဉ်ဖြင့် သွားရောက်ကာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ငါးလှေပဲ့နင်းဖြစ်သူနှင့် လှေလုပ်သားများအား ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ကယ်ဆယ်နိုင်ခဲ့ပြီး လှေလုပ်သားများနှင့် နစ်မြုပ်ခဲ့သည့် လှေအား တပ်ဖွဲ့ရေယာဉ်ဖြင့် ဆွဲယူကာ ကော့သောင်းမြို့သို့ ပို့ဆောင်ကူညီပေးခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**



# စီးပွားရေးပြုပြင်ပြောင်းလဲရေးနှင့်သမ္မတနုတ်ထွက်ရေး ချီလီပြည်သူများဆန္ဒပြ

**ဆန်တီယာဂို အောက်တိုဘာ ၂၆**

အောက်တိုဘာ ၂၅ ရက်က လူပေါင်းတစ်သန်းကျော် ချီလီနိုင်ငံလမ်းများပေါ်ထွက်ကာ စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် သမ္မတ ဆီဘတ်ရှန်ပိုင်နီးရား နုတ်ထွက်ရေး ဆန္ဒပြမှုများ ပြုလုပ်ခဲ့ရာ နိုင်ငံသမိုင်းတွင် အကြီးကျယ်ဆုံး ဆန္ဒပြမှုကြီးဖြစ်လာခဲ့ကြောင်း အောက်တိုဘာ ၂၆ ရက်ထုတ် နိုင်ငံတကာ သတင်းများတွင် ဖော်ပြထားသည်။

ယခုလိုမျိုး ဆန္ဒပြမှုများကို ကြည့်ခြင်းအားဖြင့် ပြည်သူများ ပြောင်းလဲမှုတစ်စုံတစ်ရာကို လိုချင်နေသည်ဆိုသည့်အချက်ကို အပြုသဘောဆောင်မီးမောင်းထိုးပြလိုက်သလိုဖြစ်ကြောင်း သမ္မတက ပြောကြားလိုက်သည်။

ဆန္ဒပြသူများသည် တိုင်းရင်းသားအလံများနှင့် အမျိုးသားအလံများကို ကိုင်ဆောင်လာပြီး အောင်မြင်ကျော်ကြား အမျိုးသားနိုးကြားရေးသီချင်းများ သီဆိုဟစ်ကြွေးကာ ချီတက်ဆန္ဒပြမှုများ ပြုလုပ်ခဲ့ကြသည်။

အဆိုပါနေ့ကို သမိုင်းဝင်နေ့တစ်နေ့အဖြစ် ဆန်တီယာဂိုမြို့တော်ဝန် ကာလာရှုဘီလာကဖော်ပြခဲ့ပြီး ငြိမ်းချမ်းသော ချီတက်ဆန္ဒပြမှုတစ်ခုအဖြစ် ချီးမွမ်းပြောကြားလိုက်သည်။ ချီလီ၏ အိပ်မက်အသစ်ကို ကိုယ်စားပြုသည့် ဆန္ဒဖော်ထုတ်မှုတစ်ခုအဖြစ် ၎င်းက ဆက်လက်ပြောကြားလိုက်သည်။ ရှုဘီလာက နိုင်ငံတစ်ဝန်းလုံး လူတစ်သန်းကျော် ဆန္ဒပြမှုများ ပြုလုပ်ခဲ့ကြောင်း၊ ဆန်တီယာဂိုမြို့တော်ခန်းမတွင် လူပေါင်း ၈၂၀၀၀၀ ခန့် စုဝေးခဲ့ကြောင်း ရဲတပ်ဖွဲ့က ထုတ်ပြန်သော သတင်းအချက်အလက်များအရ သိရသည်။ လွန်ခဲ့သောရက်သတ္တပတ်က ချီလီရှိအလိုမကျသော လူအုပ်ကြီးသည် နိုင်ငံ၏ လူမှုစီးပွားဘဝကို မကျေမနပ်ဆန္ဒပြမှုများ ပြုလုပ်ခဲ့ကြသည်။ ချီလီနိုင်ငံတွင် လုပ်ခလစာနည်းပါးခြင်း၊ ပင်စင်လစာနည်းပါးခြင်း၊ ကျန်းမာရေးစရိတ်မြင့်တက်ခြင်း၊ ပညာရေးစရိတ်မြင့်မားခြင်း၊ ဆင်းရဲချမ်းသာကွာဟမှု ကြီးမားခြင်း စသည်တို့နှင့် လတ်တလောတွင် ကြုံတွေ့နေရကြောင်း သိရသည်။

ဘီလီယံနာတစ်ဦးလည်းဖြစ်သူ ပိုင်နီးရားက များပြားလှသည့် ဆန္ဒပြပြည်သူများ ပျော်ရွှင်၊ ငြိမ်းချမ်းစွာချီတက်ဆန္ဒပြမှုများကို ကြည့်ခြင်းအားဖြင့် ပြည်သူများအနေဖြင့် ချီလီအတွက် ပိုမိုကောင်းမွန်သည့် အခြေအနေမျိုးနှင့် သာမက အနာဂတ်အတွက် လမ်းပွင့်နေသည့်၊ မျှော်လင့်ချက်တွေ ရှင်သန်နေသည့် နိုင်ငံဖြစ်ရေးကိုပါ တောင်းဆိုလျက်ရှိသည်ကို တွေ့မြင်ရသည်ဟု ၎င်း၏ တွစ်တာလူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖော်ပြခဲ့သည်။



ဆန်တီယာဂိုလမ်းများပေါ်တွင်ထွက်ကာ ဆန္ဒပြနေသည့်လူအုပ်ကြီးကို တွေ့ရစဉ်။

မိမိတို့ပြည်သူများ၏ သတင်းစကားကို ကြားသိရကြောင်းနှင့် အားလုံး ပြောင်းလဲဖို့ လုပ်ဆောင်ရန် လိုအပ်ကြောင်း၊ စုပေါင်းပါဝင် ညီညွတ်မှုနှင့်သာ ဆိုလျှင် အားလုံးအတွက် ကောင်းမွန်သည့် ချီလီနိုင်ငံတော်ကြီး ဖန်တီးနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **အေအက်ဖ်ပီ**

## ကုန်တင်ယာဉ်နောက်တွဲအတွင်း သေဆုံးသူများထဲတွင် ဗီယက်နမ်နိုင်ငံသားများလည်း ပါဝင်နိုင်ကြောင်းသိရ

**လန်ဒန် အောက်တိုဘာ ၂၆**

အင်္ဂလန် အရှေ့တောင်ပိုင်းရှိ အက်ဆက်မြို့တွင် ကုန်တင်ယာဉ်တစ်စီး၏ နောက်တွဲအတွင်း လူသေအလောင်း ၃၉ လောင်း တွေ့ရှိခဲ့ရာ ၎င်းတို့ထဲမှ ခြောက်ဦးမှာ ဗီယက်နမ်နိုင်ငံမှ ဖြစ်နိုင်ကြောင်း သိရသည်။

ဗီယက်နမ်မိသားစု ခြောက်စုက ကုန်တင်ယာဉ်အတွင်း သေဆုံးသူများတွင် ၎င်းတို့၏ ဆွေမျိုးများ ပါဝင်သည့်အတွက် ဝမ်းနည်းပူဆွေးနေကြသည်။ သေဆုံးသူများတွင် အသက် ၂၆ နှစ်အရွယ် ဖန်သီတာရာမိုင် ဆိုသည့် အမျိုးသမီးတစ်ဦးလည်း ပါဝင်သည်။ ၎င်းသည် အင်္ဂါနေ့က အသက်ရှူ၍မရဟု စာတိုပေးပို့ခဲ့ကြောင်း သိရသည်။



လူသေအလောင်းများ တွေ့ရှိရသည့် ကုန်တင်ယာဉ်ကို အောက်တိုဘာ ၂၃ ရက်က တွေ့ရစဉ်။

အမျိုးသား တစ်ဦးကိုလည်း လူသေစေမှု၊ လူကုန်ကူးရန် ပူးပေါင်းကြံစည်မှုတို့ဖြင့် စတန်းဆက်လေဆိပ်တွင် ဖမ်းဆီးခဲ့သည်။ ဝါရှင်တန်မှ အမျိုးသားနှစ်ဦးကိုလည်း လူသေစေမှု၊ လူကုန်ကူးရာတွင် ပူးပေါင်းကြံစည်မှုတို့ဖြင့် ဖမ်းဆီးထားသည်။ ကုန်တင်ယာဉ် ဒရိုင်ဘာကိုလည်း လူသတ်မှုဖြင့် သံသယရှိသည့်အတွက် ဖမ်းဆီးထားသည်။

ဖန်သီတာရာမိုင်၏ အစ်ကိုဖြစ်သူက ၎င်း၏ညီမကို ဗြိတိန်နိုင်ငံအတွင်း ခေါ်ဆောင်နိုင်ရေး လူမှောင်ခိုသမားများကို ပေါင် ၃၀၀၀၀ ပေးခဲ့ရကြောင်း၊ နောက်ဆုံးအဆက်အသွယ်ရသည့်နေရာမှာ ဘယ်လ်ဂျီယံနိုင်ငံဖြစ်ကြောင်း ပြောသည်။ အောက်တိုဘာ ၂၃ ရက်မှစတင်ကာ ညီမဖြစ်သူနှင့် အဆက်အသွယ် ပြတ်တောက်သွားခဲ့ကြောင်း၊ ဘယ်လ်ဂျီယံမှ ဗြိတိန်သို့ လာရာလမ်းတစ်လျှောက်တွင် အဆက်အသွယ် ပြတ်တောက်သွားခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ **ဘီဘီစီ**

## ရေနံတွင်းများနှင့် ရေနံလုပ်ငန်းများကို အိုင်အက်စ်ရန်မှ အမေရိကန်ကာကွယ်မည်

**ဝါရှင်တန် အောက်တိုဘာ ၂၆**

ဆီးရီးယားနိုင်ငံအရှေ့ပိုင်းမှ အမေရိကန်တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းလိုက်သော်လည်း ရေနံတွင်းများနှင့် ရေနံလုပ်ငန်းများကို အိုင်အက်စ်အကြမ်းဖက်ရန်မှ ကာကွယ်နေသည့် တပ်ဖွဲ့ဝင်အင်အားကို တိုးမြှင့်မည်ဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားလိုက်သည်။

ရေနံတွင်းများကို အိုင်အက်စ်ရန်မှ ကာကွယ်မှုများ လုပ်ဆောင်သွားရန် ဒယ်ယာအယ်ဇာဒေသမှ တပ်ဖွဲ့ဝင်အင်အားကို တိုးမြှင့်ရန် လုပ်ဆောင်နေကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး မာ့ခ်အက်စ်ပါက အောက်တိုဘာ ၂၅ ရက်က သတင်းထောက်များကို ပြောကြားလိုက်သည်။ ဘရပ်ဆဲလ်မြို့တွင် မြောက်အတ္တလန္တိတ်စာချုပ် (နေတိုး) အဖွဲ့နှင့် ဆွေးနွေးပြီးနောက် အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်စ်ပါက ထိုသို့ပြောကြားလိုက်ခြင်း ဖြစ်သည်။ ဆီးရီးယားအရှေ့မြောက်ပိုင်းတွင် အမေရိကန်အထူးတပ်ဖွဲ့ဝင်အင်အား ၁၁၀၀ ခန့်ကို ဆက်လက်ထားရှိမည်ဖြစ်ပြီး အိုင်အက်စ်အစွန်းရောက်အဖွဲ့ကို အပြီးတိုင်ချေမှုန်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ အိုင်အက်စ်ထိန်းချုပ်ထားသည့် နောက်ဆုံးခံတပ်နယ်မြေကို လွန်ခဲ့သည့် မတ်လက သိမ်းပိုက်ခဲ့ပြီးနောက် ကျန်ရှိနေသေးသည့် အိုင်အက်စ် လျှို့ဝှက်အဖွဲ့များကို ရှင်းလင်းခြင်း၊ နှိမ်နင်းတိုက်ခိုက်ခြင်း၊ တားဆီးခြင်းများကို ကာ့ဒ်တပ်ဖွဲ့နှင့် ပူးပေါင်းပြီး လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

သို့သော်လည်း ယခုလအစောပိုင်းက အမေရိကန်တပ်ဖွဲ့ဝင်များကို ပြန်ရုပ်သိမ်းရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ညွှန်ကြားခဲ့ပြီးနောက် တူရကီအစိုးရက အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ထားသည့် ကာ့ဒ်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သည်။ **အေအက်ဖ်ပီ**

## လစ်ဗျားတွင် ဆေးဝန်ထမ်းများတိုက်ခိုက်ခံရမှု ကုလရှုတ်ချ

**ထရီပိုလီ အောက်တိုဘာ ၂၆**

လစ်ဗျားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထောက်အကူပြုရေး လုပ်ငန်းအဖွဲ့ (UNSMIL) က လစ်ဗျားနိုင်ငံတွင် ဆေးဝန်ထမ်းနှင့် ဆေးဘက်ဆိုင်ရာ အဆောက်အအုံများ ပစ်မှတ်ထား တိုက်ခိုက်ခံရမှုကို အောက်တိုဘာ ၂၅ ရက်တွင် ရှုတ်ချခဲ့ကြောင်း သိရသည်။

လစ်ဗျားနိုင်ငံတွင် အရှေ့ပိုင်း အခြေစိုက်တပ်များနှင့် ကုလသမဂ္ဂ ကကျောထောက်နောက်ခံပြုထားသောအစိုးရတပ်များကြားတိုက်ပွဲများ အရှိန်ပြင်းထန်လျက်ရှိသည်။ ဆေးဝန်ထမ်းများ၊ ဆေးဘက်ဆိုင်ရာ အဆောက်အအုံများနှင့် အရပ်သားများကို ပစ်မှတ်ထားတိုက်ခိုက်မှုများအား UNSMIL က ပြင်းပြင်းထန်ထန် ရှုတ်ချကြောင်း ကြေညာခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် ကျန်းမာရေးလုပ်သားများနှင့်ဆေးဘက်ဆိုင်ရာအဆောက်အအုံများကို ပစ်မှတ်ထားတိုက်ခိုက်ခံရမှုမှာ ၅၈ ကြိမ်ထက်မနည်းရှိကြောင်း ကုလသဂ္ဂ အချက်အလက်များအရ သိရသည်။

အရပ်သားများနှင့် အများပြည်သူပိုင်အဆောက်အအုံများကိုတိုက်ခိုက်ခြင်းမှာ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေကိုချိုးဖောက်ခြင်းဖြစ်ကြောင်း UNSMIL က သတိပေးထားသည်။ ယခုသီတင်းပတ်အတွင်း ထရီပိုလီတောင်ပိုင်းရှိ ဆေးရုံနှစ်ရုံ အတိုက်ခံရ၍ ဆေးဘက်အကူတစ်ဦး သေဆုံးခဲ့ပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်းလစ်ဗျားကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများကို တိုက်ခိုက်ခြင်းမပြုရန် သတိပေးထားသော်လည်း ထရီပိုလီတွင် ယခင်ကလည်း ဆေးဘက်ဝန်ထမ်းများ တိုက်ခိုက်ခံရလေ့ရှိသည်။ **ဆင်ဟွာ**

## အီရတ်နိုင်ငံဘက်သို့ ထွက်ပြေးလာသည့် ဆီးရီးယားနိုင်ငံသားများ သိသိသာသာ များပြားလာ

**ဘဂ္ဂဒက် အောက်တိုဘာ ၂၆**

ဆီးရီးယားနိုင်ငံမြောက်ပိုင်းမှ ဒုက္ခသည်များ နယ်စပ်ဖြတ်ကျော်၍ အီရတ်နိုင်ငံအတွင်းသို့ ဝင်ရောက်လာမှုမှာ မကြာသေးမီရက်ပိုင်းအတွင်း သိသိသာသာ များပြားလာကြောင်း သိရသည်။ အဆိုပါဒေသတွင် တူရကီဘက်မှ ထိုးစစ်ဆင်နွှဲပြီးနောက်ပိုင်း ထိုသို့များပြားလာခြင်းဖြစ်ကြောင်း ကုလသမဂ္ဂက သတိပေးထားသည်။

အီရတ်နိုင်ငံရှိကာ့ဒ်များအများစုနေထိုင်ရာ ဒူဟော့ပြည်နယ်ရှိ ဘာဒါရက်ရှ်ဒုက္ခသည်စခန်းသို့ ဆီးရီးယားဒုက္ခသည် ၈၈၅၀ နောက်ထပ်ရောက်လာပြီး အဆိုပါဒုက္ခသည်များကို စားနပ်ရိက္ခာ ထောက်ပံ့ပေးထားရကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် အစားအသောက်ထောက်ပံ့ရေးဆိုင်ရာဌာနခွဲက အောက်တိုဘာ ၂၅ ရက်တွင် ပြောကြားခဲ့သည်။

စစ်ဆင်ရေးဆင်နွှဲမှုများကြောင့် ဆီးရီးယားနိုင်ငံမြောက်ပိုင်းမှ လူပေါင်း ၁၇၆၀၀၀ နေရပ်စွန့်ခွာထွက်ပြေးခဲ့ရကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှာလည်း အဆိုပါလူများကို ထောက်ပံ့ပေးနိုင်ရေးစီစဉ်နေကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ အန်တိုနီရီနတ်က ပြောသည်။ ဘာဒါရက်ရှ်ဒုက္ခသည်စခန်းသည် ဆီးရီးယားမှ အသစ် ရောက်လာသည့် ဒုက္ခသည်များ အဆင်ပြေစေရေးအတွက် ပြန်လည်ဖွင့်ပေးခဲ့သည့် ဒုက္ခသည်စခန်းလည်းဖြစ်သည်။ အဆိုပါစခန်းတွင် ရွက်ဖျင်တဲများ၊ အစားအသောက်များ၊ သက်သာချောင်ချိရေးပစ္စည်းများကို ကုလသမဂ္ဂအေဂျင်စီမှ ထောက်ပံ့ပေးထားသည်။ **ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### အာဖဂန်နစ္စတန်နိုင်ငံ၌ အသေခံဗုံးခွဲမှုဖြစ်ပွား

ဂျလာလာဘတ် အောက်တိုဘာ ၂၆

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းတွင် အစိုးရထောက်လှမ်းရေးအေးဂျင့်များ လိုက်ပါလာသည့် ယာဉ်တန်းကို ပစ်မှတ်ထား၍ အသေခံဗုံးဖောက်ခွဲမှု ပြုလုပ်ခဲ့ရာ ငါးဦးသေဆုံးခဲ့ပြီး ၂၀ ထက်မနည်းဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၂၅ ရက်က ဂျလာလာဘတ်မြို့တွင် အစောင့်အရှောက်များ လိုက်ပါလာသည့် ယာဉ်တန်းအနီးတွင် ကျယ်လောင်သည့် ပေါက်ကွဲသံကြားရကြောင်း အာဖဂန်အစိုးရက ပြောသည်။ တာလီဘန်တို့ကမူ အဆိုပါအသေခံဗုံးခွဲမှု၏ လက်သည်တရားခံမှာ ၎င်းတို့သာဖြစ်သည်ဟု ပြောကြားခဲ့သည်။

ထို့ကြောင့်နောက်ထပ်လုံခြုံရေး ထိခိုက်ပျက်ပြားမည်ကိုစိုးရိမ်နေကြရသည်။ နန်ဂါဟာပြည်နယ်အုပ်ချုပ်ရေးမှူးပြောရေးဆိုခွင့်ရှိသူ အက်တူလာခိုဂျန်နီက အာဖဂန်ထောက်လှမ်းရေးအေးဂျင့်များ လိုက်ပါလာသည့် ယာဉ်တန်းကို ပစ်မှတ်ထားကာ အသေခံ ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကာ အရပ်သားနှစ်ဦးနှင့် လုံခြုံရေး တပ်ဖွဲ့ဝင် သုံးဦး သေဆုံး ခဲ့ရသည်ဟု ပြောကြားခဲ့သည်။ အရပ်သား ၁၅ ဦး နှင့် လုံခြုံရေး တပ်ဖွဲ့ဝင်ခြောက်ဦးတို့ ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**

### တရုတ်သမ္မတ ရှီ၏ ဂျပန်ခရီးစဉ်သည် သမိုင်းမှတ်တိုင်ဖြစ်လာမည်ဟုဆို

ပေကျင်း အောက်တိုဘာ ၂၆

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် လာမည့်နွေရာသီတွင် ဂျပန်နိုင်ငံသို့ လာရောက်ရန်စီစဉ်ထားရာ အဆိုပါခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေးအတွက် အရေးပါသည့်သမိုင်းမှတ်တိုင်ဖြစ်လာလိမ့်မည်ဟု တရုတ်နိုင်ငံခြားရေး ဝန်ကြီးဝမ်ယိက ပြောသည်။

အောက်တိုဘာ ၂၆ ရက်က တရုတ်နိုင်ငံ ပေကျင်းမြို့၌ ပြုလုပ်သည့်ဖိုရမ်တွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်ပြီး အဆိုပါဖိုရမ်သို့ ဂျပန်မှ ကိုယ်ကျိုးမဖက်သည့် အုပ်စုဖြစ်သည့် The Genron NPO မှ ကျွမ်းကျင်ပညာရှင်များ၊ တရုတ်အပြည်ပြည်ဆိုင်ရာ ထုတ်ဝေရေးအုပ်စုတို့ တက်ရောက်ခဲ့ကြသည်။ ဂျပန်နိုင်ငံနှင့်တရုတ်နိုင်ငံတို့သည် ကမ္ဘာ့ဒုတိယနှင့်တတိယ အကြီးဆုံး စီးပွားရေးအင်အားကြီးနိုင်ငံများဖြစ်ပြီး အပြည်ပြည်ဆိုင်ရာနှင့်ဒေသတွင်းတွင် လွှမ်းမိုးမှုများရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးကပြောဆိုခဲ့သည်။ ဂျပန်နိုင်ငံမှ ယခင်ဝန်ကြီးချုပ်ဟောင်း ယာဆူအိုဖူကူဒါသည်လည်း အဆိုပါဖိုရမ်တွင် မိန့်ခွန်းပြောကြားခဲ့သည်။ နှစ်နိုင်ငံစလုံးမှပြည်သူများကြားတွင် အပြန်အလှန်ယုံကြည်မှု တည်ဆောက်ခြင်းသည် နှစ်နိုင်ငံဆက်ဆံရေးအတွက် အဓိကအသက်သွေးကြောပင် ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# တစ်ကျော့ပြန်ဆန္ဒပြပွဲတွေနဲ့ လှုပ်လှုပ်ရှားရှားဖြစ်လာရပြန်တဲ့ အီရတ်

## ခြူးစန္ဒီနွေး

**အီရတ်နိုင်ငံမှာလွန်ခဲ့တဲ့နှစ်ပတ်အကျော်က ရပ်တန့်ထားတဲ့ ဆန္ဒပြပွဲတွေပြန်လည်ပေါ်ပေါက်လာပြန်ပါပြီ။ အောက်တိုဘာ ၂၅ ရက်မှာတော့ အီရတ်ဆန္ဒပြသူတွေဟာလမ်းမတွေပေါ် ပြန်ထွက်လာပြန်ပါတယ်။ လွန်ခဲ့တဲ့နှစ်ပတ်ခန့်က ဖြစ်ပွားခဲ့တဲ့ဆန္ဒပြပွဲတွေကြောင့်သေဆုံးသူအရေအတွက်ကတော့ တစ်နိုင်ငံလုံးအနှံ့ ၁၅၀ နီးပါး ရှိပါတယ်။ ခြောက်ရက်ကြာဆန္ဒပြပွဲအတွင်းမှာ လူပေါင်း ၅၀၀၀ခန့်ဒဏ်ရာရရှိခဲ့ပါတယ်။**



ရေလျှံနေသည့်လမ်းမထက်တွင် ဆန္ဒပြနေကြသူများကို အောက်တိုဘာ ၂၅ ရက်က တွေ့ရစဉ်။

### တရားစွဲဆိုသွားမယ်

လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ ဆန္ဒပြသူတွေကြား ပဋိပက္ခတွေကြောင့် သေဆုံးသူအရေအတွက် များပြားခဲ့ရတာလည်းဖြစ်ပါတယ်။ ဒါကြောင့်လည်း အစိုးရအပေါ်မကျေနပ်မှုတွေ ပိုမိုများပြားလာခဲ့ရတာပါ။ အစိုးရအနေနဲ့ စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်ပြီးတဲ့နောက်မှာတော့ အီရတ်တပ်ဖွဲ့နဲ့ ရဲတပ်ဖွဲ့တို့မှ အရာရှိတွေကို တရားစွဲဆိုသွားမယ်လို့ သိရပါတယ်။ ဒီအရာရှိတွေဟာ ဆန္ဒပြသူတွေကိုပစ်ခတ်ဖို့ အမိန့်ပေးသူတွေလို့ စွပ်စွဲထားကြပါတယ်။ ပစ်ခတ်မှုတွေ ကြားမှာ လုံခြုံရေးတပ်ဖွဲ့ဝင် ရှစ်ဦးလည်း အသက်ဆုံးရှုံးခဲ့ရပါတယ်။ တပ်မှူးတွေကိုတော့ ရာထူးကနေဖယ်ရှားတာမျိုး ပြုလုပ်ခဲ့ပါတယ်။ အစိုးရကတော့ ပြည်သူတွေ စိတ်ကျေနပ်မှုရရှိစေဖို့အတွက် ပြုပြင်ပြောင်းလဲမှုတွေပြုလုပ်မယ်လို့ ကြေညာခဲ့ပါတယ်။

### ဒေါသကိုဖြေဖျောက်နိုင်ပါ့မလား

အလုပ်သစ်တွေဖန်တီးပေးတာမျိုး၊ အိမ်ရာသစ်တွေ ဖန်တီးပေးတာမျိုး ပြုလုပ်ပေးမယ်လို့ ပြောဆိုခဲ့ပေမယ့် ပြည်သူတွေရဲ့ဒေါသကို ဖြေဖျောက်နိုင်ပါ့မလား။ အီရတ်ပြည်သူတွေကတော့ နိုင်ငံအတွင်း အကျင့်ပျက်ခြစားမှုတွေ၊ အလုပ်လက်မဲ့ပြဿနာ၊ အခြေခံပြည်သူ့ဝန်ဆောင်မှုစနစ်တွေ မရှိတာကြောင့် အစိုးရကို မကျေနပ်ကြပါဘူး။ ဒါကြောင့်လည်း ဆန္ဒပြပွဲတွေ ပေါ်ပေါက်လာခဲ့ရတာပါ။ အောက်တိုဘာ ၂၅ ရက် မနက်ပိုင်းမှာတော့ ဆန္ဒပြသူတွေဟာ အတားအဆီးတွေကို ဖယ်ရှားလိုက်ပြီး အစိမ်းရောင်နယ်မြေအတွင်းကို ချင်းနင်းဝင်ရောက်လာကြပါတယ်။ ဆန္ဒပြသူတွေ နောက်ပြန်ဆုတ်သွားဖို့အရေး လုံခြုံရေးတပ်ဖွဲ့ဝင်တွေဟာ မျက်ရည်ယိုဗုံးနဲ့ ပစ်ခတ်တာတွေ ပြုလုပ်ခဲ့ပါတယ်။

### အစိမ်းရောင်နယ်မြေ

အစိမ်းရောင်နယ်မြေဆိုတာကတော့ အစိုးရရုံးတွေ၊ ဝန်ကြီးချုပ်နေအိမ်၊ ပါလီမန်နဲ့ သံရုံးတွေတည်ရှိရာနေရာလည်း ဖြစ်ပါတယ်။ ဒါကြောင့် အစိမ်းရောင်နယ်မြေဟာ အရေးပါလှတဲ့ နယ်မြေဆိုလည်း မမှားပါဘူး။ အစိမ်းရောင်နယ်မြေဟာ မြို့တော်ဘဂ္ဂဒက် အလယ်မှာရှိပြီး ၂၀၀၃ခုနှစ် အီရတ်ကို အမေရိကန်တွေ ဝင်ရောက်ခဲ့တဲ့အခါမှာ အမေရိကန်ဦးဆောင်တဲ့ တပ်ဖွဲ့တွေ ဖန်တီးခဲ့တဲ့နေရာလည်း ဖြစ်ပါတယ်။ အဲဒီနေရာကို အခွင့်ထူးတွေရထားတဲ့ နေရာတစ်ခုလို့ အီရတ်ပြည်သူတွေက မြင်ပါတယ်။ ဘာလို့လဲဆိုရင် အဲဒီနေရာဟာ ဘဂ္ဂဒက်မြို့တစ်မြို့လုံးမှာ အကောင်းဆုံးလုံခြုံရေးနဲ့ ကောင်းမွန်လှတဲ့ ပြည်သူ့ဝန်ဆောင်မှုစနစ်တွေ ရှိလို့ပါပဲ။ အဲဒီရက်မတိုင်ခင် အောက်တိုဘာ ၂၄ ရက် ညနေခင်းမှာတော့ မိုဘိုင်းဖုန်းအရောင်းဆိုင်တွေရဲ့ ပြတင်းပေါက်တွေ ချိုးဖျက်ခံရပါတယ်။ ငွေကြေးလဲလှယ်ရေးဆိုင်တွေလည်း ပိတ်ထားရပါတယ်။ အဲဒီည တစ်ညလုံး ဆန္ဒပြသူတွေဟာ တက်ဟီရာရင်ပြင်မှာ လူစုဝေးကြဖို့ကြိုးပမ်းခဲ့ကြပါတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေဟာလည်း အစိမ်းရောင်နယ်မြေဆီသို့သွားရာ တံတားနှစ်စင်းကို ပိတ်ပစ်လိုက်ရပါတယ်။

### ပြည်တွင်းပြဿနာတွေနဲ့ ရင်ဆိုင်နေရ

မျှော်လင့်ချက် ကြီးကြီးထားခဲ့ကြတဲ့ဆန္ဒပြသူတွေဟာ ယခုတစ်ကြိမ်မှာတော့ လွန်ခဲ့တဲ့နှစ်ပတ်တုန်းကနဲ့မတူတော့ပါဘူး။ အရင်ကထက်ပိုပြီး လူအုပ်ကြီးကြီးလာသလို ဒေါသတွေလည်း ပိုကြီးလာပါတယ်။ အီရတ်မှာ အာဏာရှင် ဆက်ဒမ်ဟူစိန်ကို ဖြုတ်ချပြီးတဲ့နောက်ပိုင်း ယခုတစ်ကြိမ်ဆန္ဒပြပွဲဟာ အဆိုးရွားဆုံးလို့ ပြောရမှာပါပဲ။ ဆိုးရွားပြင်းထန်လှတဲ့ပြည်တွင်းပြဿနာနဲ့ ရင်ဆိုင်နေရတဲ့အချိန်လည်း ဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုးတွေ ဖြစ်ပေါ်နေတဲ့အချိန်မှာတော့ အီရတ်ဝန်ကြီးချုပ် အဒီအဗ္ဗဒူမာဒီလည်း ဒီအတိုင်းလက်ပိုက်ကြည့်မနေနိုင်ပါဘူး။ တစ်တိုင်းပြည်လုံးကို မိန့်ခွန်းပြောကြားခဲ့ပါတယ်။ ဘယ်လိုမျိုး ပြုပြင်ပြောင်းလဲမှုတွေလုပ်မလဲဆိုတာကို ပြောပြခဲ့ပါတယ်။ ဆင်းရဲသားတွေအတွက် အိမ်ရာတွေ၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးမယ်လို့ ကတိပြုခဲ့ပါတယ်။

### ခြစားမှုတိုက်ဖျက်မယ်

နောက်ပြီး လာမယ့်သီတင်းပတ်အတွင်းမှာ အစိုးရအဖွဲ့အတွင်း အပြောင်းအလဲပြုလုပ်ပြီး ဝန်ကြီးတွေဟာလည်းအရည်အချင်းပြည့်ဝပြီး အမှီအခိုကင်းရမယ်၊ အမျိုးသမီးနဲ့လူငယ်တွေကိုလည်း ပိုပြီး နေရာပေးသွားမယ်လို့ ရုပ်သံကနေ မိန့်ခွန်းပြောခဲ့ပါတယ်။ သန်းနဲ့ချီတဲ့ အီရတ်ပြည်သူတွေရဲ့ဝေဖန်မှုတွေကို တုံ့ပြန်လိုက်တာလည်း ဖြစ်ပါတယ်။ သူပေးခဲ့တဲ့ ကတိတွေထဲမှာ အကျင့်ပျက်ခြစားမှုကိုတိုက်ဖျက်ဖို့အတွက် အထူးတရားရုံးကိုလည်းဖော်ဆောင်သွားမယ်ဆိုတဲ့အချက်လည်း ပါပါတယ်။ ပြည်သူ့စစ်အဖွဲ့တွေဟာ အီရတ်တပ်ဖွဲ့နဲ့အတူ အလုပ်လုပ်ကိုင်ပြီး အခုဆိုရင်ပါလီမန်မှာနေရာရလာပါတယ်။

### ကတိတွေဖြည့်ဆည်းပေးမှာလား

ပြည်သူ့စစ်အဖွဲ့နဲ့ အီရတ်တပ်ဖွဲ့ကိုခွဲခြားဖို့အရေးအပါအဝင် အဆင့်မြင့်အရာရှိကြီးများရဲ့ လစာကို လျှော့ချပေးဖို့အစရှိတဲ့ ခက်ခဲတဲ့ ကိစ္စရပ်တွေကို ဖြေရှင်းပေးသွားဖို့လည်း ကတိပြုခဲ့ပါတယ်။ မစ္စတာမာဒီကတော့ အရင်တုန်းကလည်း ပြောင်းလဲမှုတွေပြုလုပ်မယ်ဆိုတဲ့ ကတိပေးခဲ့ဖူးပါတယ်။ အခုလည်းကတိအသစ်တွေ တသီတတန်းကြီး ပေးပြန်တော့ ဒီကတိတွေကို သူတကယ်ပဲဖြည့်ဆည်းပေးမှာလားဆိုတဲ့ မေးခွန်းတွေ ပေါ်ထွက်လာပါတယ်။ အတိတ်ကာလတုန်းကတော့ သူဟာ ဒီပြဿနာတွေကိုဖြေရှင်းဖို့ မစွမ်းဆောင်နိုင်ခဲ့ပါဘူး။ အခုတစ်ကြိမ်ကတော့ အရင်တုန်းကနဲ့မတူပါဘူး။ ဝန်ကြီးချုပ်အပေါ်မှာလည်း ဖိအားတွေ အများကြီးနဲ့ပါပဲ။ တကယ်လို့များ ပြည်သူလူထုက အစိုးရကိုမကျေနပ်နိုင်ဘူးဆိုရင်အစိုးရ ပြုတ်ကျသွားနိုင်ပြီး အီရတ်နိုင်ငံဟာလည်း ပရမ်းပတာအခြေအနေမျိုးအတွင်း တစ်ဖန်သက်ဆင်းသွားနိုင်ပါတယ်။

### အချိန်ယူရဦးမည်

ဝန်ကြီးချုပ် မာဒီကတော့ ပြုပြင်ပြောင်းလဲဖို့ တွန်းအားပေးရုံမျှနဲ့ သူ့မှာဘာမှဆုံးရှုံးသွားဖွယ်ရာမရှိပါဘူး။ နိုင်ငံရေးသမားတွေ သတိမပြုမိတဲ့စနစ်မှာ ကျွန်တော်တို့တစ်တွေ ပြဿနာတွေနဲ့ ရင်ဆိုင်နေရတာပဲဖြစ်တယ်။ ဒါပေမယ့် ပြည်သူတွေကတော့ ဒါကိုသတိပြုမိတယ်။ ဒါကြောင့်လည်း လှုပ်ရှားမှုတွေ ပေါ်ပေါက်လာရတာပဲဖြစ်တယ်လို့ ဝန်ကြီးချုပ်က ပြောပါတယ်။ ဒါပေမယ့်လည်း ဝန်ကြီးချုပ်အနေနဲ့ လူထုရဲ့ ယုံကြည်မှုကိုပြန်ရဖို့ဆိုရင်တော့ အချိန်တွေအများကြီးယူရဦးမှာပါ။ အခုတစ်ကြိမ်မှာ ပြည်သူတွေဟာ တရားဝင်တောင်းဆိုမှုတွေနဲ့အတူ လမ်းမပေါ် ထွက်လာကြတယ်။ ဆန္ဒပြသူတွေရဲ့ဆန္ဒနဲ့ လိုက်ညီဖို့အတွက်ကတော့ နောက်ကျလွန်းနေပါပြီ။ ဒါပေမယ့် သူတို့ဘာလိုချင်နေတာလဲဆိုတာကို ကောင်းကောင်းနားလည်ရင်တော့ လမ်းမပေါ်ထွက်ဆန္ဒပြတာကို ရပ်တန့်လိမ့်မယ်လို့ အတ္တလန္တိတ်ကောင်စီက အဖွဲ့ဝင်လူကြီးတစ်ဦးဖြစ်တဲ့ အဘတ်စ်ကတ်ဒ်ဟင်းက ပြောပါတယ်။

### အင်တာနက်မဖြတ်တောက်

အီရတ်မှာဒီလိုမျိုးဆန္ဒပြပွဲတွေ ပြင်းထန်နေပေမယ့် အင်တာနက်ပြတ်တောက်သွားတာမျိုးတော့ မရှိပါဘူး။ ဆက်သွယ်ရေးဝန်ကြီးဌာနကလည်းသူတို့ဆီကို အင်တာနက်ပိတ်လိုက်ဖို့ ညွှန်ကြားချက်တွေ ရောက်လာတာမျိုးမရှိဘူးလို့ဆိုပါတယ်။ ဒါကြောင့်လည်း ဆန္ဒပြသူတွေဟာ အောက်တိုဘာ ၂၅ ရက် မနက်ပိုင်းမှာ အချင်းချင်းဆက်သွယ်နိုင်ခဲ့ကြပါတယ်။ ဒါဟာ အောက်တိုဘာလအစောပိုင်းက ဖြစ်ပွားခဲ့တဲ့ ဆန္ဒပြပွဲတုန်းကအခြေအနေတွေနဲ့ ကွာခြားတာပါပဲ။ အဲဒီတုန်းကဆိုရင် အစိုးရဟာ အင်တာနက်ကို ဖြတ်တောက်လိုက်ပါတယ်။ နောက်ပိုင်းမှာပြန်ပေးခဲ့ပေမယ့် အကန့်အသတ်နဲ့သာ ဆိုရှယ်မီဒီယာကို ပြန်သုံးလို့ရခဲ့ပါတယ်။ ဝန်ကြီးချုပ်ရဲ့ ကတိတွေနဲ့ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းတွေဟာ ပြည်သူတွေကိုစိတ်ကျေနပ်မှုဖြစ်စေရင် ဆန္ဒပြပွဲတွေ ချုပ်ငြိမ်းသွားနိုင်ပါတယ်။ ဒီလိုမှမဟုတ်ဘဲ ဆန္ဒပြပွဲတွေ အပြီးမသတ်နိုင်ဘူးဆိုရင် နိုင်ငံရေးဖရိုဖရဲ အခြေအနေတစ်ခုအတွင်း ဆင်းသက်သွားနိုင်ပါတယ်။

**ကိုးကား -စီအင်န်အင်န်၊ နယူးယောက်တိုင်းမ်**

> “အီရတ်ပြည်သူတွေကတော့ နိုင်ငံအတွင်း အကျင့်ပျက်ခြစားမှုတွေ၊ အလုပ်လက်မဲ့ပြဿနာ၊ အခြေခံပြည်သူ့ ဝန်ဆောင်မှုစနစ်တွေ မရှိတာကြောင့် အစိုးရကို မကျေနပ်ကြပါဘူး။ ဒါကြောင့်လည်း ဆန္ဒပြပွဲတွေ ပေါ်ပေါက်လာခဲ့ရတာပါ။ အောက်တိုဘာ ၂၅ ရက် မနက်ပိုင်းမှာတော့ ဆန္ဒပြသူတွေဟာ အတားအဆီးတွေကို ဖယ်ရှားလိုက်ပြီး အစိမ်းရောင်နယ်မြေအတွင်းကို ချင်းနင်းဝင်ရောက်လာကြပါတယ်။”

# မူဆယ်-မန္တလေး လျှပ်စစ်ရထားလမ်း ဖောက်လုပ်မည့်စီမံကိန်းနှင့်ပတ်သက်ပြီး မူဆယ်မြို့ ဒေသခံပြည်သူများအား တွေ့ဆုံဆွေးနွေး



မူဆယ်-မန္တလေးလျှပ်စစ်ရထားလမ်းဖောက်လုပ်မည့် စီမံကိန်းနှင့်ပတ်သက်၍ ဆွေးနွေးပွဲကျင်းပစဉ်။

**မူဆယ် အောက်တိုဘာ ၂၆**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်-မန္တလေးမြို့သို့ ဆက်သွယ်ဖောက်လုပ်မည့် လျှပ်စစ်ရထားလမ်းစီမံကိန်းနှင့် ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများတွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၄ ရက်က မူဆယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညီစိန်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်းနှင့် ဦးကိန်မိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲတွင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသူရန်က အမှာစကားပြောကြားပြီး မြန်မာ့မီးရထားမှ ဒုတိယ အထွေထွေမန်နေဂျာ ဦးငွေလှိုင်(မြို့ပြ)က မူဆယ်-မန္တလေး ရထားလမ်းဖောက်လုပ်ရန် နားလည်မှုစာချွန်လွှာ(MOU)လက်မှတ်ကို ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၂ ရက်တွင် မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့် တရုတ်နိုင်ငံ CREEGC တို့က လက်မှတ်ရေးထိုးခဲ့ကြောင်းနှင့် မူဆယ်-မန္တလေး လျှပ်စစ်ရထားလမ်းဖောက်လုပ်မည့် စီမံကိန်းနှင့်စပ်လျဉ်း၍ လက်ရှိလုပ်ဆောင်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် ပြည်သူလူထု၏ သဘောထားများကို အလေးအနက်ထားပြီးဆောင်ရွက်စေလိုကြောင်း၊ တောင်သူများ၏ လယ်ယာမြေများ၊ တောင်ယာမြေများ၊ သစ်တောခြံများ၊ ရေအရင်းအမြစ်များ ထိခိုက်ပျက်စီးမည်ဆိုပါက ပြန်လည်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် အရေးကြီးကြောင်းနှင့် ဒေသခံပြည်သူများ ထိခိုက်နစ်နာမှုမရှိစေရန် အထူးလိုအပ်ကြောင်း အကြံပြုဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးပေးသည်။

မူဆယ်-မန္တလေး လျှပ်စစ်မီးရထားလမ်းသည် အရှည် ၄၁၄ ကီလိုမီတာ၊ မိုင်ပေါင်း ၂၅၃ မိုင်၊ တံတားကြီး၊ တံတားငယ် စုစုပေါင်း ၁၄၂ခု၊ ဥမင် ၆၀၊ ဘူတာရုံ ၃၆ ခုနှင့် ရထားလမ်းလွှဲ ၂၄ ခု ပါဝင်မည်ဖြစ်ပြီး မူဆယ်-မန္တလေးအကြား ခရီးကြာချိန်သုံးနာရီခန့် ကြာမြင့်မည်ဟု သိရသည်။ အဆိုပါလမ်းဖောက်လုပ်ပြီးစီးပါက လမ်းပန်းဆက်သွယ်ရေးများနှင့် ကုန်သွယ်ရေးလုပ်ငန်းများ လွယ်ကူမြန်ဆန်လာမည်ဖြစ်ပြီး ဒေသခံပြည်သူများလည်း အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ကမ်းလွန်လုပ်ကွက်အမှတ် Block M-9 တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်၍ ရေကြောင်း သတိပေးချက် ထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၂၆**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် Block M-9 တွင် 3D seismic Survey လုပ်ငန်းများအား MV.RAMFORM HYPERION (Call Sign : C6DB4) ဖြင့် Point.A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၀ မိနစ် ၀ ဒသမ ၀၀ စက္ကန့် ၊ အရှေ့ လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၉ မိနစ် ၀ ဒသမ ၀၀ စက္ကန့်၊ Point.B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၀ မိနစ် ၀ ဒသမ ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၅ မိနစ် ၀ ဒသမ ၀၀ စက္ကန့်၊ Point.C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၁ မိနစ် ၁၃ ဒသမ ၅၅ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၄ မိနစ် ၅၉ ဒသမ ၄၁ စက္ကန့်၊ Point.D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၁ မိနစ် ၁၃ ဒသမ ၈၈ စက္ကန့် ၊ အရှေ့ လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၁ မိနစ် ၅၃ ဒသမ ၁၈ စက္ကန့်၊ Point.E မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၆ မိနစ် ၃၇ ဒသမ ၉၉ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၁ မိနစ် ၅၃ ဒသမ ၇၀ စက္ကန့်၊ Point.F မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၆ မိနစ် ၃၃ ဒသမ ၅၉ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၃ မိနစ် ၃၁ ဒသမ ၁၂ စက္ကန့်၊ Point.G မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၄ မိနစ် ၃၁ ဒသမ ၄၂ စက္ကန့် ၊ အရှေ့ လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၃ မိနစ် ၂၉ ဒသမ ၄၈ စက္ကန့်၊ Point.H မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၄ မိနစ် ၂၅ ဒသမ ၃၅ စက္ကန့် ၊ အရှေ့ လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၉ မိနစ် ၄ ဒသမ ၉၇ စက္ကန့်တို့တွင် (၃၀-၁၀-၂၀၁၉) ရက်နေ့မှ (၃၁-၁-၂၀၂၀) ရက်နေ့အထိ ဆောင်ရွက်သွားမည် ဖြစ်သည်။

သို့ဖြစ်ပါ၍ (၃၀-၁၀-၂၀၁၉) ရက်နေ့မှ (၃၁-၁-၂၀၂၀) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ ၅ မိုင် ပတ်လည်အတွင်း ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗာန်များ ဖြတ်သန်းသွားလာခြင်းနှင့်ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ အသိပေးကြေညာထားကြောင်း သိရသည်။ **သတင်းစဉ်**

# ပွင့်ဖြူမြို့နယ် ကံရွာကျေးရွာ၌ သောက်သုံးရေရှားပါးမှု မဖြစ်စေရေး အဝီစိစက်ရေတွင်း တူးဖော်သွားမည်

**ပွင့်ဖြူ အောက်တိုဘာ ၂၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကံရွာကျေးရွာ၌ သန့်ရှင်းသော သောက်သုံးရေရှားပါးမှု ဖြစ်ပေါ်နေသောကြောင့် အဝီစိစက်ရေတွင်း တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါကျေးရွာတွင် စက်ရေတွင်း တူးဖော်ပေးနိုင်ရေးအတွက် သန့်ရှင်းကောင်းမွန်သည့် မြေအောက်ရေအောင်းလွှာ တည်ရှိမည့်နေရာကို ယမန်နေ့က မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှငွေမောင်နှင့် ရေပေးဝေရေးတာဝန်ခံ အင်ဂျင်နီယာတို့က ကွင်းဆင်းတိုင်းတာခဲ့ကြောင်း သိရသည်။

ကံရွာကျေးရွာတွင် နွေရာသီကာလ သောက်သုံးရေရှားပါးမှု မရှိစေရေး၊ သန့်ရှင်းကောင်းမွန်သော သောက်သုံးရေများရရှိစေရေး ရည်ရွယ်၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် လေးလက်မ အနက်ပေ ၅၀၀ စက်ရေတွင်းတူးဖော်ခြင်း၊ အလျားပေ ၁၀၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေရှိ ရေစက်ရုံတစ်ခု၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်များပါ တည်ဆောက်ပေးသွားမည်ဖြစ်သည်။ **ငြိမ်းသူ(စလင်း)**

# မှူခင်းအသိပညာပေးဟောပြော

**ပန်းတောင်း အောက်တိုဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ အခြေခံပညာ အထက်တန်းကျောင်း ရွှေပင်ရတနာခန်းမ၌ အောက်တိုဘာ ၂၃ ရက်က လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဟောပြောပွဲကျင်းပသည်။

ဟောပြောပွဲတွင် ပြည်မြို့အမှတ်(၂၀) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ ရဲအုပ် တင်ဝင်းဇော်က လူကုန်းကူးမှုနှင့် ပတ်သက်၍ သိကောင်းစရာများ၊ ပြစ်မှုပြစ်ဒဏ်ဥပဒေများ၊ ရှောင်ရန် ဆောင်ရန်သတိထားစရာများကိုလည်းကောင်း၊ ဥသျှစ်ပင်မြို့နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်သန်းလှက မှုခင်းဖြစ်စဉ်များနှင့်ပတ်သက်၍ သိရှိလိုက်နာရမည့်စည်းကမ်းများ၊ ဥပဒေများ၊ မှုခင်းဖြစ်စဉ်များအလိုက်ကျခံရသည့် ပြစ်မှုပြစ်ဒဏ်များ၊ ရဲတပ်ဖွဲ့များ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းဟောပြောခဲ့သည်။ **အောင်မြင့်(ပန်းတောင်း)**

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၆-၁၀-၂၀၁၉

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၉၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၂၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၈၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၁၀/၉၅၅ ကျပ် | ၉၅၀/၉၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၂၀/၉၆၅ ကျပ် | ၉၆၅/၉၈၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၂၀/၈၆၀ ကျပ် | ၈၈၀/၉၀၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၂၀/၉၅၀ ကျပ် | ၉၈၅/၁၀၀၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၃၁ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၀၂ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၂၃ . ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၆၅ . ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၄၁၀ . ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၄၆ . ၁ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၆ . ၅၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၅၉၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၃၀ . ၅၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၅ . ၈၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၇၃၄ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၂၀၀၀ | ၂၃၆ | ၂၇၂၇၀၀၀ |
| MTSH | ၄၀၀၀ | ၃၉၅၀ | ၉၆၅၈ | ၃၈၂၄၆၁၀၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၄ | ၃၃၆၀၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၃၀၇ | ၇၀၆၁၀၀၀ |
| TMH | - | - | - | - |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com,
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fထေ ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## သိမှတ်စရာအဖြာဖြာ (General Knowledge)

# မြေငလျင်တွေ လှုပ်တဲ့အခါ

ကေ-ဂျူဝယ်လ်

**ဒီတစ်ပတ်တော့ သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်တဲ့ မြေငလျင်အကြောင်းနဲ့ငလျင်လှုပ်တဲ့အခါ အန္တရာယ်ကင်းအောင် ဘယ်လိုနေသင့်သလဲဆိုတဲ့အကြောင်း ကလေးတို့ကို ပြောပြချင်ပါတယ်။ ငလျင်လှုပ်တာကိုရောကလေးတို့ကြုံဖူးကြပြီလား။ အိမ်တွေ၊ ကျောင်းတွေ၊ တိုက်တာအဆောက်အအုံတွေ ရုတ်တရက် တုန်လှုပ်သွားတာမျိုး၊ ကိုယ်ကမြေပြင်ပေါ်မှာ ရောက်နေရင်လည်း မြေကြီးကယိမ်းထိုးတုန်လှုပ်သွားတဲ့အချိန်မှာ မူးနောက်နောက်ဖြစ်သွားတာမျိုးစတဲ့ အင်အားနည်းတဲ့ ငလျင်မျိုးတွေတော့ မမတို့ငယ်ငယ်ကတည်းကနေ ခုချိန်ထိ ကြုံခဲ့ရဖူးပါတယ်။**




ငလျင်လှုပ်တယ်ဆိုတာ ကမ္ဘာမြေအောက်ဟိုးအနက်ကြီးထဲမှာရှိတဲ့ ကမ္ဘာ့ကျောက်လွှာချပ်ကြီးတွေ တစ်ခုနဲ့တစ်ခု တိုးတိုက်နေရင်းက အားတွေထွက်ပေါ်လာပြီး မြေကြီးက ရုတ်တရက်တုန်လှုပ်တာဖြစ်ပါတယ်။ မမတို့မသိကြပေမယ့် တစ်နှစ်တစ်နှစ်ကို မြေငလျင်အကြိမ်ပေါင်း ငါးသိန်းလောက် လှုပ်နေတယ်တဲ့။ အားနည်းလွန်းလှတဲ့ မြေငလျင်လှုပ်တာတွေကို လူတွေမသိကြပေမယ့် အကြိမ်တစ်သိန်းလောက်ကတော့ လူတွေသိနိုင်လောက်အောင် လှုပ်တာဖြစ်ပါတယ်တဲ့။ အဲဒီထဲကမှ အကြိမ်တစ်ရာလောက်ကတော့ တိုက်တာအဆောက်အအုံတွေကို ထိခိုက်ပျက်စီးစေနိုင်လောက်တဲ့ အင်အားရှိတဲ့ ငလျင်ကြီးတွေဖြစ်တယ်လို့ မြေငလျင်ကို လေ့လာနေတဲ့ သိပ္ပံပညာရှင်ကြီးတွေက ပြောကြပါတယ်။

အင်အားပြင်းတဲ့ မြေငလျင်လှုပ်တဲ့အခါမှာ တစ်ခါတစ်ခါလည်း မြေပြင်မှာ အက်ကြောင်းကြီးတွေ ကွဲထွက်ပြီး မြေမျက်နှာပြင်တွေ ရွေ့သွားတတ်ပါတယ်။ တောင်ကုန်းတောင်စောင်းနဲ့ ဆင်ခြေလျှောနေရာတွေမှာဆိုရင်လည်း မြေပြိုကျတာတို့၊ ကျောက်တုံးကျောက်ခဲတွေ လိမ့်ဆင်းပြိုကျတာတို့ ဖြစ်တတ်ပြီး အဆောက်အအုံတွေပေါ်ကို ဖုံးလွှမ်းသွားတတ်တာမို့ ကြောက်ဖို့ကောင်းတာပေါ့။ တချို့ဒေသတွေမှာတော့ မြေအောက်ကရေတွေနဲ့ သဲတွေ မြေပြင်ပေါ်ကို ပန်းထွက်လာတာ၊ သဲမြေက အရည်ပျော်သွားပြီး အဆောက်အအုံတွေ ယိမ်းယိုင်လဲပြိုသွားတာ၊ မြေထဲကျွံကျနစ်မြုပ်သွားတာတွေလည်း ဖြစ်ခဲ့ဖူးပါတယ်။ ပင်လယ်ပြင်ထဲမှာ မြေငလျင်လှုပ်ရင်တော့ ဆူနာမီလှိုင်းလုံးကြီးတွေ ဖြစ်ပေါ်တတ်ပြီးတော့ ကမ်းခြေမှာရှိတဲ့ မြို့တွေ၊ ရွာတွေကို ဖျက်ဆီးတတ်တာပေါ့။

မြေငလျင်လှုပ်တာကို ဘယ်တော့လှုပ်မလဲလို့ ကြိုတင်မခန့်မှန်းနိုင်ကြသေးပါဘူး။ ဒါပေမယ့် မြေငလျင်လှုပ်တဲ့အခါ ဘေးအန္တရာယ်တွေတတ်နိုင်သမျှ ကင်းဝေးစေဖို့ နည်းလမ်းညွှန်ပြထားတာတွေရှိသလို ကျောင်းတွေမှာ သင်ပြပေးတာ၊ လက်တွေ့လေ့ကျင့်ကြတာတွေလည်း ရှိပါတယ်။

### ဘေးအန္တရာယ်ကင်းဝေးဖို့

ငလျင်ဘယ်တော့လှုပ်မယ်ဆိုတာကို ဘယ်သူမှကြိုမသိနိုင်တာမို့ ကြိုတင်ပြင်ဆင်မှု၊ လေ့ကျင့်မှုတွေ လုပ်ထားရင် တကယ်ဖြစ်လာတဲ့အခါ အန္တရာယ်ကင်းနိုင်ပါတယ်တဲ့။ အိမ်မှာပဲဖြစ်ဖြစ်၊ ကျောင်းမှာပဲဖြစ်ဖြစ် ငလျင်လှုပ်တဲ့အခါ အန္တရာယ်အကင်းဆုံးနေရာနဲ့၊ အန္တရာယ်အများဆုံးနေရာတွေကို လေ့လာမှတ်သားထားရပါမယ်။ ပြတင်းပေါက်တွေ၊ မှန်တွေ၊ ဗီရိုအမြင့်ကြီးတွေနဲ့ ယိုင်လဲနိုင်တဲ့စင်တွေ၊ သေတ္တာတွေနဲ့ ကုန်ပစ္စည်းတွေ၊ ဆန်အိတ်တွေ အမြင့်ကြီးဆင့် ထပ်ထားတဲ့နေရာ၊ ပြိုကျနိုင်တဲ့ နံရံလိုနေရာမျိုးတွေကို အန္တရာယ်များတဲ့ နေရာတွေမို့လို့ ရှောင်ကြရပါမယ်။ အန္တရာယ်ကင်းနိုင်တဲ့နေရာတွေကတော့ ခိုင်ခံ့တောင့်တင်းတဲ့ ပရိဘောဂတွေအောက်၊ အခန်းတိုင်နဲ့ကပ်နေတဲ့နေရာ၊ ထောင့်ကျတဲ့နေရာတွေဖြစ်ပြီး အဆောက်အအုံပြိုကျတဲ့အခါ အန္တရာယ်ကနေ လွတ်မြောက်တတ်တဲ့နေရာတွေ ဖြစ်ပါတယ်။



အရေးကြီးတာကတော့ ငလျင်လှုပ်တဲ့အချိန်မှာ စိတ်ငြိမ်ငြိမ်ထားရပါမယ်တဲ့။ ငလျင်လှုပ်ပြီဆိုရင် ကြောက်လန့်တကြား ဟိုပြေးဒီပြေးလုပ်ရင်း ထိခိုက်သေကျေကြရတာက အများဆုံးဖြစ်တယ်လို့ဆိုပါတယ်။ အဆောက်အအုံထဲမှာ ရှိနေရင် အဆောက်အအုံထဲက အန္တရာယ်အကင်းဆုံးနေရာမှာ နေရပါမယ်။ ခေါင်းကိုမထိခိုက်အောင် ကာကွယ်ရပါမယ်။ "ကိုယ်ကိုနှိမ့်ချ၊ အကာအကွယ်ယူ၊ မြဲမြဲကိုင်ထား" ကြရပါမယ်။



အဆောက်အအုံအ ပြင်မှာရှိနေရင်တော့ ပြိုကျနိုင်တဲ့ နံရံ၊ အဆောက်အအုံ၊ ရေစင်မျှော်စင်တွေ၊ ဓာတ်မီးတိုင်တွေ၊ မီးလောင်ပေါက်ကွဲနိုင်တဲ့ နေရာတွေကို ရှောင်ပြီးနေကြရပါမယ်။ ကွင်းပြင်နဲ့ ကွက်လပ်တွေက အန္တရာယ်အကင်းဆုံးပါ၊ အပြင်မှာနေရင်လည်း ကိုယ့်ရဲ့ခေါင်းကို မထိခိုက်အောင်ကာကွယ်ကြရပါမယ်။

ငလျင်ကြီးလှုပ်ပြီးရင်လည်း နောက်ဆက်တွဲငလျင်ငယ်လေးတွေ လှုပ်တတ်တာမို့ အန္တရာယ်ကင်းချိန်အထိ ဘေးကင်းတဲ့နေရာမှာ နေကြရပါတယ်။ ဒီတစ်ပတ်တော့ကလေးတို့ကို မြေငလျင်အကြောင်းနဲ့ ငလျင်လှုပ်တဲ့အခါ အန္တရာယ်ကင်းအောင် ဘယ်လိုနေကြရမလဲဆိုတာကို ဗဟုသုတဖြစ်အောင် ဖော်ပြခဲ့တာမို့ သူငယ်ချင်းတွေကိုလည်း ဝေမျှပြောပြလိုက်ကြပါဦး။ ။

## လောကဝတ် (Etiquette)

မမမေ

# ကလေးတို့အိမ်ထဲကအရာတွေကို ကိုင်တွယ်တဲ့အခါ

**ဒီတစ်ပတ်တော့ ကလေးတို့ကို မေမေတို့ ဖေဖေတို့ လုံးဝမနှစ်သက်တဲ့ အရာတွေကို သတိပေးသွားမှာဖြစ်ပါတယ်။ ကလေးတို့ဆီမှာ ကိုကို၊ မမတွေ ရှိခဲ့မယ်ဆိုရင်လည်း သူတို့မကြိုက်တဲ့အရာတွေ၊ စည်းကမ်းမရှိဘူးလို့ ကလေးတို့ကို ဆူမယ့်အရာတွေကို ပြောပြမှာပါ။**



### ပါးစပ်ကို ပြောင်အောင်သုတ်ပါ

မမတို့ အမြဲပြောပေမယ့် ကလေးအတော်များများ မလိုက်နာကြတာကတော့ အစားအစာ စားပြီးတဲ့အခါ အဆီတွေ၊ မုန့်တွေပေနေတဲ့ ပါးစပ်ကြီးကို မသန့်ရှင်းပေးတာပဲ ဖြစ်ပါတယ်။ ကလေးတို့ကတော့ ဘယ်သူ့မှ မထိခိုက်ဘူးလို့ထင်မှာပေါ့။ အမှန်က ပါးစပ်တွေပေနေတဲ့၊ ညစ်ပတ်တဲ့ ကလေးကို ဘယ်သူမှ ချစ်နိုင်မှာ မဟုတ်ပါဘူး။ ပါးစပ်ကို မသုတ်ခင် အကောင်းဆုံးကတော့ ပလုတ်ကျင်းပြီးမှ ရေနဲ့ပါးစပ်ကို ဆေးထားမယ်ဆိုရင် ယဉ်ကျေးလိမ္မာတဲ့အပြင် သန့်ရှင်းတဲ့ ကလေးလေးတွေ ဖြစ်လာမှာပေါ့ကွယ်။

### အသက်ကိုလိုက်ပြီး ကလေးတို့ အလုပ်လုပ်ကြပါလား

နော်ဝေနိုင်ငံက အသက် ၁၀ နှစ်ရှိတဲ့ မမအန်နာဟာ မနက်မိုးလင်းတာနဲ့ သူ့ညီမလေးနဲ့ မောင်လေးကိုရော၊ သူ့အတွက်ပါ မနက်စာပြင်ဆင်ပေးပြီး ကျောင်းသွားဖို့နဲ့ အိမ်မှာကျန်နေတဲ့ ဘွားဘွား၊ ရုံးသွားတက်ရမယ့် ဖေဖေတို့အတွက် နံနက်စာကိုလည်း စီစဉ်တတ်သတဲ့။ ပြီးမှ ကျောင်းသွားသတဲ့။ ကလေးတို့ဟာ အသက်အရွယ်နဲ့လိုက်ပြီး လူ့လောကထဲမှာ နေတတ်ထိုင်တတ်ဖို့ဆိုတာ အရေးကြီးတာပေါ့။

အသက်နှစ်နှစ်ကနေ သုံးနှစ်ခွဲကြား ကလေးတိုင်းဟာ ခံစားချက်ကို ပြနိုင်ရမှာဖြစ်ပြီး သူနိုင်တဲ့တံမြက်စည်းလှဲတာ၊ ရေကိုကိုယ်တိုင်ယူသောက်တာ၊ ကိုယ့်သန့်ရှင်းရေး ကိုယ်လုပ်တာတွေကို လေ့ကျင့်နေကြဖို့လိုပါသတဲ့။ အသက်သုံးနှစ်ခွဲကနေ ငါးနှစ်အထိမှာတော့ ယဉ်ယဉ်ကျေးကျေးနဲ့ သာယာနာပျော်ဖွယ်သူများကို မိတ်ဆက်၊ စကားပြောတာ၊ မိဘကို တောက်တိုမယ်ရ ကူညီပေးတာနဲ့ မကြိုက်တဲ့အရာတွေကို ယဉ်ယဉ်ကျေးကျေး ငြင်းပယ်တတ်တာတွေ သိထားလိုက်နာထားရပါမယ်။ အသက်ငါးနှစ်ကနေ ခုနစ်နှစ်အထိကတော့ အိမ်ရဲ့လူစိမ်း၊ လူမိတ်ဆွေကို ခွဲခြားသိပြီး မိဘကို မီးဖိုချောင်တွေ၊ အိပ်ခန်းသန့်ရှင်းရေးတွေမှာ ကူညီပြီးသားဖြစ်ရပါမယ်တဲ့။ အသက် ခုနစ်နှစ်ကနေ ၁၀ နှစ်အထိ ကလေးတွေမှာတော့ အရေးကြုံလာရင် အိမ်စောင့်ရတဲ့ တာဝန်ယူတာ၊ အိမ်သန့်ရှင်းရေးနဲ့ အခြားအန္တရာယ်မရှိတဲ့အရာတွေကို လုပ်ကိုင်ထားဖူးရမှာ ဖြစ်ပါတယ်။ ကလေးတို့ရော အသက်နဲ့လိုက်ပြီး အိမ်ကိုကူညီပေးကြရအောင်လို့ မမကတိုက်တွန်းပါတယ်။

### စာအုပ်တွေကို မခြစ်ပါနဲ့

မမတို့ငယ်ငယ်ကရော၊ အခြားသူတွေငယ်ငယ်ကရော စာရွက်တွေကို ဆုတ်ဖြဲတာ၊ ကတ်ကြေးနဲ့ညှပ်တာ၊ ရေနဲ့နူးပစ်တာတွေရှိဖူးပါတယ်။ ဒါဟာ စာကိုတန်ဖိုးမထားသူတွေရဲ့ လုပ်ရပ်ဖြစ်ပါတယ်။ ကလေးတို့အိမ်မှာ ဖြစ်ဖြစ်၊ အခြားတစ်နေရာမှာဖြစ်ဖြစ် ဘယ်နေရာမဆို စာအုပ်တွေကို ရိုရိုသေသေကိုင်တွယ်ဖို့နဲ့ မဖျက်ဆီးပစ်ဖို့က အရေးကြီးပါတယ်။ အထူးသဖြင့် သူများအလေးထားတဲ့ စာအုပ်တွေ ကိုယ့်ကြောင့် ကျပျောက်တာဖြစ်ဖြစ်၊ ဖျက်ဆီးပစ်တာမျိုးဖြစ်ဖြစ် ဒါတွေက ကလေးတို့ကိုသူများက ငြိုငြင်စေမယ့်အပြင် အမုန်းလည်းပွားနိုင်တာမို့ ကိုယ့်စာအုပ်ရော၊ သူများစာအုပ်တွေကိုရော တန်ဖိုးထားပြီး ကိုင်တွယ်ပါလို့ မမက အကြံပြုလိုက်ပါတယ်။ ။




HTOO
ကိုတင်နဲ့ တွေ့တာ အတော်ပဲဗျာ... ပြောရဦးမယ်။
ပြောပါ ကျောင်းဆရာ။
အတန်းထဲမှာ အတန်းသားတွေကို မေးခွန်းတစ်ခု မေးမိတယ်ဗျ။ အကယ်၍ မင်းတို့ထဲက တစ်ယောက်ယောက် ထီ သိန်းတစ်ထောင်ဆုကြီး.....
ပေါက်ခဲ့ရင် ဘာလုပ်မလဲကွာ ဆိုတော့.. ကျောင်းသားတစ်ယောက်က မုန့်တွေဝယ်ပြီး သူလည်း အဝစားမယ်
သူငယ်ချင်းတွေကိုလည်း ကျွေးမယ်ပြောတယ်။ နောက်တစ်ယောက်က နိုင်ငံအနှံ့...
ရေခဲချောင်း
ဘုရားတွေလည်း ဖူးမယ်တဲ့။ ကျန်တဲ့ တစ်ယောက်က.. စာသင်ကျောင်းတွေ ဆောက်ပြီး လှူမယ်တဲ့လေ။
သိပ်ကောင်းတဲ့ ရည်ရွယ်ချက်တွေပဲ...
ခင်ဗျားရဲ့သား နိုင်ထူးကတော့ ထီပေါက်တဲ့ ဆုကြေးငွေထဲက တစ်ဝက်တိတိ ဆရာ့ကို ပေးမယ်တဲ့ဗျို့
ဟုတ်လား..
အမှန်တကယ်ကန် တော့မှာမို့ အမှန်တကယ် ထီထိုးဖြစ်ဖို့ ဆရာ့ဆီက ထီဖိုး ယူပါဆိုလို့...
ကျုပ် ထီတစ်စောင်ဖိုး နိုင်ထူးကို ပေးလိုက်ပါလေရဲ့.. ခင်ဗျားသိအောင် ပြောပြတာပါ..
ဆရာ့ဆီက ထီပေါက်ခဲ့ဖိုး ထပ်တောင်းမှာ မြင်ယောင်သေးတယ်ဗျို့ ကိုး


ညောင်နီ
ညောင်နီ ရေ ညောင်နီ..
အော်... သမီးတို့ပါလား.. လာကြ.. လာကြ...
ညောင်နီ မရှိဘူးလား ဒေါ်လေး၊ ခုတလော သမီးတို့ စုရပ်ကို မလာဘူး၊
ဟုတ်လား၊
ဘယ်မှတော့ သွားတာ မတွေ့ဘူး၊ သူ့အခန်းထဲမှာပဲ အနေများတယ်...
ရေချိုးဖို့ ထမင်းစားဖို့တောင် မနည်းခေါ်နေရတယ် မဟုတ်လား ဒေါ်လေး..
အေး၊ ဟုတ်ပါ၊
သမီးတို့ သူငယ်ချင်း အတော်များများ ဂိမ်းကစားတာ စွဲနေကြတယ်..
အိမ်ထဲက အိမ်ပြင် မထွက်ကြတော့ဘူး၊ မိုင်းကောင်း ကျောက်မီး လေးတွေကို ဖြစ်လို့...
ဟဲ! ဟဲ!


မြေးမလေးက- အဘွားကို ဆေးခန်းလိုက်ပို့တာ ထင်တယ်-
Dr.
ငယ်ရွယ်သူဆိုတာ - ကိုယ့်ထက် အသက်အရွယ်ကြီးသူတွေကို ကူညီပေးရမယ်နော်-
သမီးကြီး လာရင်လည်း အဘိုးနဲ့ မာမီ့ကို စောင့်ရှောက်ပေးမှာပါ- စိတ်ချ-
ဟော- သူတို့ကို အခန်းထဲ ဝင်ဖို့ ဆရာဝန်ကြီး ခေါ်နေပြီ-
ဘိုးကင်းအမှတ်.. ဝင်ဖို့ရပါပြီ ရှင်-
အယ်- ဘယ်လိုဖြစ်-




အနံ့


GOOD
END

# အစိုးရ၏ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

*ယမန်နေ့မှအဆက်*

(ဂဂ) **အသင့်လွှဲပြောင်းလုပ်ကိုင်နိုင်သော စီမံကိန်းများ** ဆိုသည်မှာ အင်ဂျင်နီယာလုပ်ငန်း၊ ဆောက်လုပ်ရေးနှင့် ပစ္စည်းကိရိယာများ ဝယ်ယူခြင်းများ ပါဝင်သည့် လုပ်ငန်းကြီးများ သို့မဟုတ် စီမံကိန်းလည်ပတ်ရန်အတွက် အင်ဂျင်နီယာလုပ်ငန်း၊ တည်ဆောက်ခြင်းနှင့် ပစ္စည်းကိရိယာများ ဝယ်ယူခြင်းများ ပါဝင်သော စီမံကိန်းကို ဆိုသည်။

(ဃဃ) **အရေးပေါ်အခြေအနေ** ဆိုသည်မှာ ဝယ်ယူသည့် ဌာနအဖွဲ့အစည်းအနေဖြင့် ကန့်သတ်မှု မရှိသော တင်ဒါ သို့မဟုတ် ကန့်သတ်တင်ဒါခေါ်ယူရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ရန် အချိန်လုံလောက်မှု မရှိဘဲ ကြိုတင်မမျှော်မှန်းနိုင်သောဖြစ်ရပ် ပေါ်ပေါက်လာသည့် အခြေအနေကို ဆိုသည်။

(ငင) **မလွန်ဆန်နိုင်သောဖြစ်ရပ်များ** ဆိုသည်မှာ သဘာဝအလျောက်ကြုံတွေ့နိုင်သည့် ရေဘေး၊ လေဘေး၊ မီးဘေး၊ မြေငလျင်ဘေး စသည်များအပြင် နိုင်ငံတော်အစိုးရ၏ ကန့်သတ်တားမြစ်ချက်များ၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားမှုပျက်ပြယ်ခြင်း၊ စစ်ဖြစ်ခြင်း၊ သပိတ်မှောက်ခြင်း စသည်တို့နှင့် စာချုပ်ဝင် တစ်ဖက်ဖက်က လိုအပ်သော သတိဝီရိယနှင့် ဆောင်ရွက်စေကာမူ မလွန်ဆန် မကျော်လွှားနိုင်သည့် အလားတူဖြစ်ရပ်များကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) နိုင်ငံတော်ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှု မရှိစေရန်နှင့် စီးပွားရေးအရ တွက်ခြေကိုက်မှုရှိပြီး ထိရောက်အကျိုးရှိသော ဝယ်ယူမှု ဖြစ်စေရန်၊

( ခ ) အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းလုပ်ငန်းဆောင်ရွက်မှုများ စံချိန်မီဖြစ်စေရန်၊

( ဂ ) အစိုးရ၏ ဝယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်မှုများတွင် အရည်အချင်းနှင့် အရည်အသွေးပြည့်မီသော တင်ဒါတင်သွင်းသူများ ပါဝင်ဆောင်ရွက်နိုင်စေရန်၊

(ဃ) အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းလုပ်ငန်း ဆောင်ရွက်မှုများတွင် ပွင့်လင်းမြင်သာမှု၊ မျှတမှုနှင့် ယှဉ်ပြိုင်မှုများ တိုးတက်ဖြစ်ပေါ်စေရန်၊

( င ) အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် တာဝန်ယူမှုနှင့် တာဝန်ခံမှုတို့ကို မြှင့်တင်ပေးရန်၊

( စ ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများ တိုးတက်စေရန်။

## အခန်း (၃)
## ဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ပေးအပ်မှုအရ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းလုပ်ငန်း ဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း ရေးဆွဲခြင်းနှင့် ယင်းလုပ်ငန်းဆောင်ရွက်မှုများကို စောင့်ကြပ်ကြည့်ရှုခြင်းတို့အတွက် တာဝန်ရှိသည်။

၆။ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) ဝယ်ယူသည့် ဌာနအဖွဲ့အစည်းများအတွက် တစ်ပြေးညီ စံသတ်မှတ်ထားသော အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့် တင်ဒါစာရွက်စာတမ်းများကို ရေးဆွဲပြုစုရမည်၊

( ခ ) ဥပဒေပြဋ္ဌာန်းချက်နှင့် ကိုက်ညီမှုရှိပြီး သုံးစွဲမှုတွင် ထိရောက်အကျိုးရှိစေရေးအတွက် အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းများနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ကောက်ယူစုစည်းနိုင်ရန် သတင်းအချက်အလက် အခြေခံအဆောက်အအုံထူထောင်ခြင်း၊ ဝယ်ယူသည့် ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များကိုလည်း ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်ရမည်၊

( ဂ ) တင်ဒါနှင့် စပ်လျဉ်းသည့် တိုင်ကြားလာမှုများအပေါ် ဤဥပဒေအရ ဖွဲ့စည်းထားသော ခုံအဖွဲ့က ကြားနာစစ်ဆေး ဆုံးဖြတ်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်၊

(ဃ) အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ကာလလတ်နှင့် ကာလရှည်မူဝါဒများ ချမှတ်နိုင်ရေးအတွက် အကြံဉာဏ်များပေးရန် လေ့လာသုံးသပ်မှုများ၊ နှိုင်းယှဉ်လေ့လာမှုများနှင့် ခန့်မှန်းတွက်ချက်မှုများ ဆောင်ရွက်ရမည်၊

( င ) အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ အသိပညာဗဟုသုတနှင့် ကျွမ်းကျင်မှုများ ရရှိစေရေး သင်တန်းများ ဖွင့်လှစ်ပို့ချနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ရမည်၊

( စ ) အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းလုပ်ငန်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ နှစ်စဉ်အစီရင်ခံစာပြုစု၍ ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြရမည်၊

(ဆ) ဤဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ ဝယ်ယူသည့်ဌာနအဖွဲ့အစည်းများအား အကြံဉာဏ်များပေးခြင်း၊ နည်းပညာအကူအညီများပေးခြင်းတို့ကို ဆောင်ရွက်ရမည်။

## အခန်း (၄)
## ဝယ်ယူသည့် ဌာနအဖွဲ့အစည်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၇။ ဝယ်ယူသည့် ဌာနအဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် –

(က) ဝယ်ယူခြင်းလုပ်ငန်းများအား ဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရမည်၊

( ခ ) တင်ဒါကော်မတီ သို့မဟုတ် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းကော်မတီတို့ကို ဖွဲ့စည်းရမည်၊

( ဂ ) ဝယ်ယူခြင်းလုပ်ငန်းဆောင်ရွက်မှုများ စတင်လုပ်ဆောင်ခြင်းမပြုမီ ဝယ်ယူရေးအစီအစဉ်များ ရေးဆွဲရမည်၊

(ဃ) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စံပြုလုပ်ထုံးလုပ်နည်းပါ သတ်မှတ်ချက်များနှင့်အညီ ဝယ်ယူခြင်းဆိုင်ရာ ကိစ္စရပ်များကို ဝယ်ယူသည့်ပမာဏနှင့် လျော်ညီစွာ ဆောင်ရွက်ရမည်၊

( င ) ဝယ်ယူခြင်းဆိုင်ရာ အစီရင်ခံစာများကို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် နည်းလမ်းနှင့် အချိန်ကာလအတိုင်း ပြုစုပြီး ဝန်ကြီးဌာနသို့ တင်ပြရမည်၊

( စ ) ဝယ်ယူခြင်းဆိုင်ရာ စာချုပ်များ ချုပ်ဆိုခြင်းနှင့် စာချုပ်စီမံခန့်ခွဲခြင်းများ ဆောင်ရွက်ရမည်၊

(ဆ) တင်ဒါခေါ်ယူစဉ်က ပစ္စည်းအရည်အသွေးနှင့် တင်ဒါခေါ်ယူပြီး ပစ္စည်းအရည်အသွေးတို့ ကိုက်ညီမှု ရှိစေရန်အတွက် တာဝန်ယူ၍ စီမံကြီးကြပ်ရမည်။

၈။ ဝယ်ယူသည့် ဌာနအဖွဲ့အစည်းသည် တင်ဒါကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် –

(က) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စံပြုလုပ်ထုံးလုပ်နည်းပါ သတ်မှတ်ချက်များနှင့်အညီ ဝယ်ယူသည့်ဌာနအဖွဲ့အစည်း အကြီးအမှူးက ဦးဆောင်၍ အနည်းဆုံး အဖွဲ့ဝင် ၃ ဦးဖြင့် ဖွဲ့စည်းရမည်၊

( ခ ) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စံပြုလုပ်ထုံးလုပ်နည်းပါ သတ်မှတ်ချက်များနှင့်အညီ ဝယ်ယူသည့်ကိစ္စရပ်အပေါ် မူတည်၍ သက်ဆိုင်သည့်ဌာနက အဖွဲ့ဝင်များကို ထည့်သွင်းဖွဲ့စည်းနိုင်သည်။

၉။ တင်ဒါကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) ဝယ်ယူရေးအစီအစဉ်ကို အတည်ပြုခြင်း၊

( ခ ) ဝန်ကြီးဌာနက စံသတ်မှတ်ထားသော တင်ဒါစာရွက်စာတမ်းများနှင့်အညီ ပြုစုထားသည့် စာရွက်စာတမ်းများကို အတည်ပြုခြင်း၊

( ဂ ) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စံပြုလုပ်ထုံးလုပ်နည်းပါ သတ်မှတ်ချက်များနှင့်အညီ လိုအပ်သည့်ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဃ) တင်ဒါအောင်မြင်သူနှင့် စာချုပ်ချုပ်ဆိုနိုင်ရေးအတွက် ဝယ်ယူသည့် ဌာနအဖွဲ့အစည်း၏ အကြီးအမှူးအား အကြံဉာဏ်ပေးခြင်း။

## အခန်း (၅)
## ဝယ်ယူခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ

၁၀။ ဝယ်ယူခြင်းဆိုင်ရာ ကိစ္စရပ်များအားလုံးသည် ဝယ်ယူသည့်ဌာနအဖွဲ့အစည်း၏ ခွင့်ပြုငွေနှင့် ဝယ်ယူရေးအစီအစဉ်တွင် ပါဝင်ရမည်။

၁၁။ ဝယ်ယူရေးအစီအစဉ်သည် ဝယ်ယူသည့်ဌာနအဖွဲ့အစည်း၏ ခွင့်ပြုချက်ရရှိပြီးသော နှစ်စဉ် ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းနှင့်အညီ ဖြစ်ရမည့်အပြင် ဝယ်ယူခြင်းဆိုင်ရာ ကိစ္စရပ်များသည် တင်ဒါကော်မတီက အတည်ပြုထားသော ဝယ်ယူရေးအစီအစဉ်အရသာ ဆောင်ရွက်ရမည်။

၁၂။ ဝယ်ယူခြင်းဆိုင်ရာ ကိစ္စရပ်ပေါ် မူတည်၍ စံချိန်စံညွှန်းသတ်မှတ်ချက်များ၊ အစီအစဉ်များ၊ တွက်ချက်မှုပုံစံများ၊ ဒီဇိုင်းများ၊ သတ်မှတ်ချက်များ၊ စမ်းသပ်မှုနှင့် စမ်းသပ်စစ်ဆေးသည့် နည်းလမ်းများ၊ ထုပ်ပိုးမှု၊ အမှတ်အသား သို့မဟုတ် တံဆိပ်ရိုက်နှိပ်မှု သို့မဟုတ် အသိအမှတ်ပြုလက်မှတ်များ၊ သင်္ကေတ အမှတ်အသားများနှင့် ပညာရပ်ဆိုင်ရာ ဝေါဟာရများကို ဖော်ပြရမည်။

၁၃။ ဝယ်ယူခြင်းဆိုင်ရာ ကိစ္စရပ်ပေါ် မူတည်၍ ဖော်ပြချက်များတွင် စံသတ်မှတ်ချက်များကို တိကျပြည့်စုံစွာ မဖော်ပြနိုင်လျှင် “ယင်းနှင့် တူညီသော” ဟူသည့် စကားရပ်ကို ထည့်သွင်းဖော်ပြခြင်းမှအပ ကုန်အမှတ်တံဆိပ်အမည်၊ မူပိုင်ခွင့်၊ ဒီဇိုင်းပုံစံ သို့မဟုတ် အမျိုးအစား၊ တိကျသော မူလဇာစ်မြစ် သို့မဟုတ် ထုတ်လုပ်သူကို ဖော်ပြခြင်း သို့မဟုတ် ရည်ညွှန်းကိုးကားခြင်း မပြုလုပ်ရ။

၁၄။ ဝယ်ယူသည့်ဌာနအဖွဲ့အစည်းသည် ယင်း၏ တင်ဒါစာရွက်စာတမ်းများ ပြုစုရာတွင် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေတွင် သတ်မှတ်ဖော်ပြထားသည့် စံသတ်မှတ်ထားသော တင်ဒါစာရွက်စာတမ်းများကို အသုံးပြုရမည်။

၁၅။ ဝယ်ယူသည့်ဌာနအဖွဲ့အစည်းသည် ကန့်သတ်မှု မရှိသော တင်ဒါနှင့် ကန့်သတ်တင်ဒါ တင်သွင်းသည့် တင်ဒါတင်သွင်းသူများအား တင်ဒါအာမခံကြေးကို ပေးသွင်းစေရမည်။ တင်ဒါအာမခံကြေးပမာဏကို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေနှင့် တင်ဒါစာရွက်စာတမ်းများတွင် သတ်မှတ်ဖော်ပြရမည်။

၁၆။ ဝယ်ယူခြင်းဆိုင်ရာကိစ္စရပ်၏ အကျိုးအကြောင်းဖော်ပြချက်နှင့် ဆက်စပ်မှုရှိသော အကဲဖြတ်မှု စံနှုန်းသတ်မှတ်ချက်များတွင် အောက်ပါတို့ ပါဝင်ရမည် –

(က) ဈေးနှုန်း၊

( ခ ) ပစ္စည်းများ သို့မဟုတ် တည်ဆောက်ခြင်းလုပ်ငန်း၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှု၊ ပြင်ဆင်ထိန်းသိမ်းမှု ကုန်ကျစရိတ်၊ ပစ္စည်းများပေးသွင်းရန် အချိန်၊ တည်ဆောက်ခြင်းလုပ်ငန်း ပြီးစီးရန် သို့မဟုတ် ဆက်စပ်ဝန်ဆောင်မှုလုပ်ငန်းများ ပြီးစီးရန်အချိန်၊ ငွေပေးချေမှုနှင့် အာမခံပေးသွင်းမှုဆိုင်ရာ သတ်မှတ်ချက်များ၊

( ဂ ) ကန်ထရိုက်တာနှင့် ဝန်ထမ်းများ၏ သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ၊ အတတ်ပညာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းရည်၊

(ဃ) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေပါ သတ်မှတ်ချက် တစ်ရပ်ရပ်အရဖြစ်စေ၊ ထည့်သွင်းစဉ်းစားရန် သတ်မှတ်ထားသော စံနှုန်းသတ်မှတ်ချက်တစ်ရပ်ရပ်၊

၁၇။ ဝယ်ယူသည့် ဌာနအဖွဲ့အစည်းသည် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အောက်ပါတို့ကို ဆောင်ရွက်ရမည် –

(က) ပြည်တွင်းတွင်ထုတ်လုပ်သော ပစ္စည်းများ၊ ဆောင်ရွက်ပေးသော ဝန်ဆောင်မှုများ သို့မဟုတ် တည်ဆောက်ခြင်းလုပ်ငန်းများကို အားပေးမြှင့်တင်နိုင်ရန်အလို့ငှာ ပြည်တွင်းမှ တင်ဒါတင်သွင်းသူများအား ဦးစားပေးရွေးချယ်သည့် အခွင့်အလမ်းများ ရရှိစေခြင်း၊

( ခ ) ပြည်တွင်းအသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်နိုင်ရန် ကန့်သတ်တင်ဒါဖြင့် ဝယ်ယူနိုင်ရေးအတွက် ဝယ်ယူခြင်းဆိုင်ရာ သတ်မှတ်ချက်များကို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ သီးခြားသတ်မှတ်ခြင်း။

၁၈။ တင်ဒါစာရွက်စာတမ်းများ၊ စာချုပ်များ၊ သဘောတူညီချက်များနှင့် စာချုပ်ပါ စည်းကမ်းချက်များကို ပြည်တွင်းယှဉ်ပြိုင်တင်ဒါများအတွက် မြန်မာဘာသာဖြင့် လည်းကောင်း၊ နိုင်ငံတကာယှဉ်ပြိုင်တင်ဒါများအတွက် မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာနှစ်မျိုးဖြင့် လည်းကောင်း ရေးသားဖော်ပြရမည်။

၁၉။ ဝယ်ယူရေးလုပ်ငန်းစဉ်တွင် အသုံးပြုခဲ့သည့် စာရွက်စာတမ်း၊ အမိန့်ကြော်ငြာစာ၊ ဆုံးဖြတ်ချက် သို့မဟုတ် အခြားသတင်းအချက်အလက်များ အားလုံးကို အကိုးအကားအဖြစ် အသုံးပြုနိုင်ရန် အနည်းဆုံး (၇) နှစ် မှတ်တမ်းထားရှိရမည်။

၂၀။ ဝယ်ယူသည့် ဌာနအဖွဲ့အစည်းသည် ဝယ်ယူရေးအစီအစဉ်ပါ ဝယ်ယူရေးကြော်ငြာများ၊ စာချုပ်ချုပ်ဆိုခြင်းနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များနှင့် သီးခြားသတ်မှတ်ထားသော ဝယ်ယူခြင်းဆိုင်ရာ ကိစ္စရပ်များအား ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ အများပြည်သူသို့ ထုတ်ပြန်ကြေညာရမည်။ ထုတ်ပြန်သည့် ဝယ်ယူရေးကြော်ငြာတွင် တင်ဒါတင်သွင်းသူများအား ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ တင်ဒါပြင်ဆင်ရန်နှင့် တင်ဒါတင်သွင်းရန် အချိန်လုံလောက်စွာ ခွင့်ပြုပေးရမည်။

၂၁။ တင်ဒါတင်သွင်းသူများသည် အောက်ဖော်ပြပါ အရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိရမည် –

(က) စာချုပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အတတ်ပညာ၊ နည်းပညာဆိုင်ရာ အရည်အချင်းနှင့် ကျွမ်းကျင်မှု၊ ဘဏ္ဍာရေးအရင်းအမြစ်များ၊ စက်ကိရိယာများနှင့် အခြားပစ္စည်းများ၊ စီမံခန့်ခွဲမှုစွမ်းရည်၊ အတွေ့အကြုံနှင့် လုံလောက်သည့် ဝန်ထမ်းအင်အားရှိရမည်၊

( ခ ) စာချုပ်ချုပ်ဆိုရန် ဥပဒေကြောင်းအရ သတ်မှတ်အရည်အချင်းပြည့်မီရမည်၊

( ဂ ) နိုင်ငံတော်မှ သတ်မှတ်ထားသည့် အခွန်အခများ အပြေအကျေ ထမ်းဆောင်ပြီးသူဖြစ်ရမည်၊

*(ဆက်လက်ဖော်ပြပါမည်)*

# ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးနေ့ ဂုဏ်ပြုအထိမ်းအမှတ် အခမ်းအနားကျင်းပ ပြည်သူတစ်ရပ်လုံးကြိုတင်ကာကွယ်ခြင်းဖြင့် လေဖြတ်ရောဂါကင်းဝေးအောင်နေထိုင်



**တောင်ကြီး အောက်တိုဘာ ၂၆**
ကမ္ဘာ့လေဖြတ်ရောဂါ ကာကွယ်ရေးနေ့ ဂုဏ်ပြုသောအထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာလ တတိယပတ်တွင် ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ကျင်းပရာ နံနက် ၆ နာရီမှစတင်ကာ လူထုလမ်းလျှောက်ပွဲကို ပြုလုပ်ခဲ့ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကျောင်းသား/ ကျောင်းသူများနှင့် မြို့နေလူထုများ စုစုပေါင်းအင်အား ၁၂၀၀ ခန့်ပါဝင်ဆင်နွှဲကြကာ စဝ်စံထွန်းဆေးရုံကြီးအရှေ့မှ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးတစ်လျှောက် ချီတက်လမ်းလျှောက်ကြပြီး မိုးလုံလေလုံအားကစားခန်းမ၌ ပန်းဝင်ရောက်ရှိပြီးဆုံးခဲ့သည်။

ထို့နောက် တောင်ကြီးမြို့ မြို့တော်ခန်းမတွင် ၂၀၁၉ ခုနှစ် ကမ္ဘာ့လေဖြတ်ရောဂါ ကာကွယ်ရေးနေ့ (World Stroke Day) အထိမ်းအမှတ်အခမ်းအနား ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အဖွင့်အမှာစကားပြောကြား၍ လေဖြတ်ရောဂါကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိလာစေရန်၊ ကာကွယ်ရေးနှင့် ကုသရေးတွင် ပြည်သူများအားလုံးပါဝင်လာစေရန် ရည်ရွယ်ကျင်းပသော ယခုအခမ်းအနားကို ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ကျင်းပခွင့်ရသည့်အတွက် ဒေသတွင်းနေ ပြည်သူများအတွက် အကျိုးရှိကြောင်း၊ ယခုလို ကျင်းပပြုလုပ်ပေးသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ရှမ်းပြည်နယ်၊ ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး၊ ဒေါက်တာသူဇာချစ်တင်က အမှာစကားပြောကြားရာတွင် လေဖြတ်ရောဂါသည် ယခုအခါ ကမ္ဘာတစ်ဝန်းတွင် သတိပြုသင့်သော ကျန်းမာရေးဝန်ထုပ်ဝန်ပိုး ဖြစ်လာသည့်အတွက် ပြည်သူတစ်ရပ်လုံးမှ သတိပြုဆင်ခြင်ကြရန်နှင့် ကြိုတင်ကာကွယ်ခြင်းဖြင့် လေဖြတ်ရောဂါမှ ကင်းဝေးအောင်နေထိုင်ကြရန် တိုက်တွန်းပြောကြားသွားခဲ့သည်။

မြန်မာနိုင်ငံ ဦးနှောက်နှင့် အာရုံကြောရောဂါပညာအဖွဲ့ ဥက္ကဋ္ဌပါမောက္ခ ဒေါက်တာဝင်းမင်းသစ်က ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားရာတွင် ကမ္ဘာပေါ်တွင် လူလေးဦးလျှင် တစ်ဦးသည် ဘဝ၏ တစ်ချိန်ချိန်၌ လေဖြတ်ရောဂါ ခံစားရနိုင်ကြောင်း၊ လေဖြတ်ရောဂါ ခံစားရပါကလူနာတွင်သာမက မိသားစု အသိုင်းအဝိုင်းနှင့် နိုင်ငံတော်အတွက်ပါ များစွာနစ်နာမှုများရှိကြောင်း၊ ယင်းသို့ နာတာရှည် မသန်စွမ်းဖြစ်နိုင်သော လေဖြတ်ရောဂါကို သတိပြုဆင်ခြင်နိုင်စေရန် ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးအဖွဲ့မှ နှစ်စဉ် အောက်တိုဘာလ ၂၉ ရက်နေ့ကို ကမ္ဘာ့လေဖြတ်ရောဂါ ကာကွယ်ရေးနေ့အဖြစ် သတ်မှတ်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးတွင် အခမ်းအနားများ၊ လူထုလှုပ်ရှားမှုများ ပြုလုပ်ကျင်းပလေ့ရှိရာ မြန်မာနိုင်ငံတွင်လည်း (၁၀) ကြိမ်မြောက်အဖြစ် ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ ၂၀၁၉ ခုနှစ် ကမ္ဘာ့လေဖြတ်ရောဂါ ကာကွယ်ရေးနေ့ ဆောင်ပုဒ်ဖြစ်သော (Don't be the ONE) "လေဖြတ်သူတစ်ယောက်မဖြစ်စေဖို့ တို့တစ်တွေအားလုံးကြိုးစားစို့"ဟုလည်း တိုက်တွန်းပြောကြားသွားခဲ့ကြောင်း သိရသည်။

ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးနေ့အထိမ်းအမှတ် လူထုပညာပေးဟောပြောပွဲကိုလည်း ဆက်လက်ကျင်းပခဲ့ပြီး ဦးနှောက်နှင့်အာရုံကြောရောဂါအဖွဲ့ ပါမောက္ခဆရာဝန်များမှ လေဖြတ်ရောဂါအကြောင်း သိကောင်းစရာ၊ လေဖြတ်ရောဂါ ကာကွယ်ကုသခြင်း၊ ဦးနှောက်သွေးကြောပေါက်ခြင်းကြောင့် လေဖြတ်ခြင်းဆိုင်ရာကုထုံးများ စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးပြောကြားပေးခဲ့ကြောင်း သိရသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာသူများအား လေဖြတ်စေနိုင်သော အခြေခံအကြောင်းရင်းများဖြစ်သည့် သွေးတိုးရောဂါ၊ ဆီးချို/သွေးချို ရောဂါ ရှိ/မရှိ စစ်ဆေးပေးခြင်း၊ ကိုယ်ခန္ဓာအလေးချိန် တိုင်းတာစစ်ဆေးပေးခြင်း၊ သွေးတွင်း အဆီဓာတ် စစ်ဆေးပေးခြင်းများ အခမဲ့ပြုလုပ်ပေးသည်။

အဆိုပါ အခမ်းအနားကို မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ ဦးနှောက်နှင့် အာရုံကြောရောဂါအဖွဲ့မှ ဦးဆောင်ကျင်းပပြီး နှစ်စဉ် မြန်မာနိုင်ငံရှိ မြို့အသီးသီးတွင် အလှည့်ကျ ကျင်းပလေ့ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်သူများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) ပေးအပ်

**လွယ်ဂျယ် အောက်တိုဘာ ၂၆**
ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၃ ရက်က တောင်သူများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခွန်ဝင်းသောင်းက အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းနှင့် ဦးထွန်းစိန်၊ လွယ်ဂျယ်မြို့ အုပ်ချုပ်ရေးမှူး ဦးယဉ်မင်းထွန်းနှင့် တာဝန်ရှိသူများက လယ်ယာမြေလုပ်ပိုင် ခွင့်ပြု(ပုံစံ-၇) ကို ပေးအပ်ကြရာ တောင်သူများက လက်ခံရယူခဲ့ကြသည်။

အဆိုပါ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ကို လွယ်ဂျယ်မြို့ ဝင်းခမ်းကျေးရွာအုပ်စုအတွင်းရှိ တောင်သူ ၂၂ ဦးအား ပေးအပ်နိုင်ခဲ့ပြီး ယခုလို ရရှိခြင်းအတွက် တောင်သူတစ်ဦးမှ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းနိုင် (ပြန်/ဆက်)**

# အကျဉ်းထောင်စာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၂၆**
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် မြန်မာရေးရာအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် အကျဉ်းထောင် စာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို အောက်တိုဘာ ၂၈ ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ရွှေဥဒေါင်းခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**




# အမြို့မြို့အနယ်နယ်၌ ပိုလီယိုကာကွယ်ဆေးနှင့် ဝက်သက် - ဂျိုက်သိုးကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးထိုးနှံခြင်း ဆောင်ရွက်

**မင်းတပ်**
ပိုလီယိုကာကွယ်ဆေးနှင့် ဝက်သက် - ဂျိုက်သိုးကာကွယ်ဆေးအပိုဆောင်း တိုက်ကျွေးထိုးနှံခြင်းကို မင်းတပ်မြို့ မြို့ပေါ်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးတို့၌ စုရပ်ပြုလုပ်ကာ အောက်တိုဘာ ၂၅ ရက်မှ ၂၉ ရက်အထိ နေ့စဉ် ညနေ ၄ နာရီအထိ တိုက်ကျွေးသွားမည်ဖြစ်သည်။

ပိုလီယိုကာကွယ်ဆေးနှင့် ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေးအပိုဆောင်း တိုက်ကျွေးထိုးနှံခြင်းမှာ ယခုအကြိမ်သည် ဒုတိယအကြိမ်ဖြစ်ကြောင်း၊ ပထမအကြိမ်ကို ဩဂုတ်လတွင် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခဲ့ကြောင်း၊ ကလေးများပိုလီယိုရောဂါကင်းစင်ပြီး ကျန်းမာသန်စွမ်း၍ ဉာဏ်ရည်ထက်မြက်သော ကလေးများဖြစ်လာစေရန် ရည်ရွယ်၍ တိုက်ကျွေးခြင်းဖြစ်ကြောင်း သိရသည်။

**ခွီရှိန်း (ပြန်/ဆက်)**

**လှိုင်းဘွဲ့**
ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ပိုလီယိုကာကွယ်ဆေးကိုမွေးစမှ အသက်ငါးနှစ်အောက်ကလေးငယ်များနှင့် ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေးကို အသက်ကိုးလမှ ငါးနှစ်ခွဲအောက်ကလေးငယ်များအား တိုက်ကျွေးထိုးနှံခြင်းကို အောက်တိုဘာ ၂၅ ရက်ကစတင်၍ တိုက်ကျွေးထိုးနှံလျက်ရှိသည်။

ပိုလီယိုကာကွယ်ဆေးနှင့် ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းစတင်ခြင်း အခမ်းအနားကို မြို့နယ်ပြည်သူ့ဆေးရုံ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးခင်ချို၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာဝင်းဇော်ဦးနှင့် တာဝန်ရှိသူတို့ကဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။ အောက်တိုဘာ ၂၅ ရက်မှ ၂၉ ရက်အထိ ပိုလီယိုကာကွယ်ဆေးနှင့် ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေးများကိုထိုးနှံပေးသွားမည်ဖြစ်ပြီး မြို့ပေါ်ရပ်ကွက်များသာမက ကျေးရွာများသို့ ကွင်းဆင်း၍ ကလေးငယ်များအားလုံး ရာနှုန်းပြည့်ထိုးနှံနိုင်ရေးအတွက် လိုက်လံဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း သိရသည်။

**ခင်စန်းမြင့် (ပြန်/ဆက်)**

**ဘိုကလေး**
ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ ရပ်ကွက်/ကျေးရွာအုပ်စုအားလုံးရှိမွေးစမှ ငါးနှစ်အောက်ကလေးများအား ပိုလီယိုကာကွယ်ဆေးနှင့် ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေးအပိုဆောင်း တိုက်ကျွေးခြင်းနှင့် ထိုးနှံခြင်းလုပ်ငန်းကို အောက်တိုဘာ ၂၅ ရက်က ကျင်းပသည်။ အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိုင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်ဇင်ဦးတို့က အမှာစကားပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာသူများက ပိုလီယိုကာကွယ်ဆေးနှင့် ဝက်သက် - ဂျိုက်သိုးကာကွယ်ဆေးအပိုဆောင်း တိုက်ကျွေး/ ထိုးနှံခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မိုးစက် (ဘိုကလေး)**

**မိုင်းယု**
အသက်ငါးနှစ်အောက် ကလေးငယ်များသေဆုံးမှုလျှော့ချနိုင်ရေးနှင့် ၂၀၂၃ ခုနှစ်တွင် ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါ ပပျောက်စေရန် ရည်ရွယ်ချက်ဖြင့် ဒုတိယအကြိမ် ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေးအပိုဆောင်းတိုက်ကျွေးခြင်း/ထိုးနှံခြင်းကို အောက်တိုဘာ ၂၅ ရက်က ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တာချီလိတ်ခရိုင် မိုင်းယုမြို့ကျန်းမာရေးဦးစီးဌာနပြည်သူ့ဆေးရုံ၌ စတင်တိုက်ကျွေး/ထိုးနှံပေးလျက်ရှိသည်။

ဒုတိယအကြိမ် ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေးအပိုဆောင်းတိုက်ကျွေးခြင်း/ထိုးနှံခြင်းကို ယနေ့ပထမရက်တွင် မြို့မရပ်ကွက်အုပ်စုနှင့် ဝမ်တာကြန့်ကျေးရွာအုပ်စုအတွင်းရှိ ကလေးငယ်များကို ဆောင်ရွက်ပေးလျက်ရှိရာ ယင်းကာကွယ်ဆေးတိုက်ကျွေး/ထိုးနှံရာသို့ မြို့ခေတ္တအုပ်ချုပ်ရေးမှူး ဦးဟိန်းဇော်ဦးနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များက လိုအပ်သည်များဝိုင်းဝန်း ကူညီဆောင်ရွက်ပေးခဲ့ကြသည်။ ကာကွယ်ဆေးတိုက်/ထိုးနှံမှုကို ကျန်သတ်မှတ်ရက်များအတွင်း ကျန်ရှိသည့် ဒွန်းနွဲ့ကျေးရွာအုပ်စုနှင့် မိုင်းလွေကျေးရွာအုပ်စုများရှိ အသက်ငါးနှစ်အောက်ကလေးငယ်များအား ဆက်လက်တိုက်ကျွေး/ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုနိုင် (ပြန်/ဆက်)**

**ကျောက်ကြီး**
ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ဆားတန်းရပ်ကွက် အေးငြိမ်းချမ်းသာဓမ္မာရုံ၌ အောက်တိုဘာ ၂၅ ရက်က ဝက်သက် - ဂျိုက်သိုး ကာကွယ်ဆေးနှင့် ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးထိုးနှံခြင်းလုပ်ငန်း ကျင်းပသည်။

ထို့နောက် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းမှ National Consultant ဒေါက်တာ ဦးသန်းထိန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆားတန်းရပ်ကွက်ရှိ အသက်ကိုးလမှ ငါးနှစ်ခွဲအတွင်းရှိ ကလေးများအား ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေးနှင့် ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးထိုးနှံခြင်းလုပ်ငန်းကို စတင်လုပ်ဆောင်ခဲ့သည်။

**ကိုသားကြီး (ကျောက်ကြီး)**

## ပြန်ကြားရေးဝန်ကြီးဌာန
## မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်
## စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါစက်ပစ္စည်းကို မြန်မာကျပ်ငွေနှင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

(က) SD မှ HD စနစ်သို့ အဆင့်မြှင့်တင်ခြင်းအတွက် လုပ်ငန်းသုံးပစ္စည်း များ ထပ်မံဖြည့်ဆည်း ဝယ်ယူခြင်း (News Studio II) (1 Lot)

(ခ) SD မှ HD စနစ်သို့ အဆင့်မြှင့်တင်ခြင်းအတွက် လုပ်ငန်းသုံးပစ္စည်းများထပ်မံဖြည့်ဆည်း ဝယ်ယူခြင်း HD Playout System (P2,P3,P4) (1 Lot)

(ဂ) Convergence News Room အဆင့်မြှင့်တင်ခြင်း လုပ်ငန်းအတွက် နှစ်စဉ်ထိန်းသိမ်းခြင်းလုပ်ငန်း (1 Lot)

(ဃ) MRTV Radio Playout Automation System Upgrade& Maintenance လုပ်ငန်း (1 Lot)

(င) Video Camera & Accessories (1 Lot)

(စ) တေးဂီတလုပ်ငန်းသုံးပစ္စည်းများ (2 Nos)

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၈-၁၀-၂၀၁၉ရက်မှ ၂၇-၁၁-၂၀၁၉ရက်ထိ နေ့စဉ် နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၈-၁၁-၂၀၁၉ရက် နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း) ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ချိန်ကာလထက်ကျော်လွန်ပေးပို့လာသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များနှင့် စက်ပစ္စည်းစာရင်းအသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**စက်ပစ္စည်းများဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်**
**ပြန်ကြားရေးဝန်ကြီးဌာန**
ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁

## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၁၉-၂၀၂၀ပညာသင်နှစ်အတွက်
## ဒီပလိုမာညနေပိုင်း(ပထမနှစ်)
## ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်) တွင် ၂၀၁၉-၂၀၂၀၊ ပညာသင်နှစ်အတွက် A.G.T.I ဒီပလိုမာ ညနေပိုင်း၊ ပထမနှစ်သင်တန်းသားများ ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) နည်းပညာနှင့်သက်မွေးပညာလုပ်ငန်းသဘာဝအရ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး လက်တွေ့လုပ်ငန်းနှင့် စက်ရုံ/ကုမ္ပဏီများသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲတွင် သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ ဘာသာတွဲများ ပါဝင်သော မည်သည့်ဘာသာတွဲများဖြင့် အောင်မြင်သည်ဖြစ်စေ လျှောက်ထားနိုင်သည်။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင် ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့်သင်္ချာ စုစုပေါင်းရမှတ်အပေါ်မူတည်၍ ရွေးချယ်မည်ဖြစ်သည်။

(ဃ) အစိုးရနည်းပညာအထက်တန်းကျောင်း အောင်မြင်ပြီးသူများလည်း လျှောက်ထားနိုင်သည်။

